ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (14-5-2014) (၇၇၄၀)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မအူပင်	၂ ဒသမ ၂၄ လက်မ
ကျိုက္ကမီ	၁ ဒသမ ၈၁ လက်မ
ချောင်းဆုံ	၁ ဒသမ ၅၇ လက်မ
ကျောက်ဖြူ	၁ ဒသမ ၅၀ လက်မ
မာန်အောင်	၁ ဒသမ ၄၆ လက်မ

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာလုပ်ဆောင်မှုများ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း လှည့်လည်ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ကြိမ်ချောင်းကြီးကျေးရွာရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီးတွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေး စီမံခန့်ခွဲရေးဆိုင်ရာ ပြင်ဆင်လုပ်ဆောင်ထားမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ခန်းများကို လုပ်ဆောင်ထားခြင်းအားဖြင့် တကယ့်အရေးကြုံလာသည့်အခါ ဘေးအန္တရာယ်အနည်းဆုံးဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မှာဖြစ်။

ရှေးဦးစွာ ပြင်စလူမြို့နယ်ခွဲ ကုမုဒြာရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိက မုန်တိုင်းဒဏ်ကာကွယ်ရေးနှင့် တုံ့ပြန်ရင်ဆိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု၊ ဇာတ်တိုက်လေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်ခွဲဆေးရုံအဖြစ် ဖွင့်လှစ်ထားသော မုန်တိုင်းဒဏ်ခံအဆောက်အအုံသို့ ရောက်ရှိကြပြီး ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ခန်း၊ အမျိုးသမီးလူနာဆောင်၊ ဓာတ်မှန်ခန်း၊ စမ်းသပ်ကုသခန်း၊ သွားဘက်ဆိုင်ရာဆေးခန်းများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဟန့်တားစေနိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်များ ထပ်မံမဖြစ်ပွားရေး ဦးစားပေးဆွေးနွေးခဲ့

မြစ်ကြီးနား မေ ၁၃

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ပူးတွဲထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်
KIO ကိုယ်စားလှယ်အဖွဲ့တို့၏ ပူးတွဲထုတ်ပြန်ချက်

၂၀၁၄ ခုနှစ်၊ မေလ (၁၃) ရက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သောအဖွဲ့နှင့် ဆရာကြီး ဦးဆွမ်လွတ်ဂမ် ဦးဆောင်သော KIO ကိုယ်စားလှယ်အဖွဲ့တို့သည် မြစ်ကြီးနားမြို့ မဂ္ဂါယ်ခန်းမတွင် ၂၀၁၄ ခုနှစ် မေ ၁၃ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ တွေ့ဆုံဆွေးနွေးကြပါသည်။ ထိုဆွေးနွေးပွဲသို့ လေ့လာသူ (Observer)များအဖြစ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးရုံးမှ Ms. Mariann Hagen၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အာရှရေးရာအထူးသံတမန်အဖွဲ့မှ Mr. Wang Yingfan၊ NCCT၊ UNFC နှင့် အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃၉ ဦးနှင့် PCG အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

၂။ ဆွေးနွေးပွဲတွင် ၂၀၁၃ ခုနှစ် မေလနှင့် အောက်တိုဘာလ တွေ့ဆုံဆွေးနွေးမှုနောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ကိစ္စရပ်များကို နှစ်ဦးနှစ်ဖက်မှ ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။ နှစ်ဖက်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဟန့်တားစေနိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်များ ထပ်မံမဖြစ်ပွားရေးကို ဦးစားပေးဆွေးနွေးခဲ့ကြပါသည်။

၃။ ဆွေးနွေးပွဲတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ သဘောတူညီချက်ပါ "ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးယန္တရား"ကို ပထမအဆင့် အကောင်အထည်ဖော်သောအားဖြင့် **"ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့"**ကို ဖွဲ့စည်းရန် သဘောတူကြပါသည်။

၄။ နှစ်ဦးနှစ်ဖက် နားလည်မှုများကို ပျက်ပြားစေသော မီဒီယာများ၏ လွဲမှားစွာ ရေးသားဖော်ပြနေမှုများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

၅။ နောက်တစ်ကြိမ်အစည်းအဝေးကျင်းပရန်အတွက် နှစ်ဖက်ကိုယ်စားလှယ်များမှ ညှိနှိုင်းဆောင်ရွက်ကြရန် သဘောတူကြပါသည်။

ကြေးမုံစာတည်းရှုထောင့် ၁၄-၅-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

စီးပွားရေးအသိုက်အဝန်း

အာဆီယံဒေသတွင်းရှိနိုင်ငံများအနေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့အကောင်အထည်ဖော်နိုင်ရန်အတွက် ပြီးခဲ့သည့်ရက်က မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း အချိန်မီပေါ်ပေါက်လာရေး၊ အာဆီယံအင်စတီကျူးရှင်းများမြှင့်တင်ရေးနှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မဟာဗျူဟာရည်မှန်းချက်တစ်ရပ် ပေါ်ပေါက်လာရေးတို့အတွက် အာဆီယံနိုင်ငံခေါင်းဆောင်များ အလေးထားဆွေးနွေးခဲ့ကြသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း စတင်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာ၌ စီးပွားရေးနှင့်နိုင်ငံရေးသည် ဆက်စပ်လျက်ရှိသောကြောင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအပေါ်မူတည်၍ ဒီဇင်ဘာလ ၃၁ ရက်တွင် စတင်ရန် သတ်မှတ်ထားသော်လည်း အဆိုပါရက်ကျော်လွန်ပါကလည်း ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဟု သိရသည်။

ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ အနည်းနှင့်အများရှိနေသော်လည်း အာဆီယံစီးပွားရေးအနေအထားသည် ခိုင်မာတောင့်တင်းလျက်ရှိကြောင်း အာဆီယံနိုင်ငံအားလုံးက အသိအမှတ်ပြုလက်ခံထားပြီးဖြစ်သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းထဲ၌ သိသာထင်ရှားသော လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်နိုင်ရန် နိုးနိုးကြားကြားလုပ်ဆောင်ကြမည်ဟု အာဆီယံနိုင်ငံများက သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။

အာဆီယံနိုင်ငံများ စီးပွားရေးပေါင်းစပ်မှု တိုးတက်လာစေရန်နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ သို့ ဦးတည်ရာတွင် အခက်အခဲများစွာရှိမည်ဖြစ်၍ အာဆီယံက နဦးဆောင်ရွက်ချက်များအပေါ် အထောက်အကူပြုစေရန်အတွက် အာဆီယံစီးပွားရေးအကြံပေးကောင်စီက စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်လျက်ရှိရာ အနာဂတ်စီးပွားရေးအတွက် အနေအထားကောင်းများပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံရန်အလွန်ကောင်းသဖြင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများ စိတ်ဝင်စားလျက်ရှိကြရာတွင် အာဆီယံဒေသတွင်းမှ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများ တစ်နေ့တခြား များပြားနေသည်ဟု သိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏စီးပွားရေးအသိုက်အဝန်းကို စနစ်တကျနှင့် အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်သွားပါက ပိုမိုကောင်းမွန်သော အနေအထားသို့ ရောက်ရှိလာမည်ဖြစ်သည်။

အာဆီယံလွတ်လပ်စွာကုန်သွယ်ခွင့် ပေါ်ပေါက်လာသောအခါ မြန်မာနိုင်ငံ၏စီးပွားရေးနှင့်ပတ်သက်၍ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ပြဋ္ဌာန်းထားပြီးဖြစ်ရာ အာဆီယံနိုင်ငံများအချင်းချင်း လွတ်လပ်စွာကုန်စည်ကူးသန်း ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်သည်။ ကုန်စည်များ လွတ်လပ်စွာစီးဆင်းမှုနှင့်အတူ ကျွမ်းကျင်သူများလည်း လွတ်လပ်စွာစီးဝင်နေမည်ဖြစ်သည်။

စီးဝင်မှုများတွင် မြန်မာနိုင်ငံသို့ ကျွမ်းကျင်သူများ စီးဝင်လာမည်ဖြစ်သလို မြန်မာနိုင်ငံမှလည်း ကျွမ်းကျင်သူများ စီးထွက်သွားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ လက်ရှိအနေအထားတွင် မြန်မာနိုင်ငံ၌ လူသားအရင်းအမြစ်ရပ်တည်နိုင်မှု အသင့်အနေအထားမရှိသေးသဖြင့် ယှဉ်ပြိုင်မှုနှင့် စီးထွက်မှုများကို ထိန်းကျောင်းထားရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျွမ်းကျင်သူများကိုလည်း မွေးထုတ်နိုင်မည်ဖြစ်သည်။ ကျွမ်းကျင်သူများထုထောင်ရာတွင် လုပ်ခလစာသည် အရေးကြီးသောအချက်ဖြစ်၍ အာဆီယံနိုင်ငံများနည်းတူ ကျွမ်းကျင်လုပ်သားလုပ်ခလစာများရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ခိုင်မာအားကောင်းသော စီးပွားရေးအသိုက်အဝန်းတစ်ရပ် ဖြစ်ထွန်းလာမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

နေပြည်တော် မေ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စု ကျေးရွာအုပ်စုတွင်းရှိ ကျေးစာဥကျေးရွာ၊ မန်ကျည်းကုန်းကျေးရွာ၊ ဝွေးတောက်ရိုးကျေးရွာ၊ ပိတောက်ကုန်းကျေးရွာ၊ ကူဆည်စုကျေးရွာ၊ သာယာစုကျေးရွာများမှ တောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်တို့က သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့် စက်မှုလယ်ယာကူးပြောင်းရေးဆိုင်ရာများအား တောင်သူများ လက်တွေ့လိုက်နာဆောင်ရွက်ကြပြီး ဝင်ငွေနှစ်ဆတိုးတက်စေရေးကို ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံရေသောက်မြစ်ဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတာဝန်ကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့အလိုက် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အကောင်အထည်ဖော်လျက်ရှိကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ တောင်သူပညာပေးစိုက်ကွင်းကြီးများကို ဧက ရာဂဏန်း၊ ထောင်ဂဏန်း၊ သောင်းဂဏန်းထိ မိုးစပါး၊ နွေစပါးစိုက်ကွင်းများထူထောင်၍ စိုက်ပျိုးဆောင်ရွက်နေသည့်နည်းတူ တောင်သူများအတွက် မျိုးကောင်း မျိုးသန့်များ လက်လှမ်းမီ ဖြန့်ဖြူးအသုံးပြုနိုင်ရေး မျိုးစေ့ထုတ်စိုက်ကွင်းများ ထူထောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တောင်သူများကိုယ်တိုင် နိုးကြားတက်ကြွစွာဖြင့် ပါဝင်ဆောင်ရွက်နေကြသည့်အပေါ်တွင် ကျေးဇူးတင်ရှိကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကူနှစ်လုံးဆည်စု ကျေးရွာအုပ်စုတွင်းရှိ ကျေးစာဥကျေးရွာ၊ မန်ကျည်းကုန်းကျေးရွာ၊ ဝွေးတောက်ရိုးကျေးရွာ၊ ပိတောက်ကုန်းကျေးရွာ၊ ကူဆည်စုကျေးရွာ၊ သာယာစုကျေးရွာများအား စကိုင်းနက်ဂြိုဟ်တုရုပ်သံဖမ်းစက်များကို တစ်ရွာလျှင်တစ်လုံးစီဖြင့် ခြောက်လုံးနှင့် ကျေးရွာအုပ်စုတွင်းရှိ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် သုံးလုံး စုစုပေါင်း ကိုးလုံးအား ဆရာတော်၊ သံဃာတော်များနှင့် ကျေးရွာလူကြီးများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန်ကျည်းကုန်းကျေးရွာနှင့် ကူနှစ်လုံးဆည်စု၊ ဝွေးတောက်ရိုးနှင့် ပိတောက်ကုန်းကျေးရွာများ၏ စက်ရေတွင်း၊ ရေလှောင်ကန်များ၊ သောက်သုံးရေကန်များအား တစ်ကန်ချင်း ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီးရှိ ဧက ၃၀၀၀ တစ်ဆက်တစ်စပ်တည်း နွေစပါးစိုက်ကွင်းအတွင်း စိုက်ပျိုးရေးပညာရှင်များ၊ ကောက်စိုက်လုံမေများအား ဂုဏ်ပြုအားပေးစကားပြောကြားပြီးစားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဧက ၃၀၀၀ စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှု၍ ဖြစ်ထွန်းအောင်မြင်နေသော စပါးခင်းများကို နေပြည်တော်ကောင်စီနယ်မြေအတွက် သာမက တစ်နိုင်ငံလုံး ပျံ့နှံ့ရောက်ရှိအောင် နိုးကြားစွာဖြင့် အရှိန်အဟုန်မြှင့်တင် ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် တောင်သူပညာပေးစိုက်ကွင်းအတွင်းရှိ ဂျပန်မူရင်းမျိုး ကန်စွန်းဥစိုက်ခင်းများ၊ အိန္ဒိယမူရင်းမျိုး ဗာရာဏသီကန်စွန်းမျိုးစိုက်ပျိုးနေမှုများနှင့် ယိုးဒယားပိန်နှဲမျိုးနှင့် ကန်စွန်းရောနှောစိုက်ခင်းများ၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၁၃

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီး Y.B.DATO' SERI DR.AHMAD ZAHID HAMIDI နှင့် အဖွဲ့သည် အဆိုပါဝန်ကြီးရုံးသို့ မေ ၁၂ ရက် ညနေ ၅ နာရီတွင် လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလ ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

☆ ဧရာဝတီတိုင်းဒေသကြီးမှ

ထို့နောက် ဒုတိယသမ္မတသည် မုန်တိုင်းဇာတ်တိုက်လေ့ကျင့်မှု အစီအစဉ်ကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူလူထုနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ယခု ဇာတ်တိုက်လေ့ကျင့်ခန်းများကို လုပ်ဆောင်ထားခြင်းအားဖြင့် တကယ့်အရေးကြုံလာသည့်အခါ ဘေးအန္တရာယ် အနည်းဆုံးဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေး အသိပညာပေး စာစောင်များတွင် ရှင်းလင်းဖော်ပြထားချက်များအတိုင်း လိုက်နာသွားကြရန် လိုပါကြောင်းဖြင့် မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဒေသခံပြည်သူများအတွက် အသက်ကယ်အင်္ကျီ၊ အရေးပေါ်သုံး ဆိုလာမီးအိမ်နှင့် ပြက္ခဒိန်များ ပေးအပ်သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောလွင်တို့က သဘာဝဘေးဒဏ်ရင်ဆိုင်ရာတွင် လိုအပ်သည့် လုပ်ဆောင်ချက်များ၊ ကျန်းမာရေး စောင့်ရှောက်ရေး ဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ပြင်စလူ အထက်တန်းစာသင်ကျောင်းအဖြစ် ဖွင့်လှစ်ထားသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံသို့ ရောက်ရှိကြရာ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာ ဆရာမများက ဒေသတွင်း လိုအပ်ချက်ဖြစ်သည့် ကျောင်းဆောင် ပြုပြင်ပေးနိုင်ရေး၊ သောက်သုံးရေ အခက်အခဲများ၊ သဘာဝဘေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဘိုကလေးမြို့နယ်၊ ကြိမ်ချောင်းကြီးကျေးရွာသို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းစဉ်အဆင့်လိုက် လိုက်နာဆောင်ရွက်ရန် အချက်များကိုရှင်းလင်းပြောကြားပြီး ကြိမ်ချောင်းကြီးကျေးရွာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကဒုံကနီ သစ်တောကြိုးဝိုင်းအတွင်း ကွင်းအမှတ်(၄၆)ရှိ ဒီရေတော စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး အတွင်း ဘိုကလေးမြို့နယ်၊ ဖျာပုံမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့မှ ကြိုးဝိုင်းဒီရေတော ဧရိယာများတွင် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ ကွင်းဆင်းစာရင်းကောက်ယူခြင်းအား ဆောင်ရွက်ခဲ့ကြောင်း၊ ဒီရေတောများ ပြန်လည်ထူထောင် ထိန်းသိမ်းခြင်းလုပ်ငန်းများ အကောင်အထည် ဖော်နိုင်ရန်အတွက် ဒီရေတောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများဖွဲ့စည်းခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ (PAS) တည်ထောင်ခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခြင်း၊ ပြန်လည်စိုက်ပျိုးပြုစုခြင်းတို့ကို နိုင်ငံတော်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

နာဂစ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အပါအဝင်ဖြစ်သော ကဒုံ-ဘိုကလေး တစ်ဖက်ကမ်းမြေသားလမ်းသည် လမ်းအရှည် ၄၂ မိုင် ရှည်လျားပြီး ၂၀၀၉-၂၀၁၀ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ကာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ မုန်တိုင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေလွှမ်းမိုးမှု အန္တရာယ်မှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာတွင် ဘိုကလေးမြို့နယ်သို့တိုင် သွားရောက်ရှောင်တိမ်းနိုင်ကြောင်းနှင့် ယင်းလမ်းပေါ်တွင် မြစ်ကူး၊ ချောင်းကူးတံတားများလည်း ပါဝင်တည်ဆောက်ပေးထားပြီး ယခင်က ဒေသခံများအနေဖြင့် တစ်နေရာမှ တစ်နေရာ ကူးလူးသွားလာရာတွင် ရေကြောင်းခရီးကိုသာ အားထားခဲ့ကြရာမှ ယခုအခါ မော်တော်ယာဉ်များဖြင့်ပါ ကူးလူးသွားလာ ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း၊ ဒေသတွင်းနေထိုင်ကြသော ဒေသခံပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေလိုအပ်ချက် ပြည့်မီစေရန် မိုးရေစုကန်များ၊ အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကိုမှာကြားပြီး ဒီရေတောစိုက်ခင်းဧရိယာမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဒီရေတောစိုက်ခင်းအတွက် ကနစိုပင်ကို အမှတ်တရ စိုက်ပျိုးပေးပြီး ဒီရေတော ကြိုးဝိုင်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဖျာပုံမြို့နယ် ခမင်းဆိပ်သို့ ရောက်ရှိပြီး ခမင်းဆိပ်မုန်တိုင်းဒဏ်ခံ အဆောက်အအုံအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လိုက်လံရှင်းလင်းပြသသည်။

ဒုတိယသမ္မတက ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ဘဘာဝဘေးဒဏ်များနှင့် ရင်ဆိုင်ကြုံတွေ့ရာတွင် အသင့်ဖြစ်စေရေး လိုအပ်ချက်များနှင့် လိုက်နာရန်အချက်များကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို ဒေသခံပြည်သူများထံ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ကဆုန်လပြည့် ဗုဒ္ဓနေ့၌ နိုင်ငံတစ်ဝန်းလုံးရှိ ဘုရား၊ ပုထိုး၊ စေတီတော်တို့တွင် ကုသိုလ်ပုညပြုကြသူများဖြင့် စည်ကား

နေပြည်တော် မေ ၁၃

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ ဂေါတမမြတ်စွာဘုရား၏ ဗျာဒိတ်တော်ခံယူသည့်နေ့၊ ဖွားမြင်တော်မူသည့်နေ့၊ သစ္စာလေးပါးအကုန်အစင် သိမြင်တော်မူသည့်နေ့၊ ဘုရားဖြစ်တော်မူသည့်နေ့နှင့် ပရိနိဗ္ဗာန်စံတော်မူသည့်နေ့ဟူသည့် ဗုဒ္ဓဝင်ပါ နေ့ထူးနေ့မြတ်ဖြစ်သည်။

ကဆုန်လပြည့်နေ့၌ ဗုဒ္ဓဘာသာဝင်များအနေဖြင့် စေတီလေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သော ပရိဘောဂစေတီဖြစ်သည့် မဟာဗောဓိညောင်ပင်ကို မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဘုရားရှင်ကိုယ်စား ရေစင်သွန်းလောင်းပူဇော်ခြင်း၊ ညောင်ပင်ကိုင်းထောက်ခြင်းတို့ကို ရှေးထုံးစဉ်လာမပြတ် ဘာသာဓလေ့ ထုံးတမ်းအစဉ်အလာအတိုင်း ဆောင်ရွက်ကြသည်မှာ ယနေ့ ထိတိုင်ပင်ဖြစ်သည်။

ထိုသို့ ဘုရားရှင်အားရည်မှန်း၍ ပူဇော်သမှုပြုခြင်းဖြင့် တစ်နှစ်တာ ပတ်လုံးငြိမ်းချမ်းခြင်း၊ အေးချမ်းခြင်း၊ ကြွယ်ဝခြင်းဆိုသည့် ကုသိုလ်ကောင်းမှု ရရှိကြသည်ဟု ယုံကြည်မှုဖြင့် နှစ်စဉ်မပြတ် အသင်းအဖွဲ့အလိုက်၊ ရပ်ကွက်အလိုက်၊ မိသားစုအလိုက် ပျော်ရွှင်စွာ ဆင်နွှဲကြသည်ကိုလည်း တွေ့မြင်ရပေသည်။

ကဆုန်လပြည့်နေ့သည် နှစ်စဉ်မပျက် ကျိုက်ပွန်ဘုရားပွဲတော်ကျင်းပသည့် နေ့ထူးနေ့မြတ်ဖြစ်ရာ ပဲခူးမြို့နယ်တစ်ဝိုက် ကျေးလက်ဒေသရှိ ထေရဝါဒဗုဒ္ဓဘာသာဝင် အများပြည်သူတို့ နွားလှည်း၊ မြင်းလှည်း၊ စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်ကား၊ သုံးဘီးဆိုင်ကယ် စသဖြင့် ယာဉ်ကြီးယာဉ်ငယ်တို့ဖြင့် ပွဲတော်သို့ လာရောက်ကြသည်မှာ ကြက်ပျံမကျစည်ကားမှုကို တွေ့ရစဉ်။
စံလင်း(ပဲခူး)

မေ ၁၃ ရက် (ကဆုန်လပြည့်နေ့) မွန်းလွဲပိုင်းက နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများအား မျှဝေသောလက်များ-ပျဉ်းမနားမှ ဒုတိယအကြိမ်မြောက် စတုဒိသာ အအေးများ အလှူဒါနပြုလုပ်နေသည်ကို တွေ့ရစဉ်။
ဇင်ဘို(ကြေးမုံ)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်များအား ဆဌမအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင်များနှင့် ကဆုန်ညောင်ရေသွန်းလောင်းကြသူများက ရှေးထုံးစဉ်လာအတိုင်း ဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့အတူ ဥပ္ပါတသန္တိစေတီတော်၌ ယနေ့ နံနက်ပိုင်းမှ စတင်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများ၊ ကုသိုလ်ပုညပြုကြသူများနှင့် တရားဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတုစယ (ဓာတ်ပေါင်းစု)စေတီ၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီ၊ ကိုးနဝင်းစေတီ၊ ရန်အောင်မြင်ရွှေရွက်လှစေတီ စသည့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များ၌ တရားဘာဝနာပွားများအားထုတ်ကြသူများ၊ ကုသိုလ်ပုညပြုကြသူများနှင့် ကဆုန်ညောင်ရေသွန်းလောင်းကြသူများဖြင့် နေပြည်တော် တစ်ခွင်လုံးတွင် ဒါန၊ သီလ ပွားများအားထုတ်သံများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု ငါးစုမှ ဝတ်အသင်းများ၊ ယောဂီများနှင့် ရွာသူရွာသား အင်အား ၃၅၀ ကျော်ပါဝင်၍ လောကရတနာစကြာမာန်အောင် စေတီတော်ရှိ မဟာဗောဓိညောင်ပင်သို့ ပျော်ရွှင်စွာ ညောင်ရေသွန်းသွားကြစဉ်။
(ကိုကိုနေ)

ကံ့ကော်မြေ
၇-၈-၉-၁၀ တန်း

မြန်မာစာ - Dr. MMO
အင်္ဂလိပ်စာ - ဦးခင်မောင်သိန်း
သင်္ချာ - ဦးထက်အောင်
ဓာတုဗေဒ - ကထိက ဦးခင်မောင်လတ်
ရူပဗေဒ - Dr MMT၊ Dr HTD၊ ဦးဇော်မျိုးနိုင်
ဇီဝဗေဒ - Dr USA ၊ ဘဘ Bio
အမှတ်(၃၈)၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
Ph : 09 73209322, 09 5195645, 01 539594

ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၏ တပ်မှူးအဖြစ် အမျိုးသမီးတစ်ဦးအား ပထမဆုံးအကြိမ် ခန့်အပ်

ကုလသမဂ္ဂ မေ ၁၃

နော်ဝေနိုင်ငံသူ ဗိုလ်ချုပ်ခရစ္စတင်းလူအန်သည် ဆိုက်ပရပ်နိုင်ငံရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များအားဦးဆောင်ရန် ခန့်အပ်တာဝန်ပေးခံရကြောင်း၊ ၎င်းသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၏ ပထမဆုံးသော အမျိုးသမီးတပ်မှူးတစ်ဦးဖြစ်လာကြောင်း နိုင်ငံတကာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အသက်(၅၅)နှစ်အရွယ်ရှိ ဗိုလ်ချုပ်ခရစ္စတင်းလူအန်သည် စစ်မှုထမ်းသက် ၃၄ နှစ်ရှိပြီး ထူးချွန်သည့် စစ်ခေါင်းဆောင်တစ်ဦးဖြစ်ကာ လက်ဘနွန်နှင့် အာဖဂန်နစ္စတန်စစ်မြေပြင်များ၌လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

၎င်းသည် ဩဂုတ် ၁၃ ရက်တွင် တရုတ်ဗိုလ်ချုပ်ကျောက်လီယူ၏ ရာထူးနေရာတွင် တာဝန်လွှဲပြောင်းထမ်းဆောင်မည်ဖြစ်သည်။

ဆိုက်ပရပ်နိုင်ငံတွင်ရှိသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ရဲအရာရှိ ၉၉၆ ဦးနှင့် အရပ်ဘက်ဝန်ထမ်း ၁၄၉ ဦးတို့အား ၎င်းကဦးဆောင်ကွပ်ကဲမည်ဖြစ်သည်။

မြေထဲပင်လယ်အရှေ့ပိုင်းရှိ ဆိုက်ပရပ်ကျွန်းတွင် စစ်ဘက်မှအာဏာသိမ်းခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ယင်းကျွန်း၏မြောက်ပိုင်း ဒေသအတွင်းသို့ တူရကီတပ်ဖွဲ့က ၁၉၇၄ ခုနှစ်တွင် ကျူးကျော်ဝင်ရောက်ခဲ့ရာမှ နှစ်ပိုင်းကွဲခဲ့ရသည်။ ဆိုက်ပရပ်ကျွန်း၏တောင်ပိုင်းမှာ ဂရိနွယ်ဖွားတို့နေထိုင်ရာဒေသဖြစ်သည်။ **ဘီဘီစီ။**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့်အတူ ဗိုလ်ချုပ်ခရစ္စတင်းလူအန်အား တွေ့ရစဉ်။

လာဘ်ယူသည့် အစ္စရေးဝန်ကြီးချုပ်ဟောင်း ထောင်ဒဏ်ခြောက်နှစ် ပြစ်ဒဏ်ကျခံရ

တဲလ်အဗစ် မေ ၁၃

အစ္စရေးနိုင်ငံမှ တရားရုံးတစ်ရုံးက လာဘ်ယူမှုကျူးလွန်ခဲ့သော အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်အိုလ်မတ်အား ထောင်ဒဏ်ခြောက်နှစ်ကျခံစေရန်နှင့် ဒဏ်ကြေးငွေ ရှီကယ်လ်တစ်သန်း (အမေရိကန်ဒေါ်လာ ၂၈၉၀၀၀) ကိုလည်း ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီဟွတ်အိုလ်မတ်၏ ရှေ့နေများအား အစ္စရေးတရားရုံးချုပ်သို့ အယူခံလွှာတင်ရန် အချိန်ပေးသည့်အနေဖြင့် စက်တင်ဘာ ၁ ရက်တွင် အီဟွတ်အိုလ်မတ် အကျဉ်းထောင်သို့ ရောက်ရှိကြောင်း သတင်းပို့ရန် တရားသူကြီးက အမိန့်ချမှတ်ခဲ့သည်။ အီဟွတ်အိုလ်မတ်သည် အစ္စရေးနိုင်ငံသမိုင်းတွင် ထောင်ဒဏ်ကျခံရသော ပထမဆုံး အစိုးရအကြီးအကဲဟောင်း ဖြစ်လာသည်။

ဝန်ကြီးချုပ်ဟောင်းအိုလ်မတ်သည် ဂျေရုဆလင်မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်စဉ်က အိမ်ရာခြံမြေတည်ဆောက်ရေးလုပ်ငန်းရှင်များထံမှ လာဘ်ငွေရှီကယ် ၅၀၀၀၀၀ (အမေရိကန် ဒေါ်လာ ၁၄၅၀၀၀)နှင့် အခြားသီးခြား စီမံကိန်းတစ်ခုမှ ရှီကယ်ငွေ ၆၀၀၀၀ ကို လက်ခံရယူခဲ့ကြောင်း တဲလ်အဗစ်ခရိုင်တရားရုံးက ဖော်ထုတ်တွေ့ရှိခဲ့သည်။ အိုလ်မတ်နှင့်အတူ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ အစိုးရတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၀ ဦးအား မေ ၁၃ရက်တွင် ပြစ်ဒဏ်များချမှတ်ခဲ့ရာ ယင်းတို့ထဲမှ ခြောက်ဦးမှာ ထောင်ဒဏ်သုံးနှစ်မှ ခုနစ်နှစ်အထိ ချမှတ်ခံကြရသည်။ **ဘီဘီစီ။**

ကမ္ဘာ့အကြီးဆုံး အမျိုးသားရွေးကောက်ပွဲ၌ အိန္ဒိယပြည်သူ ၈၁၄ သန်း မဲပေးခဲ့ကြ

နယူးဒေလီ မေ ၁၃

အိန္ဒိယနိုင်ငံ၌ ရက်သတ္တခြောက်ပတ်ကြာ ကျင်းပခဲ့သော အမျိုးသားရွေးကောက်ပွဲ၌ ပြည်သူသန်းပေါင်းများစွာက မဲပေးခဲ့ကြပြီးဖြစ်ရာ မေ ၁၆ ရက်တွင် အပြီးသတ် မဲရလဒ်များ ပေါ်ထွက်လာမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

မဲဆန္ဒရှင် ၈၁၄ သန်း ပါဝင်မဲပေးခဲ့ကြသော အိန္ဒိယရွေးကောက်ပွဲသည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးရွေးကောက်ပွဲဟုဆိုနိုင်ပြီး ရက်သတ္တခြောက်ပတ်ကြာမျှ အဆင့်လိုက် ကျင်းပခဲ့သည်။

အိန္ဒိယရွေးကောက်ပွဲတွင် အာဏာရပါတီကို စိန်ခေါ်သူ ဟိန္ဒူအမျိုးသားရေးဝါဒီ နေရင်ဒြာမိုဒီ အောင်ပွဲခံပြီး ဝန်ကြီးချုပ်သစ်ဖြစ်လာမည်ဟု မျှော်လင့်ရကြောင်း ခန့်မှန်းပြောဆိုသံများ ပေါ်ထွက်လာသည်။

ဂူဂျာရတ်ပြည်နယ်၏ ဝန်ကြီးချုပ်ဖြစ်သူ မိုဒီနှင့်အတူ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့သူမှာ အာဗင်ကက်ဂျရီဝါးလ်ဖြစ်သည်။ ၎င်းသည် အဂတိလိုက်မှုတိုက်ဖျက်ရေးလုပ်ငန်းကို အလေးပေးသော အေအေပီအမည်ရှိပါတီ၏ ခေါင်းဆောင်ဖြစ်ပြီး ဒေလီဝန်ကြီးချုပ်ဟောင်းဖြစ်သည်။

အာဏာရကွန်ဂရက်ပါတီမှ ယှဉ်ပြိုင်သူမှာ အဂျေးရိုင်းဖြစ်သည်။ ရွေးကောက်ပွဲ၌ကွန်ဂရက်ပါတီကို မဲပေးကြရန် မဲဆွယ်စည်းရုံးရေးကာလအတွင်းက ယင်းပါတီ၏ ဒုတိယဥက္ကဋ္ဌ ရာအူးဂန္ဒီက တိုက်တွန်းခဲ့သည်။ သို့ရာတွင် ၁၀နှစ်ကြာ အာဏာရရှိခဲ့သော ကွန်ဂရက်ပါတီအပေါ် ပြည်သူတို့၏ကျေနပ်နှစ်သက်မှု လျော့နည်းလာကြောင်း နိုင်ငံရေးဆန်းစစ်သူများက ပြောကြားကြသည်။

အိန္ဒိယရွေးကောက်ပွဲ၏ နောက်ဆုံးအကျော့ မဲပေးပွဲအဖြစ် မေ ၁၂ ရက်က ဟိန္ဒူဘာသာရေးမြို့ကြီးဖြစ်သော ဗာရာဏသီမြို့၌ မဲပေးပွဲကျင်းပခဲ့ရာတွင် ပြည်သူများက ၁၀၇ ဒီဂရီဖာရင်ဟိုက်အထိ ပူပြင်းသောအပူချိန်ကိုမမှုဘဲ မဲရုံများသို့သွားရောက်ကာ မဲပေးခဲ့ကြသည်။

ပါလီမန်အမတ်နေရာများအတွက် မဲဆန္ဒနယ် ၅၀၂ ခု၌ မဲပေးမှုအခြေအနေမှာ မေ ၈ ရက်စာရင်းအရ မဲပေးသူ ၆၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းမှာ ၂၀၀၉ ရွေးကောက်ပွဲကာလက မဲပေးသူ ၅၈ ဒသမ ၁၃ ရာခိုင်နှုန်းခန့်ထက် ပိုမိုများပြားကြောင်း သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

ရွေးကောက်ပွဲအကြိုကာလ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှု မှတ်တမ်းပုံ။

ယူကရိန်းနိုင်ငံသို့ ဓာတ်ငွေ့တင်ပို့မှု ရပ်ဆိုင်းရဖွယ်ရှိဟု ရုရှားကုမ္ပဏီ ခြိမ်းခြောက်

မော်စကို မေ ၁၃

ယူကရိန်းနိုင်ငံသို့ ဇွန် ၃ ရက်မှစ၍ ဓာတ်ငွေ့တင်ပို့မှုကို ရပ်ဆိုင်းရဖွယ်ရှိကြောင်း ရုရှားနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီဖြစ်သော ဂက်စ်ပရွန်ကုမ္ပဏီက ခြိမ်းခြောက်လိုက်ရာ ဥရောပ၌ဖြစ်ပွားခဲ့ဖူးသော စွမ်းအင်စစ်ပွဲမျိုး ပြန်လည်ဖြစ်ပွားလာနိုင်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ယူကရိန်းနိုင်ငံသည် ဓာတ်ငွေ့ဖိုးအတွက် ကြိုတင်ပေးချေရန် ဂက်စ်ပရွန်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် အဲလက်စ်မီလာက ပြောကြားသည်။ ယူကရိန်းနိုင်ငံသည် ဓာတ်ငွေ့ဖိုးငွေစုစုပေါင်း ဒေါ်လာ ၃ ဒသမ ၅၁ ဘီလီယံ (ယူရို ၂ ဒသမ ၅၅ ဘီလီယံ) ကြွေးမြီတင်ရှိနေကြောင်း ၎င်းကပြောကြားသည်။

မပြေကြွေးကျန်ကို ဇွန် ၃ ရက်အမီပေးဆပ်ခြင်းမရှိပါက ဇွန်လအတွင်း ယူကရိန်းနိုင်ငံသို့ ဓာတ်ငွေ့လုံးဝပေးပို့တော့မည်မဟုတ်ကြောင်း အဲလက်စ်မီလာက ပြောကြားသည်။

ရုရှားဝန်ကြီးချုပ် ဒီမစ်ထရီမက်ဗီဒေ့ဗ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ယူကရိန်းနိုင်ငံသို့ ဓာတ်ငွေ့တင်ပို့ရေးကိစ္စပါဝင်သည်ဟုဆိုသည်။ ယူကရိန်းနှင့် ရုရှားနိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်ရန် ဥရောပသမဂ္ဂ တာဝန်ရှိသူများက ကြိုးပမ်းနေချိန်တွင် ဂက်စ်ပရွန်ကုမ္ပဏီ၏ ခြိမ်းခြောက်မှု ပေါ်ထွက်လာသည်။

ရုရှားနိုင်ငံဘက်မှ ဓာတ်ငွေ့ဈေးနှုန်းကို နှစ်ဆတိုးမြှင့်ခဲ့ခြင်းအတွက် ငွေကြေးပေးချေရန်တာဝန်ကို ဆိုင်းငံ့ထားမည်ဟု ယူကရိန်းအစိုးရက ပြောကြားခဲ့သည်။ ဖေဖော်ဝါရီလက ရုရှားလိုလားသော အစိုးရအဖွဲ့ကို ဖြုတ်ချခဲ့ပြီးနောက် ယူကရိန်းနိုင်ငံသို့တင်ပို့ပေးသော ဓာတ်ငွေ့ဈေးနှုန်းကို နှစ်ဆမြှင့်တင်ခဲ့သည်။ **ရိုက်တာ။**

ပြန်ပေးဆွဲခံ ကျောင်းသူလေးများ လွတ်မြောက်ရေး ရှာဖွေရေးလုပ်ငန်းတွင် အမေရိကန် ပါဝင်လာ

လေဂို့စ် မေ ၁၃

နိုင်ဂျီးရီးယားနိုင်ငံ၌ ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က ပြန်ပေးဆွဲထားသော မိန်းကလေး ၃၀၀ ခန့်ကို ရှာဖွေတွေ့ရှိနိုင်ရန် အမေရိကန်ပြည်ထောင်စုက လူလိုက်ပါသောလေယာဉ်များဖြင့် ရှာဖွေသည့် အထူးလုပ်ငန်း တစ်ရပ်ကို စတင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၃ ရက်တွင် ပြောကြားသည်။

ပျောက်ဆုံးနေသော ဆယ်ကျော်သက်ရွယ် ကျောင်းသူများကို ရှာဖွေရာတွင် အထောက်အကူရရှိရေးအတွက် အမေရိကန်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့အကြား ဂြိုဟ်တုဓာတ်ပုံဖလှယ်ရေး အစီအစဉ်တစ်ရပ်ကိုလည်း ပြုလုပ်ပြီးဖြစ်ကြောင်း အမေရိကန် အထက်တန်းတာဝန်ရှိသူများက ပြောကြားကြသည်။

ထိုစဉ်အတွင်း ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က ၎င်းတို့ပြန်ပေးဆွဲထားသော မိန်းကလေးများနှင့် ပတ်သက်နေသည့် ဗီဒီယိုခွေတစ်ခွေကို ထုတ်ပြန်လိုက်သည်။ အမေရိကန် ထောက်လှမ်းရေးကျွမ်းကျင်သူများက ယင်းဗီဒီယိုခွေကို အသေးစိတ်လေ့လာလျက်ရှိသည်။

နိုင်ဂျီးရီးယားအစိုးရကထိန်းသိမ်းထားသော မိမိတို့၏အဖွဲ့ဝင်များအားလုံးကို ပြန်လည်လွှတ်ပေးရန် ဘိုကိုဟာရမ်အဖွဲ့ခေါင်းဆောင် အဘူဘာကာရှီးကူးက တောင်းဆိုသည်။

သို့ရာတွင် ပြစ်မှုထိုက်သော လုပ်ဆောင်ချက်မှ အကျိုးအမြတ်ရရှိရန် တောင်းဆိုချက်အဖြစ် အမေရိကန်အစိုးရကယူဆပြီး စစ်သွေးကြွအဖွဲ့၏ တောင်းဆိုချက်ကို အလျှော့ပေးလိုက်လျောမည်မဟုတ်ဟု ဆိုသည်။ **ရိုက်တာ။**

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က ထုတ်ပြန်သော ဗီဒီယိုတွင် ပြန်ပေးဆွဲခံ မိန်းကလေးများကို တွေ့ရစဉ်။

လွယ်မွေတောင်စခန်းမြို့ စတုရဋ္ဌသုမင်္ဂလစေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွယ်မွေတောင်စခန်းမြို့ စတုရဋ္ဌသုမင်္ဂလစေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

အဆိုပါအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှ‌ဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်၊ တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် တန့်ယန်းမြို့ ဓမ္မဂုဏ်ရည်ကျောင်းတိုက်ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုခမိန္ဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဘုရားဒါယကာများက ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော် ဘုံဆင့်များကို သံဃာတော်များထံ ဆက်ကပ်၍ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြလေယာဉ်မင်္ဂလာရထားပျံဖြင့် အစီအစဉ်အတိုင်း ဆက်လက်တင်ဆောင်ခြင်း၊ တပ်ဆင်ပူဇော်ခြင်းများကို နဂါးနှစ်ကောင်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရိ၊ ဝစီပိတ်ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ မိုင်းဖုန်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏသံဝရနှင့် တန့်ယန်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ သာသနတက္ကသီလ မဟာဓမ္မာစရိယ ဘဒ္ဒန္တသုခမိန္ဒတို့ ဦးဆောင်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘုရားဒါယကာများက ဆောင်ရွက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရတနာစိန်ဖူးတော်ကို စေတီတော်အထွတ်တွင် တပ်ဆင်ပူဇော်ကာ**(အပေါ်ပုံ)** သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်သည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့ ဦးဆောင်၍ ဇယန္တော ဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး ရွှေထီးတော်နှင့် စေတီတော်မြတ်အား ရွှေသက်န်းကပ်လှူပူဇော်ကြကာ ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ဆက်လက်၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို စတုရဋ္ဌသုမင်္ဂလစေတီတော်အရှေ့ဘက်ရှိ မဟာဗောဓိညောင်ပင်တွင် သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များဖြင့် ကျင်းပသည်။

လွယ်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်သည် ၁၉၆၀ ပြည့်နှစ်တွင် အမှတ်(၃)ခြေလျင်တပ်ရင်းရှိ တပ်မိသားစုများမှ သဲပုံစေတီတည်ထားကိုးကွယ်ရာမှ အစပြုခဲ့သည်။ ယခုအခါ စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်သည် ဉာဏ်တော် ၄၅ ပေ၊ စေတီရံ လေးဆူ၊ အာရုံခံတန်ဆောင်း လေးခုတို့ဖြင့် ပြုပြင်မွမ်းမံတည်ဆောက်ထားပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရာတွင် စေတနာရှင်၊ အလှူရှင်များ၏ ထည့်ဝင်သည့် အလှူငွေပေါင်းမှာ ငွေကျပ် ၃၇၁၆ သိန်းကျော်၊ ဘတ်ငွေ ၁၁၂၀၀၀ နှင့် ဘိလပ်မြေအိတ် ၁၀၀၀ တို့ကို လှူဒါန်းပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ယနေ့ (ကဆုန်လပြည့်နေ့)တွင် နေပြည်တော် သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်ဓာတ်ပုံပြခန်းအတွင်း ဝင်ရောက်လေ့လာကြည့်ရှုသူများကို တွေ့ရစဉ်။

ဇင်ဘို(ကြေးမုံ)

(၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အပြည့်အစုံကို ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်များတွင် ဖတ်ရှုနိုင်

နေပြည်တော် မတ် ၁၃

(၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်ကို မေ ၁၁ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် အခန်း (၇) ခန်း၊ အချက် (၈၄)ချက် ပါရှိသည်။

ငြိမ်းချမ်းသာယာသော အဆီယံအသိုက်အဝန်းဆီသို့ အခန်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် သံရုံးဖွင့်လှစ်ထားနိုင်ခြင်းမရှိသည့် တတိယနိုင်ငံများတွင် ရောက်ရှိနေသော ၎င်းတို့၏ နိုင်ငံသားများကို ကောင်စစ်ဆိုင်ရာ အကူအညီပေးရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးအဆိုပြုမှု တိုးတက်မှုများကို မှတ်တမ်းတင်ကြသည်ဟူ၍လည်းကောင်း။

ကြံ့ခိုင်ပြီး စွမ်းရည်ပြည့်ဝသော အာဆီယံအသိုက်အဝန်းဆီသို့ အခန်းတွင် ကျွန်ုပ်တို့အနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများနှင့် အာဆီယံ (၆)နိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းရေးနှင့် ဒေသတွင်း သာတူညီမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အခြေခံအုတ်မြစ်ဖြစ်သည့် အာဆီယံပေါင်းစည်းရေး ကနဦးအစီအစဉ်၏ အရေးပါမှုကို အသိအမှတ်ပြုကြသည်ဟူ၍ လည်းကောင်း။

အာဆီယံပြည်သူများအတွက် အာဆီယံအခန်းတွင် ကျွန်ုပ်တို့အနေဖြင့် အာဆီယံဒေသတွင်း ပြည်သူများ၏ လူမှုဘဝတိုးတက်စေရေးအတွက် ပြည်သူဗဟိုပြု အာဆီယံဖြစ်ပေါ်ရေးနှင့် အာဆီယံအသိုက်အဝန်း တည်ထောင်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများမှ ပါဝင်နိုင်မှုနှင့် အကျိုးရရှိခံစားနိုင်သည့် ပတ်ဝန်းကျင် ဖန်တီးဖော်ဆောင်ရေး ကြိုးပမ်းချက်များအား အလေးထားသည်ဟူ၍လည်းကောင်း။

အာဆီယံ၏ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ သဘောထားအမြင်အခန်းတွင် တောင်တရုတ်ပင်လယ်တွင် လတ်တလော ဖြစ်ပေါ်မှုများအပေါ် အထူးစိုးရိမ်မှုများ ထုတ်ဖော်ခဲ့သည်။ တောင်တရုတ်ပင်လယ်တွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရေး၊ လွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်များရရှိရေးတို့၏ အရေးကြီးမှုကို အလေးအနက် ထုတ်ဖော်ခဲ့သည်ဟူ၍ လည်းကောင်း။

ပြင်ပဆက်ဆံရေးအခန်းတွင် ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေး အနှစ်(၄၀)မြောက် အထိမ်းအမှတ်၊ အာဆီယံ-ကိုရီးယားသမ္မတနိုင်ငံ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ်အပါအဝင် အထိမ်းအမှတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကြိုဆိုသည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံ-နယူးဇီလန် ဆွေးနွေးဖက်ဆက်ဆံရေး အနှစ်(၄၀)မြောက် အထိမ်းအမှတ် အခမ်းအနားကို မလေးရှားနိုင်ငံတွင် ကျင်းပသွားမည်။ ၂၀၁၅ ခုနှစ်တွင် အရှေ့အာရှထိပ်သီး အစည်းအဝေး (၁၀)နှစ်မြောက် အထိမ်းအမှတ်ကို ကျင်းပမည်ဖြစ်သည်ဟူ၍လည်းကောင်း။

အာဆီယံအသိုက်အဝန်းအတွက် အာဆီယံအဖွဲ့အစည်းများအခန်းတွင် ကျွန်ုပ်တို့အနေဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်မှုသို့ ဦးတည်ဆောင်ရွက်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်နှင့် အတွင်းရေးမှူးချုပ်ရုံးတို့၏ အရေးပါမှုကို အလေးအနက်ပြုသည်။ သို့ဖြစ်ရာ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အတွင်းရေးမှူးချုပ်ရုံးတို့၏ ကဏ္ဍအား ပိုမိုခိုင်မာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်ဟူ၍ လည်းကောင်း။

အာဆီယံ၏ အနာဂတ်မျှော်မှန်းချက်အခန်းတွင် မိမိတို့အဖွဲ့ကြီးကို အနာဂတ်နှင့် လိုက်လျောညီထွေမှုရှိပြီး ဂုဏ်သိက္ခာရှိစွာဖြင့် အဖွဲ့ကြီး၏ အချက်အချာကျမှုကို ဖော်ဆောင်နိုင်မည့် ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ကိုလည်း ရေးဆွဲရန် အရေးကြီးလိုအပ်သည်။ ကျွန်ုပ်တို့အဖွဲ့အစည်းအား စစ်မှန်သော ပြည်သူကို ဗဟိုပြုသည့် အဖွဲ့ကြီးအဖြစ် ပေါ်ပေါက်လာစေရေးထားရှိသည့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုကြသည်ဟူ၍ လည်းကောင်း ဖော်ပြပါရှိသည်။

အဆိုပါ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အပြည့်အစုံ(မြန်မာ၊ အင်္ဂလိပ်)ကို ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်များဖြစ်သည့် www.moi.gov.mm နှင့် www.moi.gov.mm/npe/ တို့တွင် ဖတ်ရှုနိုင်သည်။

(သတင်းစဉ်)

စက္ခုပသာဒကောင်းကြပါစေ မေတ္တာဝေ၍ ဒေသအကျိုးဖွံ့ဖြိုးစေသား တို့ကြိုးစားစို့

ဝင်းနီလှဝင်း

ဝေဒနာကပင်လယ်ဝ စေတနာကအာကာသ

သတ္တလောကကြီးထဲ၌ လူသားတို့၏ ဝေဒနာများကား ပင်လယ်တမျှကျယ်ဝန်းများပြားစေကာမူ ပရဟိတဒါနရှင်တို့၏ စေတနာသဒ္ဓါတရားကား အာကာသသဖွယ် ကျယ်ဝန်းမြင့်မားလွန်းလှပါသည်။ ထို့ကြောင့် ဝေဒနာများကို စေတနာတရားဖြင့် အနိုင်ယူကုသပေးနိုင်ခြင်းပင်ဖြစ်သည်။

နီတိကျမ်းများ၌လည်း ပရဟိတဒါနကုသိုလ်ရှင်တို့ကို မြစ်၊ သစ်ပင်၊ မိုးတို့နှင့်တူလှသည်ဟု အနှိုင်းခံပြု၍ ဖွင့်ဆိုထားသည်ကိုတွေ့ရပြန်ပါသည်။ မြစ်များ၌ ရေများရှိသော်လည်း ထိုရေများကိုထိုမြစ်မသောက်သုံးကြပါ။ ရေသုံးစွဲလိုသူများအတွက်သာ မြစ်တွင်း၌ မြစ်ရေများကို စုဆောင်းသိုလှောင်ထားခြင်းပင်ဖြစ်သည်။ သစ်ပင်များသည်လည်း သစ်သီးဝလံတို့ကို မစားသုံးကြပါ။ အလိုရှိသူတို့စားသုံးကြဖို့သာလျှင် အသီးများကို သီးပေးခြင်းဖြစ်သည်။ မိုးများသည်လည်း ရေရရှိသော အရပ်ဒေသများ၌သာရွာသွန်းဖြိုးသည်မဟုတ်၊ ရေမရှိသော အရပ်ဒေသတို့၌လည်း ရွာသွန်းကြမြဲပင်၊ အလားတူသူတော်စင်ပရဟိတဒါနအလှူရှင်တို့သည်လည်း မိမိတို့သုံးစွဲရန်သက်သက်သာငွေကြေးဥစ္စာပစ္စည်းများကို ရှာဖွေစုဆောင်းထားရှိသည်မဟုတ်၊ ရဟန်းရှင် ပြည်သူများ၊ နွမ်းပါးချို့တဲ့သူများအတွက် လိုအပ်သလို ချီးမြှင့်လှူဒါန်းပေးကမ်းစွန့်ကြဲရန် ရှာဖွေစုဆောင်းထားခြင်းသာဖြစ်သည်။ အနန္တကျေးဇူးတော်ရှင် ဂေါတမမြတ်ဗုဒ္ဓသခင်သည်ပင်လျှင် ဘုရားအဖြစ်သို့ရောက်ရှိတော်မူခဲ့ပြီးနောက် အနာထပိဏ်၊ ဝိသာခါ၊ ဗိမ္ဗိသာရမင်းကြီးစသော အလှူရှင်ကြီးများ၏ အကူအညီကိုရရှိတော်မူခဲ့၍ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို အောင်မြင်စွာ စတင်တည်ထောင်အုတ်မြစ်ချတော်မူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

ကျွန်တော်သည် မျက်စိခွဲစိတ်ကုသခံထားရသူကာယကံရှင်တစ်ဦးဖြစ်၍ သက်ရှိဘဝတွင် မျက်စိပသာဒ၏တန်ဖိုးကို ပို၍နားလည်ရပါသည်။ မျက်စိတွင် တိမ်သလာစွဲကပ်လာပါက အချိန်မီခွဲစိတ်ကုသမှုမခံယူမိလျှင် အမြင်အာရုံဆုံးရှုံးပြီး မျက်မမြင် ဒုက္ခိတဘဝသို့ရောက်မည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပေ။ ကျွန်တော်၏ မျက်စိကို အချိန်မီခွဲစိတ်ကုသပေးခဲ့သော မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးကံညွန့်ကို မိဘသဖွယ် အမိကထား၍ ကျေးဇူးတင်၍မဆုံးနိုင်တော့ပါ။ စာရေးဆရာလည်းဖြစ် မျက်စိအထူးကုဆရာဝန်ကြီးလည်းဖြစ်သော ဆရာကြီးပါမောက္ခဒေါက်တာကံညွန့်သည် အမြို့မြို့အနယ်နယ်ရှိ ပရဟိတ အလှူရှင်များ၏ မျက်စိအလင်းရောင်ဒါနပြုပွဲများ၌ အမြဲတမ်းလိုလိုတက်ကြွစွာ ဦးဆောင်ပါဝင်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်လည်းဖြစ်သည်။ စာရေးသူသည် မျက်စိခွဲစိတ်ကုသပြီးကတည်းက အမြင်အာရုံဝေဝါးနေသော မျက်စိဝေဒနာရှင်များအား ကိုယ်ချင်းစာနာစိတ်ဖြင့် ကျွန်တော်၏ မျက်ကြည်လွှာနှင့်ခန္ဓာကိုယ်ကို ဆေးတက္ကသိုလ်သို့ လှူဒါန်းရန် အခိုင်အမာဆုံးဖြတ်ချက်ချခဲ့သည်။

ဤနေရာတွင် စပ်လျဉ်း၍မျက်မမြင် ဂီတအနုပညာရှင်တစ်ဦးနှင့် နီးနီးစပ်စပ်ထိတွေ့ခံစားရသော ကျွန်တော်၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။ ထိုစဉ်က ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော စစ်ကွင်းမြို့ အစိုးရအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းပညာကို သင်ယူနေသည့်အချိန်ကဖြစ်သည်။ ကျွန်တော်က ကျောင်းကောင်စီအတွင်းရေးမှူးတာဝန်ယူထားသူဖြစ်၍ ကျောင်း၌ ကျင်းပသော အထိမ်းအမှတ်အခမ်းအနားများကို ထိုစဉ်က ကျောင်းအုပ်ဆရာကြီး ဦးအောင်ငြိမ်း(ယခုတိုင်းပညာရေးမှူး-အငြိမ်းစား)၊ ဟောပြောပွဲဆိုင်ရာ တာဝန်ခံဆရာမ ဒေါ်သင်းသင်းစိန် (ယခုရန်ကင်းပညာရေးကောလိပ်မှ ဌာနမှူး-အငြိမ်းစား)တို့၏ ကြီးကြပ်မှုဖြင့် ပါဝင်တာဝန်ယူခဲ့ရသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဖြစ်စဉ်နှင့် အာဇာနည်နေ့ အထိမ်းအမှတ်ဆိုင်ရာ စင်တင်ပြဇာတ်တစ်ခုကို စီစဉ်တင်ဆက်ခဲ့ရသည်။

စင်တင်ပြဇာတ်တင်ဆက်ခြင်းဖြစ်၍ ဒေသခံပန်တျာတင်မောင်၏ မြန်မာ့ဆိုင်းအဖွဲ့နှင့် မွေးရာပါ မျက်မမြင်ဂီတအနုပညာရှင် ကိုကြွက်(ခေါ်)ကိုခင်မောင်လတ်က ဒုံမင်း၊ စောင်း၊ မယ်ဒလင်၊ တယောတို့ဖြင့် ပါဝင်ကူညီဖြည့်ဆည်းပေးခဲ့ကြသည်။ ကိုခင်မောင်လတ်၏ စောင်း၊ ဒုံမင်း၊ ပတ္တလား၊ မယ်ဒလင်၊ တယောသံများသည် ထိုစဉ်က မြန်မာ့အသံသွင်းလက်သံ လက်စွမ်းပြကဏ္ဍတွင် မကြာမကြာ လွှင့်ထုတ်ခံရသည့် ဂီတအနုပညာရှင်ဖြစ်ပါသည်။ ထိုစဉ်က သူ၏ မွေးရာပါ မျက်မမြင်ဒုက္ခိတဘဝကို ခံစားချက်ဖြင့် ပြောခဲ့သော စကားများကို ကျွန်တော် ယနေ့တိုင် မမေ့နိုင်သေးပါ။ သူသည် ငယ်စဉ်ကတည်းက ဂီတအနုပညာရှင် မျက်မမြင်ဘဝဖြင့် မိဘကိုလုပ်ကျွေးခဲ့သော ကုသိုလ်ကြောင့် အကယ်၍ စက္ခုနှစ်ကွင်း အလင်းပြန်လည်ရရှိပါက ဗုဒ္ဓရုပ်ပွားတော်ကို အရင်ဖူးတွေ့ရပြီး ကျေးဇူးရှင်မိဘနှစ်ပါးနှင့် ဂီတဆရာသမားများတို့၏ မျက်နှာကိုကြည့်ကာ ရှိခိုးကန်တော့လိုကြောင်း၊ နောင်ဘဝဆက်တိုင်းဆက်တိုင်း မျက်မမြင်ဒုက္ခိတဘဝနှင့်ကင်းဝေးလိုကြောင်း ရင်ဖွင့်ပြောဆိုခဲ့ရှာသည်။ သူ၏ မျက်မမြင်ဒုက္ခိတဘဝမှ တမြည့်မြည့်ကျွမ်းရသည့် ပွဲတွေ့အလွမ်းဇာတ်တစ်ပုဒ်ပင်။

တစ်ဦးက စေတနာ တစ်ဦးက မေတ္တာ

မျက်စိဝေဒနာကို ကုသရန် ငွေကြေးအခက်အခဲရှိနေကြသူများ၊ ဝေးလံခေါင်ပါး အနယ်နယ်အရပ်ရပ်မှ မြို့ကြီးပြကြီးများရှိ မျက်စိအထူးကုဆရာဝန်ကြီးများထံ သွားရောက်ကုသခံယူရန် အခြေအနေမပေးငွေကြေးမတတ်နိုင်သူများအတွက် စက္ခုပသာဒအာရုံပြန်လည်ကောင်းမွန်လာစေရန်ရည်ရွယ်၍ အခမဲ့သွားရောက်ကုသပေးလျက်ရှိသည့် လူမှုပရဟိတအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေသည်ကို အားရဖွယ်တွေ့ရသည်။ ထိုအသင်းအဖွဲ့များထံမှ စက္ခုပသာဒအာရုံ ပြန်လည်ကောင်းမွန်စေရန်သာမက ဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနတွင် တရားဝင်အသင်းအဖွဲ့မှတ်ပုံတင်လျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဟသ်ာတစက္ခုပါလာဒိဖောင်ဒေးရှင်းမှ အတွင်းရေးမှူးဖြစ်သူ ဦးညွန့်လှိုင်(ရတနာကုန်သည်)အား သွားရောက်တွေ့ဆုံမေးမြန်းကြည့်ခဲ့သည်။

မေး။ "စက္ခုပါလာဒိဖောင်ဒေးရှင်း"လို့ အမည်ပေးထားပုံကို သိပါရစေ။

ဖြေ။ စက္ခုပါလာဒိဖောင်ဒေးရှင်းဆိုတဲ့အမည်ကို ဟသ်ာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တဦးသုဓမ္မစာရက အမည်ပေးခဲ့တာပါ။ ကျွန်တော်တို့ ဖောင်ဒေးရှင်းက မျက်စိဝေဒနာရှင်များကို သာမက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာတွေနဲ့ ဒေသဖွံ့ဖြိုးရေးကိုပါ ဆောင်ရွက်ဖို့ ဖွဲ့စည်းထားခြင်းဖြစ်လို့ စက္ခုပါလာဒိဖောင်ဒေးရှင်းလို့ အမည်ပေးထားခြင်းဖြစ်ပါတယ်။

မေး။ စက္ခုပါလာဒိဖောင်ဒေးရှင်းကို ဘယ်လိုစတင်ထူထောင်ခဲ့တာနဲ့ ပတ်သက်လို့ သိပါရစေ။

ဖြေ။ ကျွန်တော်တို့ ၂၀၀၈ ခုနှစ် မတ်လ ၁၈ ရက်နေ့က စတင်ပြီး ဟသ်ာတခရိုင် စက္ခုပါလာဒိဖောင်ဒေးရှင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်မြင့်ဦး (ယခုပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဌ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့် ဇနီး ဒေါ်နီနီဝင်း (မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယကအဖွဲ့ဝင်)တို့က ဦးဆောင်မတည်ပြီး ကျန်အလှူရှင်များဖြစ်ကြသည့် ဦးသန်းထွန်း၊ ဦးဝင်းဇော်၊ ဦးတင်အေး၊ ဂီတစာဆို ဟသ်ာတဦးမြင့်ငွေ၊ ဦးမင်းညဏ်၊ ဦးမောင်မောင်စိုး၊ ဦးမြတ်အောင်၊ ဦးတင်နိုင်လင်း၊ ဦးမြတ်စိုး၊ ဦးကြည်ရွှင်၊ ဦးဇော်မင်းအောင်၊ ဦးနေမျိုးဝင်း၊ ဦးခင်စိုး၊ ဦးမြင့်သိန်းဦး၊ ဦးအေးထွန်း၊ ကျွန်တော်ဦးညွန့်လှိုင်တို့ စုပေါင်းပြီး ငွေပဒေသာပင်ကျပ်သိန်း ၆၂၀ နဲ့ မတည်ဖွဲ့စည်း တည်ထောင်ခဲ့တာဖြစ်ပါတယ်။

မေး။ စက္ခုပါလာဒိ ဖောင်ဒေးရှင်းအနေနဲ့ မျက်စိ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်တွေကို ခွဲစိတ်ကုသိုလ်ပြုပေးတဲ့အပြင် နယ်မြေဒေသဖွံ့ဖြိုးရေးနဲ့ လူမှုရေးအကျိုးပြုလုပ်ငန်းတွေကိုလည်း သိပါရစေ။

ဖြေ။ ဟသ်ာတဆေးရုံအတွင်းမှာ လူနာဆောင်အသစ်ထပ်မံဆောက်လုပ်ပေးပြီး ရုပ်မြင်သံကြားစက်များ၊ အောက်ဆီဂျင်ဘူးများ၊ လေအေးပေးစက်များ၊ မီးစက်များ၊ ရေသန့်စက်များထားရှိပေးတဲ့အပြင် ဆေးတက္ကသိုလ်ဝင်ခွင့်ရရှိပြီး ကျောင်းစရိတ်မတတ်နိုင်တဲ့ ကျောင်းသားများအတွက် ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းပေးလျက်ရှိပါတယ်။ သူနာပြုသင်တန်း ကျောင်းသား ကျောင်းသူများအတွက် ငွေပဒေသာပင် စိုက်ထူပေးထားပါတယ်။ မသန်စွမ်းသူ လူနာများအတွက်လည်းခြေတု၊ ချိုင်းထောက်၊ ဘီးတပ်လှည်းများကို လှူဒါန်းပေးပါတယ်။ ဟသ်ာတဆေးရုံမှာ ကုသလို့မရနိုင်တဲ့ လူနာတွေကိုလည်း ရန်ကုန်ဆေးရုံကြီးကို တာဝန်ယူပို့ဆောင်ပေးပါတယ်။ အခုဆိုရင် နှစ်စဉ်မျက်စိဝေဒနာ အခမဲ့ခွဲစိတ်ကုသပေးတဲ့ အလှူငွေဟာ ကျပ် ၁၄၃၀၉၈၂၉၉ ရှိသွားပြီဖြစ်ပါတယ်။

မေး။ စက္ခုပါလာဒိဖောင်ဒေးရှင်းအနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (Poverty Reduction) နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး (Rural Development) လုပ်ငန်းတွေရော ပါဝင်ပါသလား။

ဖြေ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းတွေကတော့ ဈေးရောင်းသူ တစ်ဦးလျှင် သုံးသိန်းနှုန်းနဲ့ ငွေချေးပေးပြီး စက်မှုဇုန်လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ သဘင်ပညာရှင်များကို ရင်းနှီးငွေရရှိအောင် ချေးငွေ ၁၀၀၅ သိန်းထုတ်ချေးပေးပြီးဖြစ်ပါတယ်။ ကျေးရွာများအတွက် စက်ရေတွင်းများ၊ လက်နှိပ်တုံကင်များ၊ ဟသ်ာတအကျဉ်းထောင်မှာ ရေသန့်စက်များပါ တူးဖော်တပ်ဆင်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပြီးတော့ လျှပ်စစ်မီးမရရှိသေးတဲ့ ကျေးရွာများအတွက် သုံးစွဲပြီးဓာတ်ခဲဟောင်းများကို နွားချေးနဲ့ အိမ်သုံးဆားရောစပ်ထားတဲ့ အရည်ထဲမှာနှစ်ပြီး မီးထွန်းတဲ့စနစ် (Bio-Battery) နဲ့ အိမ်ခြေ ၃၉၅ အိမ်မှာ တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ပြီဖြစ်ပါတယ်။ နောက်တစ်ခုက နေရောင်ခြည်စွမ်းအင် (Solar)ဖြင့် မီးထွန်းစနစ်ကို ဘုန်းတော်ကြီးကျောင်း ၉၈ ကျောင်းမှာ အောင်မြင်စွာအသုံးပြုနေပြီ ဖြစ်ပါတယ်။

ဝေဒနာကို စေတနာဖြင့်အနိုင်ယူပါမည်

မြန်မာဆိုရိုးစကားများနှင့် တိုင်းရင်းသားတို့၏ ဆိုရိုးစကားများတွင် "နှမ်းတစ်လုံးနှင့် ဆီမဖြစ်"၊ "တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားဖြင့်ယူသော်ရ၏"၊ "ကြက်သွန်ဖြူဥလို စုစည်း၍ ကျီးကဲ့သို့ ဝိုင်းဝန်းပါ"၊ "စုပေါင်းညီညာအောင်ကြောင်းဖြာ" ဟူသော ဆိုရိုးစကားများရှိကြသည်။ စေတနာမှန်၊ သဒ္ဓါမှန်၊ မေတ္တာ၊ ကရုဏာတရားတို့ဖြင့် စုပေါင်းဆောင်ရွက်ကြပါက လက်တွေ့အောင်မြင်မှုရလဒ်ကို ဒိဋ္ဌဓမ္မဝေဒနိယကံအဖြစ် အကျိုးခံစားကြရမည်သာ ဖြစ်သည်။ စေတနာမှန်သောကံတရားကို ဦးဆောင်အကောင်အထည်ဖော်သူနှင့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသူတို့၏ ကုသလကမ္မပထလုပ်ငန်းများက မော်ကွန်းမှတ်တိုင်အဖြစ် တင်ရစ်နေမည်သာဖြစ်သည်။

ထို့ကြောင့်လည်း ထင်ပေါ်လျှင် စင်တော်ကကောက်ဆိုသကဲ့သို့ ဟသ်ာတခရိုင် စက္ခုပါလာဒိဖောင်ဒေးရှင်းသည် နိုင်ငံတော်သမ္မတကြီး ချီးမြှင့်သော "နိုင်ငံတော်နှင့် ပြည်သူတို့၏လူမှုရေးအကျိုးပြုအကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု" ကြီးကို ထိုက်တန်စွာရရှိလိုက်ခြင်းပင်ဖြစ်သည်။ ဂုဏ်ယူအားကျအားရဖွယ် ကောင်းပေစွ။

ဝေဒနာများကို စေတနာတရားနှင့် အနိုင်ယူသွားလိုကြသည့် မွန်မြတ်သော ပရဟိတစိတ်ဓာတ်ဖြင့် တစ်ဖက်တစ်လမ်းမှ နိုင်ငံတစ်ဝန်းတက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဆိုပါက ခေတ်ဟောင်းဂန္ထဝင်ဂီတစာဆို နန်းတော်ရှေ့ဆရာတင်၏ ကျေးရွာဝါဒသီချင်းထဲမှာ "နိုင်ငံအကျိုးများကိုသာ အားလုံးဆောင်ရွက်ပါမယ်ခင်ဗျာ၊ ပြုပြင်ရင်းလုပ်တဲ့ရွာ အမျိုးသားအတွက်ဆို မငြိုငြင်ပါ"ဟူသော တေးစာသားကဲ့သို့ စေတနာမှန်သော လူမှုပရဟိတလုပ်ငန်းများကို အမျိုးသားရေးအသိနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုပါလျှင် အတိုင်းထက်အလွန်၊ တံခွန်နှင့်ဘုရားဆိုစကားပမာ၊ အကျိုးတရားများတိုးပွားလာမည်မှာ ဧကန်ပင်၊ ထို့ကြောင့် စာရေးသူက "စက္ခုပသာဒ ကောင်းကြပါစေ၊ မေတ္တာဝေ၍ ဒေသအကျိုးဖွံ့ဖြိုးစေသား တို့ကြိုးစားစို့" ဟူ၍ မိတ်ဆွေများအား အကျိုးမျှော်ကာနှိုးဆော်လိုက်ပါရစေသား။ ။

မျက်စိဝေဒနာကိုကုသရန် ငွေကြေးအခက်အခဲရှိနေကြသူများ၊ ဝေးလံခေါင်ပါး အနယ်နယ်အရပ်ရပ်မှ မြို့ကြီးပြကြီးများရှိ မျက်စိအထူးကုဆရာဝန်ကြီးများထံ သွားရောက် ကုသခံယူရန် အခြေအနေမပေး ငွေကြေးမတတ်နိုင်သူများအတွက် စက္ခုပသာဒအာရုံ ပြန်လည်ကောင်းမွန်လာစေရန်ရည်ရွယ်၍ အခမဲ့သွားရောက်ကုသပေးလျက်ရှိသည့် လူမှုပရဟိတအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေသည်ကို အားရဖွယ်တွေ့ရသည်။

မြို့ချောင်းတိုက်နယ်ဆေးရုံ(အသစ်) ဆောက်လုပ်ရန်ပန္နက်တင်

နေပြည်တော်　　မေ　　၁၃

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းတိုက်နယ်ဆေးရုံ(အသစ်)ဆောက်လုပ်ခြင်း မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အထောက်အကူဖြစ်စေမည့် ကျောက်တံခါးမြို့နယ် မြို့ချောင်းတိုက်နယ်ဆေးရုံ(အသစ်)တစ်ရုံကို ဆောက်လုပ်မည်ဖြစ်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအပြင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက်ပါ အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်အတွက်ရော၊ ဒေသအတွက်ပါ မင်္ဂလာရှိပြီး ဂုဏ်ယူဝမ်းမြောက်ရမည့် အထိမ်းအမှတ်နေ့တစ်နေ့ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပခဲ့စဉ်ကာလအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနိုင်ရန် မိုင် ၄၀ စီခြားကာ လူနာတင်ယာဉ်များနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ တာဝန်ချထားခဲ့ပါကြောင်း။

အမြန်လမ်းမကြီးတစ်လျှောက် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်၍မရဘဲ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေက အမှာစကားပြောကြားပြီး ဒေသခံကိုယ်စားလှယ် ဦးသောင်းညွန့်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးတို့က တိုက်နယ်ဆေးရုံ(အသစ်)ဆောက်လုပ်ရန် ပန္နက်တင်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော Forests Asia Summit ၂၀၁၄ သို့ တက်ရောက်ခဲ့

နေပြည်တော်　　မေ　　၁၃

Forests Asia Summit 2014 ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Shangri- La Hotel ၌ မေ ၅ ရက်မှ ၆ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ H.E.Dr. Susilo Bambang Yudhoyono တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် ထိပ်သီးအစည်းအဝေး ပထမနေ့အစီအစဉ်ကို ဆက်လက်ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း **(အပေါ်ပုံ)**နှင့် စင်ကာပူသမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့်ရေအရင်းအမြစ်ဝန်ကြီး H.E.Mr. Vivian Balakrishnan တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ရန်ပုံငွေရရှိရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နိုင်ငံအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးတို့သည် အရေးပါသည့်အချက်များဖြစ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှု၊ မိုးခေါင်ရေရှားမှု၊ ငတ်မွတ်ခေါင်းပါးမှု၊ ဆင်းရဲချမ်းသာကွာဟမှု၊ စီးပွားရေးမတည်ငြိမ်မှု၊ လူမှုရေးမညီမျှမှုနှင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတို့သည် တစ်ခုနှင့်တစ်ခု ဒွန်တွဲနေခြင်းကြောင့် တစ်နိုင်ငံတည်းဖြေရှင်း၍ မရနိုင်ပါကြောင်း၊ နိုင်ငံများအကြား ပူးပေါင်း လက်တွဲဖြေရှင်းသွားရန် လိုအပ်ပါကြောင်း၊ များစွာသောဂေဟစနစ် ဝန်ဆောင်မှုများကို သစ်တောများက ဖြည့်ဆည်းပံ့ပိုးပေးနေခြင်းကြောင့် သစ်တောများ ထိန်းသိမ်းကာကွယ်ရေးသည် မိမိတို့အားလုံး၏ အဓိကဦးစားပေးဖော်ဆောင်သွားရမည့်လုပ်ငန်းရပ်ပင် ဖြစ်ပါကြောင်း၊ ကာဗွန်စုပ်ယူ သိုလှောင်ခြင်း၊ ရာသီဥတု ပြောင်းလဲမှု လျော့နည်းစေခြင်းနှင့် လိုက်လျောညီထွေဖြစ်စေခြင်း၊ လေထု၊ ရေထုညစ်ညမ်းမှုများ လျော့ချခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များ အသုံးချခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းကဲ့သို့သော ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များသည် စီးပွားရေးယှဉ်ပြိုင်မှုအားကောင်းပြီး ဂေဟစနစ်အမျိုးမျိုးရှိသည့် အာရှဒေသ၏ ပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ညီညွတ်မျှတသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်ပင် အရေးပါပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအား ဒေသတွင်းနိုင်ငံများနည်းတူ မြန်မာနိုင်ငံကလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာရှဒေသအတွင်း အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများအပေါ် ပူးပေါင်းဖြေရှင်းသွားနိုင်ရေးအတွက် ဤအစည်းအဝေးမှ ရလဒ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

အဆိုပါ ထိပ်သီးအစည်းအဝေး ဒုတိယနေ့ကို မေ ၆ ရက်တွင် ဆက်လက်ကျင်းပရာ အရှေ့တောင်အာရှနိုင်ငံများမှ ဝန်ကြီးများ၊ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများမှ အမှုဆောင်အရာရှိများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျွမ်းကျင်သူပုဂ္ဂိုလ်များ စုစုပေါင်း ၁၇၀၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မေ ၆ ရက်တွင် Shangri-La Hotel၊ Sulawesi Room ၌ ပီရူးနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E.Mr. Manuel Pulgar- Vidal က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ အရှေ့တောင်အာရှနိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်၍ အကြိမ် (၂၀)မြောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ထိပ်သီးအစည်းအဝေးကာလအတွင်း အင်ဒိုနီးရှားနိုင်ငံ သစ်တောရေးရာဝန်ကြီး H.E.Mr. Zufliki Hasan နှင့် နှစ်နိုင်ငံ သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကို လည်းကောင်း၊ ပီရူးနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E.Mr. Manuel Pulgar- Vidal နှင့် အကြိမ် (၂၀)မြောက် ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ လည်းကောင်း၊ အိန္ဒိယနိုင်ငံ The Energy and Research Institute-TERI မှ ညွှန်ကြားရေးမှူးချုပ်နှင့် Intergovernmental Panel on Climate Change-IPCC Chairperson ဖြစ်သူ Dr. Rajendra K. Pachauri နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ သတ်မှတ်ကာလအတွင်း အချိန်မီမှတ်ပုံတင်ဆောင်ရွက်ရန် နှိုးဆော်ချက်ထုတ်ပြန်

နေပြည်တော်　　မေ　　၁၃

နိုင်ငံတော်အတွင်း တရားမဝင် ဝင်ရောက်လျက်ရှိသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ ပူးပေါင်း၍ One Stop Service စနစ်ဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်၍ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ရုံးဖွင့်ရက် ၉၀ သတ်မှတ်၍ ဇူလိုင် ၄ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှု ၄၅ ရက်ပြည့်မြောက်သည့် ဧပြီ ၃၀ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ ၄၆၆၃ စီး၊ ကချင်ပြည်နယ် ၅၆၆၉ စီး၊ ကယားပြည်နယ် ၁၆၁၇ စီး၊ ကရင်ပြည်နယ် ၇၈၁၅ စီး၊ ချင်းပြည်နယ် ၁၆၈၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီး ၂၉၃၉၁ စီး၊ တနင်္သာရီတိုင်းဒေသကြီး ၇၁၆၉ စီး၊ ပဲခူးတိုင်းဒေသကြီး ၁၁၃၅၄ စီး၊ မကွေးတိုင်းဒေသကြီး ၁၁၄၁၂ စီး၊ မန္တလေးတိုင်းဒေသကြီး ၃၁၂၁၂ စီး၊ မွန်ပြည်နယ် ၁၆၈၀၆ စီး၊ ရခိုင်ပြည်နယ် ၃၅၇၂ စီး၊ ရန်ကုန်တိုင်းဒေသကြီး ၁၂၉၅၆ စီး၊ ရှမ်းပြည်နယ် ၂၀၃၈၈ စီး၊ ဧရာဝတီတိုင်းဒေသကြီး ၇၂၃၇ စီး စုစုပေါင်း ၁၇၂၉၄၇ စီး မှတ်ပုံတင်ပေးခဲ့ပြီးဖြစ်သည်။ မှတ်ပုံတင်ပေးခြင်းများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများတွင် လည်းကောင်း၊ အလှမ်းကွာဝေးသည့်ဒေသများတွင် သက်ဆိုင်ရာနယ်မြေဒေသ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းကာ ပူးပေါင်းအဖွဲ့ဖြင့် နယ်လှည့်၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာစေလို၍ ယခုစီမံချက်ဖြင့် ဆောင်ရွက်ခြင်းသည် နောက်ဆုံးအကြိမ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ သတ်မှတ်ကာလအား တိုးချဲ့ဆောင်ရွက်ပေးခြင်းနှင့် ထပ်မံ၍ နောက်တစ်ကြိမ် ဆောင်ရွက်ပေးခြင်းများအား ပြုလုပ်ပေးမည်မဟုတ်ကြောင်း သိရသည်။

သတ်မှတ်ကာလ ဇူလိုင် ၄ ရက်ထက် ကျော်လွန်လျှင် တရားဝင်မှတ်ပုံတင် ပြုလုပ်ထားခြင်းမရှိသည့် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား စစ်ဆေးအရေးယူခြင်းများကို ဥပဒေများနှင့်အညီ တိကျစွာ ပြုလုပ်သွားမည်ဖြစ်သည်။ သို့ဖြစ်၍ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူများအနေဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီမှတ်ပုံတင်ဆောင်ရွက်ကြရန်နှင့် သိရှိလိုသည်များအား သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်းနိုင်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ပေါင်းတစ်ရာ့ငါးဆယ်ကျော်သက်တမ်းရှိ သစ်လုံးထွင်းလှော်လှေတစ်စင်း ထိန်းသိမ်းထားရှိ

ပခုက္ကူ　မေ　၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မြစ်ခြေမြို့နှင့် လေးမိုင်ခန့်အကွာ အင်းဝိုင်းရွာ ဘုန်းတော်ကြီးကျောင်းတွင် ရှေးမြန်မာ့ရိုးရာ သစ်လုံးထွင်းလှော်လှေတစ်စင်း **(အပေါ်ပုံ)** ကို ထိန်းသိမ်းစောင့်ရှောက်ထားသည်။

အဆိုပါသစ်လုံးထွင်း လှော်လှေသည် ကျွန်းသားသစ်လုံးအရှည် သုံးဆယ့်ငါးပေရှည်ပြီး အနံ သုံးပေနှင့် ရှစ်လက်မနှစ်ယောက်ယှဉ်လျက်ထိုင် ပြိုင်လှေတစ်စင်းဖြစ်သည်။ လှော်လှေပြိုင်ပြိုဆိုလျှင် နှစ်ဆယ့်လေးယောက်ထိုင် ပြိုင်ခဲ့သည်။ ထိုလှော်လှေကို ဝံသာနုခေတ်မှ စတင်၍ ထွင်းယူပြုလုပ်ခဲ့သည်ဟု အင်းဝိုင်းရွာမှ ဦးထွန်းရွှေထံမှ သိရသည်။

လှော်လှေသည် ခေတ်အဆက်ဆက် လှေပြိုင်ပွဲများတွင် ဆုအသီးသီး ရရှိခဲ့ပြီး လှော်လှေနာမည်ကိုလည်း နတ်သိုင်းဟု အမည်တွင်ခဲ့သည်။ နတ်သိုင်းအမည်ရ လှော်လှေသည် ချောက်မြို့ မေဒေးပွဲတွင် ပထမဆု ရရှိခဲ့သည်။ ဒုတိယဆုကို ညောင်ဦးမြို့ ရွှေစည်းခုံဘုရား လှေပြိုင်ပွဲတွင် ရရှိခဲ့သည်။

၁၉၆၄ ခုနှစ်တွင်လည်း ချောက် ရေနံမြေလှေပြိုင်ပွဲတွင် ဒုတိယဆု တစ်ကြိမ်ပြန်လည်ရရှိခဲ့သည်။ ယနေ့အချိန်တွင် နတ်သိုင်းလှော်လှေကို အင်းဝိုင်းရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးဝေပုလ္လက ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ယခင်က ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ဆရာတော်များမှာ ဦးကေသရ သက်တော် (၇၀) နှစ်နှင့် ဦးဝါယမ သက်တော် (၇၇)နှစ်ဖြစ်ပြီး ယခုလက်ရှိထိန်းသိမ်းဆဲဖြစ်သော ဆရာတော်ဦးဝေပုလ္လမှာ သက်တော်(၅၆)နှစ်ရှိပြီဖြစ်ကြောင်း ခေတ်အဆက်ဆက် လှော်လှေစောင့်ရှောက်ပေးခဲ့သော ဘုန်းတော်ကြီးများ၏ သက်တမ်းနှင့် အမည်နာမများကို အင်းဝိုင်းကျေးရွာနေ ဦးပြေသိန်းထံမှ သိရသည်။

(ကျော်ဌေး)

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ ဒုတိယနေ့ အစည်းအဝေးကို ယနေ့ ၁၃၇၆ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြီး ညနေပိုင်းတွင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(ယာပုံ)**

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီး ဒုတိယနေ့အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံမှ တိုင်းဒေသကြီးနှင့် ပြည်နယ် သံဃနာယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ ဂိုဏ်းပေါင်းစုံမှ မြို့နယ် သံဃနာယက ဆရာတော်များ၊ သီးခြားပင့်ဖိတ်တော်မူ ထားသည့် ဆရာတော်များ စုစုပေါင်း ၂၅၅၈ ပါး ကြွရောက်တော်မူကြပြီး ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီး ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညို ကြသည်။

အစည်းအဝေးမစတင်မီ အစည်းအဝေးသဘာပတိ ဆရာတော်ကြီး ၁၀ ပါးနှင့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော် ၄၇ ပါးတို့အား လိုဏ်ဂူတော်အတွင်းရှိ သံဃာစင်ပေါ်သို့ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ များနှင့်အညီ တာဝန်ရှိသူများက ပင့်ဆောင်ကြသည်။

ထို့နောက် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး ဒုတိယနေ့အစည်းအဝေးအစီအစဉ် များကို နံနက် ၈ နာရီတွင် ကျင်းပရာ သဘာပတိအဖြစ် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ဆောင်ရွက် တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော် ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏိကာ ဘိဝံသက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က ပဉ္စမ အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြီးကြပ်တော်မူရန် အစည်းအဝေး သဘာပတိဆရာတော် ၁၀ ပါး၏ ဘွဲ့ အမည်စာရင်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် သဘာပတိ ဆရာတော်က သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း စတုတ္ထအကြိမ် ပြင်ဆင် ဖြည့်စွက်ချက်(မူကြမ်း)ကို သံဃဆန္ဒကို ရယူ၍ အတည်ပြု ပေးသည်။

ယင်းနောက် ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များ၊ စာစောင်များ၊ အသံသွင်းခွေများကို နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့က စိစစ်ခွင့်ပြုပြီးမှ ထုတ်ဝေခွင့် ပြုသင့်ကြောင်း အဆိုကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာ ဘိဝံသက တင်သွင်းလျှောက်ထားရာ မွန်ပြည်နယ်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မုဒုံမြို့နယ် နိုင်းပြိုင်ကျေးရွာ ဘုရားကျောင်းမှ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိနှင့် ဝေဠုဝန်ဂိုဏ်းမှ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ မြို့နယ် ရန်ကြီးအောင် ပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဏ္ဍညတို့က ထောက်ခံဆွေးနွေးတော်မူကြသည်။

ဆက်လက်၍ နိကာယ်သာသနာ ထွန်းကားတိုးတက် စေရေး တိုက်တွန်းကြောင်းအဆိုကို မဟာရင်ဂိုဏ်းမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လက တင်သွင်းလျှောက် ထားရာ အနောက်ချောင်းဒွါရဂိုဏ်းမှ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒိဉာဏာဘိဝံသနှင့် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ဆရာတော် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက်မှ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သောဘနတို့က ထောက်ခံ ဆွေးနွေးတော်မူကြသည်။

ထို့နောက် ပရိယတ္တိစာမေးပွဲများဆိုင်ရာ အဆိုကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝရ(မြောင်းမြ)က တင်သွင်းလျှောက် ထားရာ ရခိုင်ပြည်နယ်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ကျောက်ဖြူမြို့ ယပ်လှဲကျောင်းမှ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ စက္ကိန္ဒ က ထောက်ခံဆွေးနွေး တော်မူသည်။

ဆက်လက်၍ သံဃနာယကအဖွဲ့ရုံးများ အတည် တကျဖြစ်ထွန်းလာရန်နှင့် ဥပဒေ့မှုက အဖွဲ့များ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် တိုက်တွန်းကြောင်း အဆိုကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဒါတသိရီဘိဝံသ(မန္တလေး) က တင်သွင်းလျှောက်ထားရာ ချင်းပြည်နယ်မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ တေဇောသာရက ထောက်ခံဆွေးနွေးတော်မူသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၌ ပြည်ပရေးရာအဖွဲ့ငယ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း အဆိုကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂသေနာဘိဝံသ(မိုးမိတ်)က တင်သွင်းလျှောက်ထားရာ ဂဏဝိမုတ်ဂိုဏ်းမှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့ နန္ဒာသီရိကျောင်းမှ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ နန္ဒောဘာသက ထောက်ခံဆွေးနွေး တော်မူပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ မြန်မာနိုင်ငံ နယ်စပ်တောင်တန်း ဒေသများ၌ သာသနာတော်ထွန်းကားပြန့်ပွားရေးကိစ္စ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးအဆိုကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဒေါက်တာဘဒ္ဒန္တ တေဇောသာရာဘိဝံသ(မိုးကုတ်)က တင်သွင်းလျှောက် ထားရာ ကယားပြည်နယ်မှ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော် ဘော်လခဲမြို့ မြို့မဗဟိုသာသနာပြု ကျောင်းမှ ဘဒ္ဒန္တပညာဇောတ က ထောက်ခံဆွေးနွေး တော်မူသည်။

ယင်းနောက်အချိန်အခါအရ ပေါ်ပေါက်လာသော ဘာသာသာသနာဆိုင်ရာ အဖွဲ့များနှင့်စပ်လျဉ်း၍ သံဃာ့ အဖွဲ့အစည်းများ၏ ဩဝါဒခံယူရေးအတွက် ညွှန်ကြားလွှာ ထုတ်ပြန်သင့်ကြောင်း အဆိုကို နေပြည်တော်ကောင်စီ နယ်မြေမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ပုဗ္ဗသီရိမြို့နယ် ကျောက်ချက်ရွာ အောင်စည်သာ ပရိယတ္တိစာသင်တိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိစက္ခဏက တင်သွင်းလျှောက်ထားရာ တနင်္သာရီတိုင်း ဒေသကြီးမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလ က ထောက်ခံ ဆွေးနွေးတော်မူသည်။

ဆက်လက်၍ သံဃဝိနိစ္ဆယအဖွဲ့များ၏ ဆုံးဖြတ် ချက်များကို အလျင်အမြန် အကောင်အထည်ဖော်နိုင်ရေး အတွက် အာဏာပိုင်အဖွဲ့အစည်းများက ကူညီဆောင်ရွက် ပေးရေးအဆိုကို ရခိုင်ပြည်နယ်မှ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော် မင်းပြားမြို့ ဓမ္မိကာရုံကျောင်းမှ သာသနဓဇဓမ္မာစရိယ၊အမ်အေ ဘဒ္ဒန္တကုန္ဒာစရိယ က တင်သွင်းလျှောက်ထားရာ မွန်ပြည်နယ်မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တသုမန က ထောက်ခံဆွေးနွေးတော်မူသည်။

ယင်းနောက် သံဃာ့အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများကို ဆက်လက်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို မူလဒွါရဂိုဏ်းမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သွေးဆေးကန် ကျောင်းတိုက် နတ်မောက်ကျောင်းမှ ဓမ္မာစရိယ ဘဒ္ဒန္တခေမာဓိက က အသိပေးတင်ပြလျှောက်ထား တော်မူသည်။

ဆက်လက်၍ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီး၌ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များ၊ ရွေးချယ် တင်မြှောက်ချက်များကို အတည်ပြုကြောင်း သာသနာ့ သမိုင်းဝင်မှတ်တမ်းစာအုပ်ကြီး၌ သဘာပတိအဖွဲ့ဝင် ဆရာတော်ကြီး ၁၀ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော် ဆောင် ဆရာတော်၊ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်ဆရာတော် တစ်ပါးစီတို့က မှတ်တမ်းတင်လက်မှတ်များ ရေးထိုးတော်မူ ကြသည်။

ထို့နောက် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒိဗလနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက် မိသားစုတို့က သဒ္ဓါတရား ထက်သန်စွာဖြင့် အစမှအဆုံးတိုင်အောင် ဆောင်ရွက်ခဲ့ပုံ များကို ဆရာတော် ဘဒ္ဒန္တ ဣန္ဒိဗလ က တင်ပြလျှောက်ထား သည်။

ယင်းနောက် သဘာပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ က ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒိဗလနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစုတို့၏ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ-အဓိပတိတပ်၍ ကြိုးပမ်းဆောင်ရွက် ချက်များကို မော်ကွန်းမှတ်တမ်းတင်သည့်အနေဖြင့် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒိဗလ အားလည်းကောင်း၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းအားလည်းကောင်း မော်ကွန်းတင်ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီးကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကိုယ်စား ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဆန်းဆင့်က ရွှေသံလွင်ကုမ္ပဏီလီမိတက် မိသားစု၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မော်ကွန်း မှတ်တမ်းတင်သည့်အနေဖြင့် သီဟသုဓမ္မသီဂီ သီရိ သုဓမ္မသီဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နီနီနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက် မိသားစုများအား မော်ကွန်းတင် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်သည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက နိဂုံးချုပ်ဩဝါဒကထာ ချီးမြှင့်တော် မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာ တရားချီးမြှင့်ကာ ရေစက်သွန်းချ အမျှပေးဝေသည်။

ယင်းနောက်အစည်းအဝေးပွဲကြီးသို့ ကြွရောက်တော် မူလာကြသည့် ဆရာတော်၊ သံဃာတော်များက "ဇယန္တော ဗောဓိယာ မူလေ"အစချီသော နှစ်ဂါထာကို ရွတ်ဆိုတော် မူကြပြီးနောက် သာဓု သုံးကြိမ်ခေါ်ဆိုကာ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ညနေ ၄ နာရီ တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေး ပွဲကြီး အပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ မြတ်စွာဘုရား အမျှူးပြုသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီး ဒေါ်ခင်မလေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ဇနီး၊ ဒုတိယ ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ခရိုင် လေးခရိုင်နှင့် မြို့နယ်များ၊ ရန်ကုန်၊မင်္ဂလာဒုံနှင့် မှော်ဘီတပ်နယ် တပ်ရင်းတပ်ဖွဲ့များ၊ ရွှေသံလွင်ကုမ္ပဏီ မိသားစု၊ မြန်မာ နိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ကုမ္ပဏီများနှင့် အလှူရှင်များက ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ ကို လောင်းလှူကြသည်။

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွှေသံလွင် ကုမ္ပဏီလီမိတက်မိသားစုက ငွေကျပ်သိန်း ၂၀၀၀ ကျော် အကုန်အကျခံ လှူဒါန်းခဲ့သည်။

သံဃာတော်များအတွက် သပ္ပါယဖြစ်စေရန် ဆွမ်း၊ ကွမ်းအစီအမံနှင့်ပတ်သက်၍ ပဲခူးမြို့ ရွှေအုန်းပင် ထမင်းဆိုင်မှ ဦးဝင်းမြင့် ဦးဆောင်သော အမျိုးသား ၃၀၀ နှင့် ဦးကျော်ခင်မြင့် ဦးစီးသည့် ရန်ကုန်တိုင်း သာသနာ့ နုဂ္ဂဟအသင်းဝင် ဝေယျာဝစ္စအဖွဲ့သား ၁၀၀၀ ကျော် တို့က ဆွမ်းချက်၊ ဆွမ်းကပ်လုပ်အားအလှူဒါနပြုခဲ့ကြ ကြောင်း သိရသည်။ **(သတင်းစဉ်)**

❑ **ကဆုန်လပြည့်မှ**

ယင်းနောက် နံနက် ၇ နာရီတွင် စေတီတော်ဩဝါဒါစရိယဆရာတော် ကြီးများက စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပြီး ညောင်ရေသွန်းလောင်းပူဇော်ကြ သည်။ ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ ဘုရားဖူးလာပြည်သူများက မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော် ကြသည်။

ထို့နောက် ဆရာတော်များ၊ ဂေါပကအဖွဲ့များက စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး စေတီတော်ကြီးရှိ မဟာဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ အများပြည်သူများ ညောင်ရေသွန်းလောင်းနိုင်ရန် ဝတ်အသင်းများ၊ ပရဟိတလူမှုရေးအဖွဲ့များက ကုသိုလ်ယူ ကူညီဆောင်ရွက်ပေးကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ကဆုန်ညောင် ရေသွန်းပွဲဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီက စေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ ဆိပ်ကမ်းမြို့နယ် ဝါဆိုကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တာသုတ်ပရိတ်များ ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် ဆရာတော်သံဃာတော်များ၊ ဂေါပကအဖွဲ့ များက စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး မဟာဗောဓိမဂ္ဂင်မြိုင်ရှိ မဟာဗောဓိညောင်ပင်ကို ဆရာတော်များ၊ ပရိသတ် များက ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သော လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ် (ကျောက်တော်ကြီး ဘုရား) ရင်ပြင်တော်ပေါ်ရှိ သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်စိုက်ပျိုးခဲ့သော ဒက္ခိဏသာခါမဟာဗောဓိပင်အား (၁၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲကို နံနက် ၇ နာရီမှစတင်ကာ ဂေါပကအဖွဲ့က ဦးဆောင်၍ ဘုရားဖူးလာပြည်သူ များဖြင့် ကျင်းပသည်။

(၁၄) ကြိမ်မြောက် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပွဲတော်ကို မေ ၁၃ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အောင်ဗောဓိဆုတောင်းပြည့် စေတီတော်၌ မဟာဗောဓိပင်အား ကဆုန် ညောင်ရေသွန်းလောင်းကြစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)

အလားတူ မဟာဝိဇယစေတီတော် မဟာဗောဓိညောင်ပင်၌ (၂၈) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲကို ကျင်းပရာ ဂေါပကအဖွဲ့ဝင်များက "ဥဒ္ဒိဿယ ဇိနံဗုဒ္ဓံ" အစချီညောင်ရေသွန်းဂါထာကို ရွတ်ဆိုပူဇော်ခြင်း၊ "ဇယောဟိဗုဒ္ဓဿ" ဂါထာတော်နှင့် ဗောဓိညောင်နန်း အစချီ ရှစ်လုံးဘွဲ့ ကဗျာရွတ်ဆို၍ ညောင်ရေသွန်းလောင်းခြင်း၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများက "ဇယန္တော" အစချီဆုတောင်းပတ္ထနာ(၆)ဂါထာနှင့် "သွန်းကြ-သွန်းကြ" အစချီကဗျာများဖြင့် ရွတ်ဆိုကြပြီး မဟာဗောဓိညောင်ပင် အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

သင်္ဃန်းကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင် စေတီတော်၌ (၁၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲကို တနင်္လာထောင့်ရှိ ဗဟို မဏ္ဍပ်ရှေ့၌ ကျင်းပရာ ဂေါပကအဖွဲ့နှင့် ဘာသာရေးအသင်းအဖွဲ့များက စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး မဟာ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ နံနက် ၄ နာရီခွဲတွင် စေတီတော်ဝင်းအတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်များက စေတီတော် ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအတိုင်း ညောင်ရေသွန်းပွဲတော်ကို တစ်နိုင်ငံလုံး ခြိမ့်ခြိမ့်သဲသဲ ကျင်းပမြဲဖြစ်သည့်အားလျော်စွာ (၁၃)ကြိမ်မြောက် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ညောင်ရေသွန်းလောင်းပူဇော်ပွဲကို လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ မဟာဗောဓိပင် ပရိဝုဏ်၌ မေ ၁၃ ရက် နံနက်ပိုင်းက ကျင်းပစဉ်။ (၆၈၄)

မေ ၁၃ ရက် (ကဆုန်လပြည့်) က စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားရင်ပြင်တော်ရှိ မဟာဗောဓိညောင်ပင်၌ ဘုရားဖူးပြည်သူများက ညောင်ရေသွန်းလောင်းကြစဉ်။
တင်ဝင်းလေး(ကြည့်မြင်တိုင်)

အလားတူ ဆူးလေစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ ရွှေဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၊ မိုးကောင်းစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မယ်လမု၊ ဥက္ကလာပစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက် စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်း ရေလယ်ဘုရားနှင့် ခရမ်းမြို့ သွန်းဘုရားကြီး အပါအဝင် မြို့နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ ဗုဒ္ဓအခါတော်နေ့အထိမ်းအမှတ်အဖြစ် ဗုဒ္ဓါဘိသေက အနေ ကဇာတင် မင်္ဂလာအခမ်းအနားများကျင်းပကြပြီး မဟာဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများရှိ ဗောဓိညောင်ပင်အား ဗုဒ္ဓဘာသာဝင်များ တစ်နေကုန် ညောင်ရေသွန်းလောင်း နိုင်ရန် အောင်သပြေ၊ အမွှေးနံ့သာများထည့်ထားသည့် တာအိုးများ၊ အမွှေး တိုင်၊ ဖယောင်းတိုင်များကို ဂေါပကအဖွဲ့များ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသကဲ့သို့ တရားဘာဝနာ ပွားများအားထုတ်သူများ၊ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်သူများ၊ အလှူဒါနပြုကြ သူများ၊ စတုဒိသာကျွေးမွေးကြသူများနှင့် ဘုရားဖူး ကြို/ပို့ယာဉ်အလှူတော် ကုသိုလ်ယူကြသူများဖြင့် အထူးစည်ကားသိုက်မြိုက်လျက်ရှိကြောင်း တွေ့ရသည်။ **(သတင်းစဉ်)**

နေပြည်တော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်၌ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၃

ယနေ့ ၁၃၇၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီကုန်းတော်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်၌ ဗုဒ္ဓပူဇနိယ ပွဲတော် ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို နံနက် ၆ နာရီတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ဦးဖုန်းဇော်ဟန်၊ ဦးကံချွန်၊ ဦးမျိုးညွန့်၊ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးတို့က သတ္တသတ္တာဟ မဟာဗောဓိ စေတီတော် ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော် မူလျက်ရှိသည့် အနိမိတရုပ်ပွားတော်မြတ်ကြီးအား ရွှေကြာသင်္ကန်းတော်နှင့် ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် သစ်သီး များ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ကြာကန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒိယ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဘိသိက်သွန်းတော်မူကြသည်။

ဆက်လက်၍ ကဆုန်ညောင်ရေသွန်းလောင်းပူဇော် ခြင်းအခမ်းအနားကျင်းပရာ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်ဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်၌ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးနှင့် ဦးကံချွန်တို့က လည်းကောင်း၊ အဇပါလညောင်ပင်၌ နေပြည်တော် ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးတို့ကလည်းကောင်း၊ ရာဇာရတန လင်းလွန်းပင်၌ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးမြင့်အောင်သန်းတို့က လည်းကောင်း ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အဆိုပါ အခမ်းအနားမစတင်မီ နံနက် ၅ နာရီတွင် ပင့်သံဃာများအား သတ္တသတ္တာဟ မဟာဗောဓိစေတီ တော်၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး သတ္တ သတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ ပွဲတော်အကြို အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

နေပြည်တော် ဥဒယရံသီကုန်းတော်ပြင်၌ ဘုရား အလောင်း ဖွားမြင်တော်မူရာနေရာ၊ မြတ်စွာဘုရား ဓမ္မစကြာတရားဦးဟောတော်မူရာနေရာ၊ မြတ်စွာဘုရား မဟာပရိနိဗ္ဗာန်စံဝင်တော်မူရာနေရာများအား ပြည်သူ များ ကြည်ညိုဖူးမြော်နိုင်ရန် ဆက်လက်တည်ဆောက် လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ မန္တလေးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီတော်တို့တွင် ကုသိုလ်ပုညပြုကြသူများဖြင့် စည်ကားလျက်ရှိ

မန္တလေး မေ ၁၃

မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲများ ကျင်းပ ခြင်း၊ မန္တလေးမြို့ပေါ် ရပ်ကွက် များမှ ဆွမ်းလောင်းအသင်းများနှင့် ကုသိုလ်ပုည ဆည်းပူးကြသူများက ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းများ လောင်းလှူပူဇော် ခြင်း၊ ပရိဘောဂစေတီတော်ထိုက် သည့် မဟာဗောဓိညောင်ပင်အား ရေစင်သွန်းလောင်းလှူခြင်းတို့ကို ယနေ့ နံနက်မိုးသောက်ချိန်မှစတင်၍ ဆောင်ရွက်ကြသဖြင့် မန္တလေးမြို့ တွင် ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားသက်ဝင်လျက်ရှိသည်။

နံနက် ၄ နာရီတွင် မဟာမြတ်မုနိ ဘုရားကြီးအား ရေတော်ဆရာတော် အမှူးပြုသည့် မျက်နှာတော်သစ် ဝတ်အဖွဲ့က ဘုရားကြီးအား မျက်နှာ တော်သစ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း တို့ကို ဆောင်ရွက်တော်မူကြပြီး မန္တလေးမြို့ပေါ် ရပ်ကွက်များမှ ဝတ် အသင်းအဖွဲ့များနှင့် ဘုရားဖူးလာ ပြည်သူများက ပန်း၊ ရေချမ်းကပ်လှူ ပူဇော်ခြင်းအပါအဝင် ကုသိုလ်ဒါန ပြုကြသူများနှင့် တရားဘာဝနာ ပွားများ အားထုတ်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိ သည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ကဆုန်ညောင်ရေသွန်းလောင်းသူ များက မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိ ညောင်ပင်နှင့် စွယ်တော်မြတ်စေတီ တော် (မန္တလေး)ရှိ သီရိလင်္ကာနိုင်ငံမှ ဓမ္မလက်ဆောင်ရရှိသည့် မဟာ ဗောဓိညောင်ပင်တို့အား ဓလေ့ ထုံးတမ်းများနှင့်အညီ ရေစင်သွန်း လောင်းကြသည်။

မန္တလေးမြို့ မဟာအောင်မြေ မြို့နယ် ဗောဓိကုန်းရပ်ရှိ မဟာဗောဓိ ကျောင်းတိုက်အတွင်းရှိ ပဉ္စမသင်္ဂါ ယနာတင် မင်းတုန်းမင်းကြီး စိုက်ပျိုး လှူဒါန်းခဲ့သည့် မဟာဗောဓိ ညောင်ပင်ကို (၁၅၄)ကြိမ်မြောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို အစဉ်အလာမပျက်ကျင်းပရာ ကဆုန် ညောင်ရေသွန်းလောင်းလှူကြသူများ လွယ်ကူအဆင်ပြေစေရန် ဘာသာ ရေးအသင်းအဖွဲ့များက ကူညီဆောင် ရွက်ပေးခြင်း၊ မင်္ဂလာလမ်းမှ မဟာ ဗောဓိကျောင်းတိုက် ရောက်သည် အထိ နှစ်စဉ်မပျက် စတုဒိသာ ဧည့်ခံကျွေးမွေးကြသူများဖြင့် ကုသိုလ် ပြုသူ၊ ဒါနပြုသူများဖြင့် စည်ကား လျက်ရှိသည်။

အလားတူ မန္တလေးမြို့ရှိ ဦးပွား ဆုတောင်းပြည့်စေတီတော်၊ သကျ သီဟဘုရား၊ အိမ်တော်ရာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ဆုတောင်းပြည့် ဆုတောင်းရဘုရား၊ ချမ်းသာရဘုရား၊ မဟာလောက ရန်နိုင် အောင်တော်မူဘုရားနှင့် မန္တလေးတောင်၊ ရန်ကင်းတောင်တို့၌ နောင်သံသရာအတွက် ရည်မှန်း၍ တရားဘာဝနာ ပွားများအားထုတ်ကြ သူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် မန္တလေးတစ်မြို့လုံး ဒါန၊ သီလ ကုသိုလ်ပြုကြသူများဖြင့် စည်ကား လျက်ရှိသည်။ **(သတင်းစဉ်)**

မြိတ်မြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ညောင်ရေသွန်းပွဲတော် အထူးစည်ကား

မြိတ် မေ ၁၃

မြိတ်မြို့တွင် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ညောင်ရေသွန်းပွဲတော်အထူးစည်ကားလျက်ရှိသည်။ မြိတ်ခရိုင် မြိတ်မြို့တွင် ဗုဒ္ဓဘာသာလူငယ်အသင်း(YBA)မှ ကြီးမှူးကျင်းပသော အကြိမ်(၇၀)မြောက် ကဆုန်ညောင်ရေ သွန်းပွဲတော်ကို ဘုရားငါးဆူကွင်း ယာယီစံကျောင်းတော်တွင် ကိန်းဝပ်စံပယ်တော်မူသည့် ဒီပင်္ကရာမြတ်စွာဘုရား အား မေ ၁၀ ရက်မှစတင်၍ အမွှေးနံ့သာများ၊ ရေများဖြင့် ကုသိုလ်ပြုကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပ ခဲ့သည်။ **(ဝဲပုံ)**

ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ မေ ၁၃ ရက် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မြိတ်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများ၊ စေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာဖြင့်ပူဇော်ခြင်း၊ ရေသွန်းလောင်းပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် စိုက်ပျိုးပူဇော်ထားသော ဗောဓိပင်များတွင်လည်း ညောင်ရေသွန်းလောင်းပူဇော်ခြင်းတို့ကို ကြည်နူးဖွယ်ရာဓလေ့တစ်ခုအဖြစ် ပြုလုပ်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပြည်တွင်းရေးရာ

✻ကျော်ဖုံးမှ

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီသည် အင်စတီကျူးရှင်း သုံးခုကို အခြေခံပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော် ယင်းသုံးခုတွင် မိမိအနေဖြင့် လွှတ်တော်ကိုယ်စား တက်ရောက်လာခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် ယနေ့ဆွေးနွေးချက်များကို အစိုးရအဖွဲ့နှင့်ကိုယ်စားလှယ်ကြီးများက ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊

ထိုဆွေးနွေးမှုများမှ သဘောတူညီမှုများကို အကောင်အထည်ဖော်မှုလုပ်ငန်းများ အစဉ်သဖြင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးကြီးပါကြောင်း၊ ဤသို့ဆောင်ရွက်နိုင်ခြင်းအားဖြင့် ငြိမ်းချမ်းရေးအတွက် ပိုမိုပြီးအထောက်အကူပြုစေပါကြောင်း၊ ထို့အပြင် ဆွေးနွေးမှုများကို စဉ်ဆက်မပြတ်တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် ယခုတွေ့ဆုံပွဲ၏ ညှိနှိုင်းဆွေးနွေးမှုများအပေါ် ကောင်းမွန်စွာ မှတ်သားပြီး အကောင်းဆုံးတုံ့ပြန်နိုင်အောင် ပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးမှုနှင့် ပတ်သက်သော လွှတ်တော်ဆိုင်ရာကိစ္စရပ်များ အားလုံးကိုလည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်ပြီး ယင်းဆွေးနွေးမှု၏ အသီးအပွင့်များကို ကချင်ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ခံစားနိုင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်က ၂၀၁၁ ခုနှစ် တိုက်ပွဲများပြန်လည်ဖြစ်ပွားပြီးနောက်ပိုင်း KIO ဆွေးနွေးရေးအဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအဖွဲ့တို့ အကြိမ်ကြိမ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး ၂၀၁၃ ခုနှစ် မေလနှင့် အောက်တိုဘာလဆွေးနွေးပွဲများတွင် နှစ်ဖက်တိုက်ခိုက်မှုလျှော့ချရေးနှင့် တိုက်ပွဲများထပ်မံမဖြစ်ပွားအောင် ထိန်းသိမ်းရေးတို့အတွက် သဘောတူညီချက်များ ရရှိခဲ့ကြပါကြောင်း၊ အဆိုပါ သဘောတူညီချက်၏ အကျိုးရလဒ်အဖြစ် နှစ်ဖက်စလုံးမှ ဝိုင်းဝန်းထိန်းသိမ်းမှုကြောင့် ကချင်ပြည်နယ်ဒေသအချို့၌ တိုက်ပွဲများလျော့ကျသွားပြီး အချို့ဒေသများ၌ တိုက်ပွဲများမရှိသလောက်နီးပါး တိုးတက်မှုရရှိခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊

ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ညီလာခံကိုလည်း လိုင်ဇာမြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) ကိုဖွဲ့စည်းကာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရေးအတွက် ညှိနှိုင်းမှုများစတင်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ NCCT သည် စစ်မှန်သောနိုင်ငံရေးဆွေးနွေးပွဲပေါ်ပေါက်လာစေရေးအတွက် လိုအပ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Peace Process) များ အဆင့်ဆင့်ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့်အတူ ကြိုးပမ်းအားထုတ်ညှိနှိုင်းဆောင်ရွက်နေသည့်အချိန်တွင် ကချင်ပြည်နယ်အတွင်း အချို့ဒေသများနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အချို့ဒေသများတွင် တိုက်ပွဲများပိုမိုဖြစ်ပွားလာသောကြောင့် ဒေသအတွင်းရှိ ပြည်သူများ စိုးရိမ်ပူပန်လျက်ရှိပြီး ဒေသတွင်း မတည်ငြိမ်မှုများဖြစ်ပွားလျက်ရှိနေပါကြောင်း၊

ဤကဲ့သို့တိုက်ပွဲများအရှိန်မြင့် ပြန်လည်ဖြစ်ပွားလာခြင်းသည် သဘောတူညီချက်များအား နှစ်ဦးနှစ်ဖက်မှ တာဝန်ယူထိန်းသိမ်းလိုက်နာမှု အားနည်းခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်ပါကြောင်း၊ ထိုနည်းတူစွာ နှစ်ဦးနှစ်ဖက်ကြားတွင် အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် အပြန်အလှန်ယုံကြည်မှုများ ဖော်ဆောင်ရေး၌လည်း အားနည်းမှုရှိနေသေးသည်ဟု သုံးသပ်မိပါကြောင်း၊

မိမိတို့ KIO အနေဖြင့် လက်ရှိဖြစ်ပွားနေသော ပြဿနာများအား အမြန်ဆုံးတွေ့ဆုံညှိနှိုင်းဖြေရှင်းကြရန်နှင့် ထပ်မံမဖြစ်ပွားစေရေး ဆွေးနွေးညှိနှိုင်းအဖြေရှာကြရန် လိုအပ်သည်ဟု အလေးအနက်ယုံကြည်သည်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအား တွေ့ဆုံဆွေးနွေးရန် အဆိုပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ နှစ်ဖက်ကိုယ်စားလှယ်များအနေဖြင့် ပြဿနာအား စိတ်ရင်းစေတနာအမှန်ဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာသွားနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက KIO အဖွဲ့နှင့် အစိုးရတို့ မြစ်ကြီးနားတွင် ငြိမ်းချမ်းရေးဆွေးနွေးခဲ့သည်မှာ ယခုဆိုလျှင် (၃)ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ NCCT အဖွဲ့နှင့် ပထမဆုံးဆွေးနွေးခဲ့သည်မှာလည်း မြစ်ကြီးနား၌ ဖြစ်ပါကြောင်း၊ ပထမ(၂)ကြိမ်ဆွေးနွေးခဲ့ကြသည်မှာ အစိုးရနှင့် KIO အဖွဲ့တို့ကြား သဘောတူညီချက်များ ရရှိခဲ့ကြပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်မရေးထိုးနိုင်သေးသော်လည်း အပစ်အခတ်တိုက်ခိုက်မှုများ လျှော့ချရန်သဘောတူညီခဲ့ပါကြောင်း၊ NCCT ဖွဲ့စည်းပြီးသည့်နောက်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရန် ညှိနှိုင်းခဲ့ကြပါကြောင်း၊ ယင်းဖြစ်စဉ်တွင် KIO အဖွဲ့ကလည်း တက်တက်ကြွကြွပါဝင်ခဲ့ပါကြောင်း၊ အစိုးရအနေဖြင့်လည်း တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လုပ်နိုင်ခဲ့လျှင် KIO အဖွဲ့အပါအဝင် အပစ်အခတ်လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အခြားအဖွဲ့အစည်းများနှင့်လည်း ပါဝင်လာမည်ဖြစ်သည်ဆိုသည့် ရည်မှန်းချက်ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ယင်းဖြစ်စဉ်ကို အားစိုက်ထုတ်ခဲ့ပါကြောင်း၊ KIO အဖွဲ့ဘက်မှ Technical Team များ အနေဖြင့်လည်း NCCT တွင် ပါဝင်အားစိုက်ထုတ်ခဲ့ကြပါကြောင်း။

အစိုးရနှင့် NCCT ကြားတွင် အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများရှိခဲ့ပါကြောင်း၊ သို့သော် ယင်းဖြစ်စဉ်ကို အားစိုက်ထုတ်ရသည့်အပေါ်တွင် အစိုးရနှင့် KIO တို့အကြားတွင် ဆက်လက်လုပ်ဆောင်ရမည့် အချက်များအပေါ်တွင် ဆက်လက်လုပ်ဆောင်ရန် အားနည်းသွားခဲ့ပါကြောင်း၊ မကြာခင်ကဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များကို ပြန်ကြည့်ပြီး သင်ခန်းစာယူရလျှင် အစိုးရနှင့် KIO အကြား ငြိမ်းချမ်းရေး ဖြစ်စဉ်ကိုလည်း တစ်ပြိုင်နက်တည်း ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်သည်ဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

လက်ရှိတွင် နှစ်ဖက်က သတ်သတ်မှတ်မှတ် အသိအမှတ်ပြုထားသည့် ထိန်းချုပ်နယ်မြေ ကျယ်ကျယ်ပြန့်ပြန့် မရှိသေးသည့်အတွက် နှစ်ဖက်တပ်လှုပ်ရှားမှုများ လုပ်သည့်အခါ ထိတွေ့မှုများဖြစ်ကြပါကြောင်း၊ ပြဿနာအသေးလေးကို ထိထိရောက်ရောက်မဖြေရှင်းနိုင်သည့်အခါ အမှိုက်ကအစ ပြာသာဒ်မီးလောင်ဆိုပြီး ပြဿနာတွေ ပိုကြီးလာသည့် သဘောကိုတွေ့ရပါကြောင်း၊ ယင်းအတွေ့အကြုံကို သင်ခန်းစာယူပြီး မိမိတို့ နှစ်ဖက်လုံးက ပြဿနာတွေမကြီးထွားမီ ဖြေရှင်းနိုင်ရန် Mechanism တစ်ခု ပြုလုပ် အကောင်အထည်ဖော်ရန် အဆိုပြုလိုပါကြောင်း၊ အဓိကအရေးကြီးဆုံးအချက်မှာ KIO နှင့် အစိုးရကြားတွင် သဘောတူညီချက်များရှိကြပါကြောင်း၊ ယင်းသဘောတူညီချက်များကို နှစ်ဖက်လုံးက လိုက်နာပြီး အကောင်အထည်ဖော်ရန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် ပြည်သူလူထုအား ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် အကာအကွယ်ပေးထားသည့် သဘောတူညီချက်များ ရှိကြပါကြောင်း။

ဤသဘောတူညီချက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာဒေသအသီးသီးတွင်ရှိသည့် လူထု၏စိုးရိမ်မှုများကို ဆွေးနွေးရန် လိုမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးမလာခင်က မိမိအနေဖြင့် မန္တလေးတွင် ရှမ်းနီ ခေါင်းဆောင်များနှင့်တွေ့ခဲ့ပါကြောင်း၊ ၎င်းတို့၏ စိုးရိမ်ချက်များ၊ တင်ပြချက်များကိုလည်း မိမိတို့ နားထောင် ဆွေးနွေးကြရမည်ဟု မျှော်လင့်ပါကြောင်း၊ ကချင်လူထုအဖွဲ့အစည်းများကလည်း စိုးရိမ်မှုများရှိကြကြောင်း၊ ယင်းတို့ကို နားထောင်ပြီး လူထုကိုအကာအကွယ်ပေးရန် နှစ်ဖက်လုံးမှကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ပဋိပက္ခ အရှိန်အဟုန်လျှော့ချနိုင်ရန် ပူးတွဲအပစ်အခတ်စောင့်ကြည့်ရေးအဖွဲ့ကို Pilot Project အနေဖြင့် ဖွဲ့စည်းရန် သဘောတူထားတာရှိပါကြောင်း၊ ယင်းကို ဆက်လက်အကောင်အထည်ဖော်ရန် မိမိတို့ နှစ်ဖက်စလုံးတွင် တာဝန်ရှိပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရန် ကြိုးစားကြရမှာဖြစ်ပါကြောင်း၊ တချို့ IDP ရွာများကို ဆန္ဒအလျောက် ပြန်လည်အခြေချနိုင်အောင် အစပျိုး Pilot Project စရန် သဘောတူညီချက်များရှိပါကြောင်း၊ လူထုသွားလာသည့်လမ်းများကို အသုံးပြုသွားလာနိုင်အောင် ဖွင့်လှစ်ပေးရန် ဆက်လက်အကောင်အထည်ဖော်ရန်အတွက် နှစ်ဖက်စလုံးက ကြိုးစားကြရမှာဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲများ၏ အဓိကရည်ရွယ်ချက်မှာ အစိုးရနှင့် KIO တို့အကြား ယခင်ရှိထားသည့် သဘောတူညီချက်များကို ပိုမိုခိုင်ခံ့အောင် အကောင်အထည်ဖော်ရန် ရည်မှန်းပါကြောင်း၊ ယင်းသဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် ပဋိပက္ခအရှိန်အဟုန်များကိုလျှော့ချနိုင်မှာ ဖြစ်ပါကြောင်း၊ အရေးကြီးသည့်အချက်မှာ လက်ရှိအခြေအနေမှ အစိုးရနှင့် KIO တို့အကြားတွင် အပစ်အခတ်ရပ်စဲရေးရရှိအောင် ဆောင်ရွက်နိုင်ရန်က အရေးကြီးကြောင်း၊ ယုံကြည်မှုအားနည်း၍ အပစ်အခတ်ရပ်စဲရေးလုပ်ရန် ခက်ခဲသကဲ့သို့ အပစ်အခတ်ရပ်စဲရေးမရှိ၍ ယုံကြည်မှုတည်ဆောက်ရန် ခက်သည့် စိန်ခေါ်မှုများကိုလည်း မိမိတို့ကြုံတွေ့နေရပါကြောင်း၊ ယခုအစည်းအဝေးမှ နှစ်ဖက်အကြားတွင် ဖြစ်ခဲ့သည့် ပဋိပက္ခအရှိန်အဟုန်ကို လျှော့ချနိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ ယခင်က သဘောတူညီခဲ့သည့် အချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားပါကြောင်း၊ ပြဿနာဖြေရှင်းသည့် Mechanism တစ်ခုကို တည်ဆောက်ရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း၊ သဘောတူညီထားပြီးဖြစ်သည့် ပူးတွဲအပစ်အခတ်စောင့်ကြည့် ကြီးကြပ်ရေးနှင့် IDPs နေရာပြန်ချရေး၊ Pilot Project များကို အကောင်အထည်ဖော်နိုင်ရန် အဆိုပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၃ ခုနှစ် အောက်တိုဘာလဆွေးနွေးပွဲနောက်ပိုင်း ဖြစ်ပေါ်ခဲ့သော ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အပြန်အလှန်ဆွေးနွေးကြပြီး ၂၀၁၃ ခုနှစ် မေလနှင့် အောက်တိုဘာလ ဆွေးနွေးပွဲ သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

ထို့နောက် ပဋိပက္ခညှိနှိုင်းဖြေရှင်းအဖွဲ့၊ ဖွဲ့စည်းသဘောတူညီ လက်မှတ်ရေးထိုးထားသော စာချုပ်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်တို့က လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် KIO ကိုယ်စားလှယ် ဗိုလ်ချုပ်ဂွမ်မော်တို့က လည်းကောင်း စာချုပ်များကို လဲလှယ်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် ပူးတွဲထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးအောင်မင်းနှင့် ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်ရီ၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ MPC မှ အကြံပေးပုဂ္ဂိုလ် ဦးလှမောင်ရွှေနှင့် အဖွဲ့ဝင်များ၊ KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်၊ ဗိုလ်ချုပ်ဂွမ်မော်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး လေ့လာသူများအဖြစ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးရုံးမှ Ms. Mariann Hagen၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာ အထူးသံတမန်အဖွဲ့မှ Mr. Wang Yingfa၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသော NCCT၊ ABSDF၊ PNLO၊ KNU၊ KNPP၊ CNF၊ UNFC၊ NMSP၊ PSLF၊ SSPP၊ ANC၊ DKBA၊ LDU တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ ဆွေးနွေးပွဲတက်ရောက်လာကြသူများအား မဂ္ဂလာခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(ပြည်နယ်ပြန်/ဆက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်လာသော တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များကို တွေ့ရစဉ်။ (သတင်းစဉ်)

မြေပြင်ကွင်းဆင်းကောက်ယူပြီး သန်းခေါင်စာရင်းမေးခွန်းပုံစံများအား သက်ဆိုင်ရာဒေသများမှ နေပြည်တော်သို့သယ်ယူလျက် စနစ်တကျ လက်ခံစစ်ဆေးဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၃

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကြီးကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်အောင်မြင်စွာ ကောက်ယူဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။ ယင်းသို့ ကောက်ယူရာတွင် အိမ်ထောင်စုတစ်စုလျှင် မေးခွန်း(၄၁)ချက်၊ အဖွဲ့အစည်းဆိုင်ရာများအား မေးခွန်း (၁၁)ချက်စီ မေးမြန်းကောက်ယူခဲ့ခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးအနေဖြင့် ဧပြီ ၁၀ ရက်အထိ စုစုပေါင်း အိမ်ထောင်စု ၁၀၇၁၉၈၈၇ စုကို သန်းခေါင်စာရင်းမေးခွန်းများ မေးမြန်းကောက်ယူနိုင်ခဲ့ကြောင်းနှင့် ကောက်ယူရန် ကျန်ရှိနေသေးသည့်ဒေသအချို့တွင်လည်း သန်းခေါင်စာရင်းဥပဒေနှင့်အညီ ဖြစ်နိုင်သမျှ ဆက်လက်ကောက်ယူရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေရာဒေသအသီးသီး၌ မြေပြင်ကွင်းဆင်းကောက်ယူပြီးဖြစ်သည့် သန်းခေါင်စာရင်း မေးခွန်းပုံစံများအား စနစ်တကျထုပ်ပိုးပြီး သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူးများက ကြီးကြပ်၍ ကြိုတင်စီစဉ်ဆောင်ရွက်ပေးထားသည့် စုစုပေါင်း မော်တော်ယာဉ် ၆၃ စီး၊ ရေယာဉ်တစ်စင်းတို့ အသုံးပြုကာ ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက်မှစတင်၍ ခရိုင်နှင့် မြို့နယ်အလိုက် အဆင့်ဆင့်သယ်ဆောင်ပြီး နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပို့ဆောင်လျက်ရှိသည်။

ထို့နောက် ရောက်ရှိလာသည့် သန်းခေါင်စာရင်း မေးခွန်းပုံစံများအား နေပြည်တော်ရှိလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက မြို့နယ်အလိုက် မေးခွန်းပုံစံများကို လက်ခံ၍ စာရင်းကောက်ကွက်တစ်ကွက်ချင်းအလိုက် ပုံစံများနှင့် ကောက်ကွက်စာရင်းချုပ်တို့ကို တိုက်ဆိုင်စစ်ဆေးပြီးနောက် ပြည့်စုံမှန်ကန်ပါက သတ်မှတ်ကတ္တူပုံးများဖြင့် ပြန်လည်ထုပ်ပိုး၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် မှတ်တမ်းစင်များပေါ်သို့စနစ်တကျတင်ဆောင်ထိန်းသိမ်းဆောင်ရွက်လျက် ရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် သန်းခေါင်စာရင်း မေးခွန်းပုံစံများအားလုံး ဒေသအသီးသီးမှ နေပြည်တော်ရုံးချုပ်သို့ မကြာမီကာလတွင် ရောက်ရှိကြမည်ဖြစ်ပြီး ၎င်းပုံစံများအား စနစ်တကျ လက်ခံစစ်ဆေးပြီး နောက်ပိုင်းတွင် ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား နေ့ဆိုင်း၊ ညဆိုင်းခွဲကာ Optial Mark Reader (OMR) စက် ရှစ်လုံးအသုံးပြု၍ စာရင်းဇယားများ မှတ်တမ်းသွင်းဖတ်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာအိုလံပစ်သွေးစည်းညီညွတ်ရေးနှင့် အာရှအိုလံပစ်ကောင်စီတို့၏ အရှေ့တောင်အာရှအိုလံပစ်ကော်မတီများအတွက် ဒေသဆိုင်ရာဖိုရမ် ကျင်းပ

နေပြည်တော် မေ ၁၃

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ အိုလံပစ်သွေးစည်းညီညွတ်ရေးနှင့် အာရှအိုလံပစ်ကောင်စီတို့၏ အရှေ့တောင်အာရှနှင့် အရှေ့တောင်အာရှအိုလံပစ်ကော်မတီများအတွက် ဒေသဆိုင်ရာဖိုရမ် OS/OCA Regional Forum Ron East and Southeast Asian NOCs ကို မေ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် The Hotel Royal ACE ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာအိုလံပစ်သွေးစည်းညီညွတ်ရေး အစီအစဉ် (IOC/OS)မှ ကိုယ်စားလှယ် ငါးဦး၊ အရှေ့တောင်အာရှ ကိုးနိုင်ငံမှ ကိုယ်စားလှယ် ၁၈ ဦး၊ အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ ကိုယ်စားလှယ် ၂၂ ဦး၊ (၁၇)ကြိမ်မြောက် အင်ချွံအာရှအားကစားပြိုင်ပွဲကျင်းပရေးကော်မတီ (IAGOC) မှ ငါးဦး၊ (၄)ကြိမ်မြောက် ဖူးခက်အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲကျင်းပရေးကော်မတီ (PABGOC)မှ ငါးဦး၊ ဒုတိယအကြိမ် နန်ကျင်း လူငယ်အိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ (NYOGOC)မှ ခြောက်ဦး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖိုရမ်တွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယခုကဲ့သို့ အာရှအိုလံပစ်ကောင်စီ အပြည်ပြည်ဆိုင်ရာသွေးစည်းညီညွတ်ရေး ကော်မတီတို့နှင့် အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ အိုလံပစ်ကော်မတီတို့အကြား အချင်းချင်းဆွေးနွေးညှိနှိုင်းမှုများ၊ အကြံပြုချက်များ၊ အသိပညာအတွေ့အကြုံဖလှယ်မှုများသည် မိမိတို့ဒေသအတွင်းရှိ ပြိုင်ပွဲကြီးများဖြစ်သော တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့်(၁၇)ကြိမ်မြောက် အင်ချွံအာရှအားကစားပြိုင်ပွဲ၊ ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၄)ကြိမ်မြောက် ဖူးခက်အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲ၊ တရုတ်နိုင်ငံတွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် နန်ကျင်းအားကစားပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး အထောက်အကူပြုမည် ဖြစ်ကြောင်း ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေးမှ ကိုယ်စားလှယ် Mr. Olivier Niamkey က ယခုနှစ်မြန်မာနိုင်ငံ၌ ကျင်းပရာတွင် အာရှအဆင့်ပြိုင်ပွဲသုံးရပ်ကို ကျင်းပရန်ရှိသောကြောင့် ဖြစ်ကြောင်း၊ ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီမှ အမျိုးသားအိုလံပစ်ကော်မတီများသို့ ငွေကြေးထောက်ပံ့မှုကို တိုးမြှင့်ပေးထားပါကြောင်း ပြောကြားသည်။

အာရှအိုလံပစ်ကောင်စီမှ အာရှအားကစားပြိုင်ပွဲများ ကျင်းပရေးဒါရိုက်တာ Mr.Haider Farmar က ပြည်ပြည်ဆိုင်ရာအိုလံပစ် ကော်မတီသွေးစည်းညီညွတ်ရေးမှ အာရှအဖွဲ့ဝင် အမျိုးသားအိုလံပစ် ကော်မတီများသို့ အစစအရာရာ ကူညီထောက်ပံ့မှုရှိနေ၍ ယခုအချိန်၌ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အားကစားလှုပ်ရှားမှုများ ပိုမိုပြုလုပ်ရန်အတွက် အချိန်အခါကောင်းဖြစ်ကြောင်း၊ အာရှတိုက်အတွင်း ကျင်းပရန်ရှိသော ပြိုင်ပွဲများအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာသော ကိုယ်စားလှယ်များ ဝိုင်းဝန်းဆွေးနွေးပေးရန် ပြောကြားခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီသွေးစည်းညီညွတ်ရေးနှင့် အာရှအိုလံပစ်ကောင်စီ၊ အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ တက်ရောက်လာကြသော ကိုယ်စားလှယ်များသည် အုပ်ချုပ်စီမံခန့်ခွဲမှုပိုင်း ခေါင်းစဉ်အသီးသီး အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖတ်စရာ မှတ်စရာ

ပါမောက္ခဒေါက်တာဒေါ်တင်တင်သောင်း

အကျိုးမများသည့် ကုန်သွယ်ခြင်း

ကျွန်မသည် သန်လျင်သဘာဝရိပ်သာဆရာတော် ဦးဥတ္တမသာရဦးဆောင်သော သာသနာပြုအဖွဲ့ဝင် ၃၆ ဦးနှင့်အတူ ပီနန်၊ မလေးရှား၊ စင်ကာပူနိုင်ငံများသို့ ဖေဖော်ဝါရီ ၂၀ ရက် မှ မတ် ၁၉ ရက်ထိ သာသနာပြုခရီး လိုက်ပါခွင့်ရရှိခဲ့သည်။ တရားထိုင်ခြင်း၊ တရားဟောခြင်း၊ တရားဆွေးနွေးခြင်းများကို နေ့စဉ်အကျိုးရှိစွာပြုလုပ်ခဲ့ရပါသည်။

၁၃၇၅ ခုနှစ် တပေါင်းလပြည့်နေ့ (စနေနေ့) (မတ် ၁၅ ရက်)သည် ကျွန်မအတွက်ထူးခြားသည့်နေ့ထူးနေ့မြတ် ဖြစ်ခဲ့ရပါသည်။ နေ့လယ်တွင် ဆရာတော်သည် ကျွန်မကို "ဓမ္မ" အကြောင်း ကိုယ်သိထားသည်များကို စင်ကာပူနိုင်ငံရှိ ဓမ္မမိတ်ဆွေများအားဖြန့်ဝေပေးရန် နာရီဝက်အချိန်ပေးပါသည်။ စနေ၊ တနင်္ဂနွေပိတ်ရက်ဖြစ်၍ ဓမ္မမိတ်ဆွေများ ခန်းလုံးပြည့် ရှိနေကြပါသည်။

ကျွန်မသည် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ် (ရန်ကုန် ကမ္ဘာအေးဘုရားဝင်းအတွင်း)က သင်ကြားပေးလိုက်သော "ပုဂ္ဂလပညတ်" အကြောင်း အကျဉ်းချုံး၍ ဟောပြောဆွေးနွေးခဲ့ပါသည်။ ပြီးဆုံးသောအခါ စင်ကာပူနိုင်ငံရှိ လူငယ်တစ်ဦးမေးမြန်းသည့် မေးခွန်းကို "ဓမ္မဒါန" အဖြစ် ဖြန့်ဝေပေးပါရစေ။

"ကျွန်တော့်မိဘများ လက်ထက်ကတည်းက အရက်သေစာရောင်းချခြင်း လုပ်ငန်းနဲ့ စီးပွားဖြစ်ခဲ့ပါတယ်။ ယခုလည်း စင်ကာပူနိုင်ငံတွင် ဒီလုပ်ငန်းကိုပဲ ဆက်လုပ်ကိုင်ခဲ့ရာ အောင်မြင်နေပေမယ့် တရားဆွေးနွေးပွဲ တက်ရောက်တော့မှ "သမ္မာအာဇီဝ" မဟုတ်မှန်း ပိုသိလာရပါတယ်။ ကျွန်တော် တရားကျင့်ရင် တရားထူးရနိုင်ပါသလား၊ ရနိုင်ပါဦးမလား ခင်ဗျား"

လူငယ်ဖြစ်သော်လည်း တရားကျင့်ချင်စိတ်ရှိနေသောသူ၏ စိတ်ဓာတ်ကိုကျွန်မလေးစားမိပါသည်။ "အမြန်လမ်းမပေါ်တွင် အမြန်မောင်းနေကြသူများ မကြာခဏ ယာဉ်အန္တရာယ်အမျိုးမျိုး တွေ့ကြုံနေကြရပါသည်။ တချို့ယာဉ်မောင်းများ အရက်သောက်ထားခြင်း၊ အိပ်ရေးမဝခြင်း၊ လမ်းအလယ်တွင် ချထားသော တုံးများမှ ခွေးလေခွေးလွင့်များ ဖြန်းခနဲထွက်လာမှုကို အရှိန်မထိန်းနိုင်ဘဲ တိုက်မိခြင်းများကြောင့် တန်ဖိုးရှိသော လူ့အသက်များဆုံးရှုံးနေကြရသည်။

ကျွန်မသည် ထိုလူငယ်အား ဖြစ်နိုင်ပါက ယခုရောင်းချနေသော အရက်ကိုမရောင်းတော့ဘဲ အခြား "သမ္မာအာဇီဝ" လုပ်ငန်းတစ်ခုခုသို့ ပြောင်းလုပ်သင့်ကြောင်း၊ "အမှား"ကို သိက "အမှန်"ပြင်ရန် အချိန်မီပါသေးကြောင်း၊ "အင်္ဂုလိမာလ"သည် လူဆိုးကြီးဖြစ်ခဲ့ပါသော်လည်း လောက၌ အတုမရှိ အတူလည်းမရှိသော မြတ်စွာဘုရား၏ တရားရေအေးအမြိုက်ဆေးကို သောက်သုံးရ၍ "ရဟန္တာ" ဖြစ်အောင် ကျင့်နိုင်ခဲ့ကြောင်း ဆွေးနွေးပြောကြားရင်း "သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်"တွင် သင်တန်းတက်စဉ်က အလွတ်ကျက်မှတ်ခဲ့သော "သမ္မာအာဇီဝ"မဟုတ်သည့် "အကျိုးမများသည့် ကုန်သွယ်ခြင်း" ငါးမျိုးလင်္ကာလေးကို ရေးပေးခဲ့ပါသည်။

"အဆိပ်ဆူး၊ ယစ်မူးတဲ့သူရာ
ကြက်၊ ငှက်ရယ် တစ်ဖြာနှင့်
လက်နက်ကယ် လူတစ်ဝ၊ ခွဲပြသေချာ၊
ဤငါးဖြာ၊ မှတ်ပါကြမယွင်း၊
လေးဝအပါယ် ရောက်မည်ပ၊
ရောင်းဖောက်ကာမသွယ်ကြပါနှင့်
ဘေးက ရှောင်ကွင်း။ ။

ဤငါးမျိုးလင်္ကာလေးကို ဖတ်မှတ်လိုက်နာကျင့်ကြံအားထုတ်ပြီး မိမိတို့၏ဘဝရှင်သန်ရပ်တည်ရေးအတွက် သမ္မာအာဇီဝမဟုတ်သော "အကျိုးမများသည့် ကုန်သွယ်ခြင်း" ငါးမျိုးကို ရှောင်ကြဉ်ကာ နောင်သံသရာအကျိုးပွားများစေသည့် သမ္မာအာဇီဝကျသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

စုပေါင်းရှင်ပြုပွဲ စည်ကားသိုက်မြိုက်စွာဆင်နွှဲ

မအူပင် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် မြို့နယ်လုံးကျွတ်စုပေါင်းရှင်ပြုအလှူတော်မင်္ဂလာပွဲကို မေ ၁၀ ရက်က မအူပင်ခရိုင် သာသနာ့ဗိမာန်တော်ကြီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အဆိုပါ စုပေါင်းရှင်ပြုအလှူတော်မင်္ဂလာပွဲကို နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်ငွေးမြင့်တို့နှင့် မြို့နယ်အတွင်းရှိ ပြည်သူများအားအမှူးထား၍ အလှူ့ဒါယကာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် A1 (အေဝမ်း)ကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ စည်သူဝဏ္ဏကျော်ထင် ဦးရန်ဝင်းနှင့်ဇနီး ဒေါ်လွင်လွင်ဝေ မိသားစုနှင့် မြို့နယ်သူမြို့နယ်သားများ စုပေါင်း၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၈၈ အုပ်စုရှိ ရှင်အပါး ၃၅၁ ပါးအား သက်န်းပရိက္ခရာစုံလင်စွာဖြင့် ရှင်သာမဏေအဖြစ် သွတ်သွင်းပွဲကို မေ ၁၀ ရက်က စည်ကားသိုက်မြိုက်စွာ မြို့တွင်းလှည့်လည်ရာ လှည့်လည်ပွဲတွင် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဒေဝါဝင်း၊ ရာဇာဝင်း ခင်းကျင်း၍ မင်္ဂလာဆင်တော်၊ စည်တော်အကာ၊ အိုးစည်၊ ဒိုးပတ်ဝိုင်းများ၊ အမျိုးသမီးငယ်များက ပုသိမ်ထီးများဖြင့်အလှဆင်ကာ မောင်ရှင်လောင်းများအား မြန်မာ့ခလေ့နွားလှည်းယဉ်များဖြင့် တင်ဆောင်၍ ခံ့ညားထည်ဝါစွာ လှည့်လည်ပြီး ညပိုင်းတွင် ဖိုးသကြ်န်မင်္ဂလာဆိုင်း၊ အဆိုတော် စိုးစန္ဒာထွန်းနှင့် ဗညားဟန်တို့က ဧည့်ခံဖျော်ဖြေကြကြောင်း သိရသည်။

(အောင်ခိုင်-မအူပင်)

သွေးသည်အသက်



ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၁/၂၀၁၄-၂၀၁၅)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် လက်အောက်ရှိ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲမြို့နယ်တို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား သက်ဆိုင်ရာလမ်းပိုင်းအတွင်းရှိ ဆိပ်ကမ်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်း ကမ်းသတ်မှတ်ချက်များကို မြောင်းမြခရိုင်၊ အင်ဂျင်နီယာမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၄-၅-၂၀၁၄ ရက်မှ စတင်၍ ဖော်ပြထားမည် ဖြစ်ပါသည်။

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၇-၅-၂၀၁၄ ရက်၊ ၁၂း၀၀ နာရီ

တင်ဒါဖွင့်မည့်နေရာ -မြောင်းမြခရိုင်၊ အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြောင်းမြကြိုးတံတားအောက်၊ မြောင်းမြမြို့။

တင်ဒါဖွင့်မည့် နေ့ရက်/အချိန် - ၂၇-၅-၂၀၁၄ ရက်၊ ၁၄း၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါ ဌာနတွင် ၁၂-၅-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
မြောင်းမြခရိုင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
Ph-04270153

ကလေး-ဂန့်ဂေါ ၂၃၀ ကေဗွီအေ နှစ်ထပ်ဓာတ်အားလိုင်း သွယ်တန်းနိုင်ရေးဆောင်ရွက်မည်

ကလေး မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ၂၄ နာရီ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ပထမအကြိမ် အဋ္ဌမပုံမှန်အစည်းအဝေး၌ တင်ပြတောင်းခံခဲ့ကြောင်း၊ ယခုဆိုလျှင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

ကလေးမြို့တွင် ယခုလက်ရှိ လျှပ်စစ်ဓာတ်အားကို ကလေးမြို့နှင့် ကိုးမိုင်ကွာဝေးသည့် ဇီးချောင်း ရေအားလျှပ်စစ်မှ ၈၅၀ ကီလိုဝပ်ဖြင့်လည်းကောင်း၊ ၃၀၀ KVA စက်၊ နှင့် ၅၀၀ KVAစက်များဖြင့် လည်းကောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ဇီးချောင်းရေအားလျှပ်စစ်မှ ဓာတ်အားများပေးဝေရာတွင် ယခုနွေရာသီကာလတွင် ရေနည်းသဖြင့် မြို့ပေါ်ရပ်ကွက်များအား တစ်နေ့လျှင် တစ်နာရီနှုန်းသာပေးဝေနိုင်ပြီး ခြောက်ရက်လျှင် ည ၁၁ နာရီမှ နံနက် ၆ နာရီ အထိ ညလုံးပေါက်တစ်ရက်သာ ပေးဝေနိုင်တော့ကြောင်း သိရသည်။ ကလေးမြို့တွင် ရပ်ကွက်ပေါင်း ၁၉ ရပ်ကွက်ရှိပြီး အိမ်ခြေပေါင်း ၁၈၇၉၀ ခန့်နှင့် အိမ်ထောင်စုပေါင်း ၁၉၅၉၁ ခန့်ရှိကာ ကလေးမြို့ပေါ်၌ လက်ရှိလျှပ်စစ်မီးသုံးစွဲသူဦးရေမှာ လေးထောင်ကျော်သာရှိသေးကြောင်းနှင့် မြို့ပေါ် (၁၉)ရပ်ကွက်တွင် (၁၅)ရပ်ကွက်သာ လျှပ်စစ်မီးပေးနိုင်သေးကြောင်း သိရသည်။

"လျှပ်စစ်မီးကတော့ အမြန်ဆုံးရချင်နေပါပြီ၊ လျှပ်စစ်မီးရမှ လူနေမှုဘဝတွေမြင့်လာမှာပါ၊ လျှပ်စစ်မီးရရင် တောတောင်ပြုန်းတီးမှုတွေလည်း သက်သာလာမယ်၊ ကလေးမြို့မှာ တကယ်လိုအပ်နေတာ လျှပ်စစ်မီးပါ၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်ဆိုပြီး တက္ကသိုလ်သုံးခုရှိတယ်။ စက်မှုဇုန်တွေရှိတယ်။ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံနှင့် ခုတင်(၁၀၀) တပ်မတော်ဆေးရုံတွေရှိတယ်။ အကျဉ်းထောင်ရှိတယ်။ မြို့ပေါ်မှာ အထကကျောင်း သုံးကျောင်း ရှိတယ်။ လျှပ်စစ်မီးအပြည့်အဝပေးနိုင်ဖို့လိုပါတယ်"ဟု ကလေးဒေသခံပြည်သူတစ်ဦးက ပြောသည်။

(လင်းလက်ကြယ်စင်)

နေ့စဉ်စားသုံးမှုများသော အစားအစာများ ဦးစားပေးစစ်ဆေးနေ

ရန်ကုန် မေ ၁၃

နေ့စဉ်စားသုံးမှု များပြားသော အစားအစာများကို ဦးစားပေး၍ အစားအစာ ဘေးကင်းလုံခြုံရေးအတွက် စစ်ဆေးဆောင်ရွက်မှုများ လုပ်ဆောင်နေကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) အစားအသောက်ဌာနခွဲမှ ဒေါက်တာဒေါ်ခင်စောလှက ပြောသည်။

"ဆိုးဆေးနဲ့ ပတ်သက်လို့လုပ်တာတော့ လက်ဖက်ကိစ္စမှာအောင်မြင်တယ်၊ ချဉ်ဖတ်တွေမှာ Chemical တွေပါ၊ မပါဆိုတာ စစ်ဆေးတယ်၊ စစ်ဆေးလို့ မတွေ့ပေမယ့်လည်း တခြား Chemical အနေနဲ့ ပြောင်းသွားလားဆိုတာတွေကိုလည်း ထပ်စစ်ဆေးသွားမယ်"ဟု ၎င်းက ကုန်သည်စက်မှုအသင်းချုပ်တွင် ပြုလုပ်သည့် Traceability Mechanism ဆွေးနွေးပွဲတွင် ပြောကြားသည်။

တို့စရာ ချဉ်ဖတ်များသည် ထမင်းဝိုင်းတွင် အမြဲတမ်းပါလေ့ရှိသလို ရိုးရာအစားအစာအဖြစ် ထမင်းဝိုင်းနှင့် တွဲဖက်စားသုံးလေ့ရှိပြီး စားသုံးမှုများပြားကြောင်း၊ ယခင်က စဉ့်အိုးများဖြင့်ထည့်ကာ ချဉ်ဖတ်လုပ်ကြသော်လည်း ယခုနောက်ပိုင်းတွင် ပလတ်စတစ်ဇလုံများဖြင့် ထည့်သွင်းလုပ်ဆောင်လာကြခြင်းကြောင့် အခြားသော ဘေးဖြစ်စေမည့် ဓာတုဗေဒများပါဝင်မှုကို မတွေ့ရတော့ခြင်းဖြစ်သည်ဟု သိရသည်။

Traceability ပြုလုပ်ခြင်းသည် စားသုံးသူများကို ကာကွယ်ပေးစေချင်သည့်အတွက် လုပ်ဆောင်ခြင်းဖြစ်သလို အားနည်းချက်၊ အားသာချက်များရှိကြောင်း၊ အားနည်းချက်မှာ တစ်ကြိမ်တစ်ခါမှမလုပ်ဆောင်ဖူးသေးသည့် လုပ်ငန်းများဖြစ်ခြင်းကြောင့် စလုပ်ရန်အချိန်ယူခြင်း၊ ပညာပေးမှုများဖြင့် လုပ်ဆောင်နိုင်မှာဖြစ်ပြီး အားသာချက်များမှာ ဈေးကွက်အတွင်း ပြဿနာဖြစ်သောကုန်ပစ္စည်းကို မည်သည့်အဆင့်တွင်ဖြစ်ကြောင်း သိရှိကာ ထိထိရောက်ရောက်ကိုင်တွယ်စီမံခန့်ခွဲနိုင်မည့် လုပ်ဆောင်မှုများလည်း ပြုလုပ်နိုင်ကာ စားသုံးသူဘက်မှ လက်ခံယုံကြည်မှုများစွာ ရရှိလာစေမည်ဖြစ်သည်။

ထိုသို့သော နေ့စဉ်စားသုံးမှုများပြားသည့် အစားအစာများသာမက ကျောင်းမုန့်ဈေးတန်းများနှင့် ပတ်သက်၍လည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားရန်အစီအစဉ်ရှိကြောင်း ဆက်လက်သိရသည်။

(ဇေဇေ)

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ အခွန်အကောက်ဥပဒေရှင်းလင်း

ရန်ကုန် မေ ၁၃

ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြဌာန်းခဲ့သည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြင်ဆင်ပြဌာန်းခဲ့သည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေများ ရှင်းလင်းခြင်းအခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးကျော်စွာလွင်က ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ပြဌာန်းပေးခဲ့သည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်နှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေစာအုပ်များ ဖြန့်ဝေပေးခဲ့သည်။

(ကြေးမုံ)

လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ပေး

သုံးခွ မေ ၁၃

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင် (ကညန)မှ ဒုဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းအဖွဲ့သည် မေ ၁၂ ရက် နံနက် ၉ နာရီမှစ၍ သုံးခွမြို့ အားကစားခန်းမဆောင်မှ နယ်လှည့်၍ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား (One Stop Service) စနစ်ဖြင့် နေ့ချင်းပြီး မှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးပြီး ယင်းလုပ်ငန်းအား မေ ၁၆ ရက်ထိ ဆောင်ရွက်ပေးမည်ဟု သိရသည်။ ယင်းလုပ်ငန်းအား လုပ်ဆောင်ရန် ပိုင်ရှင်ကိုယ်တိုင် ဆိုင်ကယ်နှင့်အတူ မှတ်ပုံတင်မူရင်း၊ မိတ္တူတစ်စောင်နှင့်လာရောက်လုပ် ဆောင်ရမည်ဟု သိရသည်။ **ကိုကျော်(သုံးခွ)**

မသန်စွမ်းသူများအတွက် အခမဲ့ကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၃

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေး စီမံချက်အရ မသန်စွမ်းလူငယ်များအတွက် ကွန်ပျူတာသင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ (၂၂)ကြိမ်မြောက် သင်တန်းကို ဇွန် ၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် တက်ရောက်လိုသူ မသန်စွမ်းလူငယ်များသည် ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)ရုံးခန်းအမှတ် (၇၉၇) အခန်း(၁၀၄-ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း(ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၃၀၀၃၃၂၊ ၂၃၀၀၃၂၉ တို့သို့ မေ ၂၅ ရက် နောက်ဆုံးထား၍ လျှောက်လွှာများတင်သွင်းနိုင်ကြောင်းနှင့် အထောက်အကူပြုပစ္စည်းရယူလိုသူများအနေဖြင့်လည်း အဆိုပါရုံးခန်းသို့ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**



ပရီမီယာလိဂ်နှင့် ချန်ပီယံရှစ်မှ နည်းပြများ တစ်နှစ်တာအကောင်းဆုံးဆုများ ဆွတ်ခူး

၂၀၁၃-၂၀၁၄ ဘောလုံးရာသီ ပြီးဆုံးခဲ့ပြီးနောက် ပရီမီယာလိဂ်နှင့် ချန်ပီယံရှစ်ပြိုင်ပွဲတို့မှ နည်းပြများ တစ်နှစ်တာ အကောင်းဆုံးဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းမှ နည်းပြ ဘရန်ဒန်ရော့ဂျာသည် လိဂ်မန်နေဂျာအဖွဲ့အစည်းမှ ပေးအပ်သော တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးရရှိခဲ့သည်။ အသက်(၄၁)နှစ်အရွယ်ရှိ နည်းပြ ဘရန်ဒန်ရော့ဂျာသည် လီဗာပူးအသင်းအား ပရီမီယာလိဂ်အမှတ်ပေးဇယားဒုတိယနေရာသို့ တက်လှမ်းနိုင်ရေးကြိုးပမ်းခဲ့သည့်အပြင် ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းနောက်တွင် နှစ်မှတ်အကွာဖြင့်လာမည့်ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် ဘရန်ဒန်ရော့ဂျာသည် နှစ်ပေါင်း ၂၀ အတွင်း အဆိုပါဆုဆွတ်ခူးနိုင်ခဲ့သည့် လီဗာပူးအသင်း၏ ပထမဆုံးသော နည်းပြလည်းဖြစ်လာခဲ့သည်။ ဘရန်ဒန်ရော့ဂျာသည် လီဗာပူးအသင်းကို စတင်ကိုင်တွယ်သည့် ပထမရာသီတွင် ပရီမီယာလိဂ်၌ ၁၆ ပွဲနိုင်ပွဲရကာ ရမှတ် ၆၁ မှတ်ဖြင့် ပရီမီယာလိဂ်အဆင့်(၇)သို့ တက်လှမ်းနိုင်ခဲ့ပြီး ရဂိုး ၇၁ ဂိုးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ယခုနှစ်ရာသီတွင် ၂၆ ပွဲနိုင်ကာ ရဂိုး ၁၀၁ ဂိုးအထိ ရရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

ပရီမီယာလိဂ်၏ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကိုမူ ခရစ္စတယ်ပဲလေ့နည်းပြ တိုနီပူးလစ်က ဆွတ်ခူးရရှိခဲ့သည်။ လီဆက်စတာစီးတီးနည်းပြ ပီယာဆန်သည်လည်း ချန်ပီယံရှစ်တွင် ရမှတ် ၁၀၂ ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ရပ်တည်ကာ လာမည့်ရာသီတွင် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် Sky Bet Football League မှ ပေးအပ်သော တစ်နှစ်တာချန်ပီယံရှစ် အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးရရှိခဲ့သည်။

ရှက်ဖီးလ်ယူနိုက်တက်အသင်း နည်းပြ ကလော့ဂ်ျသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ပရီမီယာလိဂ်မှ အက်စ်တွန်ဗီလာအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ကို ကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် တစ်နှစ်တာ အက်ဖ်အေဖလားပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးရရှိခဲ့သည်။

ငွေကြယ်

ချယ်လ်ဆီးအသင်း၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ဆွတ်ခူးရရှိခဲ့သည့် အေဒင်ဟာဇက်သည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်သွင်းဂိုး ၁၄ ဂိုးသွင်းယူပေးကာ အသင်း၏ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော နွေရာသီအခြေခံကာယဗလနှင့် အမျိုးသမီးကာယကြံ့ခိုင်မှု သင်တန်းဆင်းပွဲကို မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ်မှ ဒေါက်တာသဇင်လွင်က အငယ်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ထူးအဥ္ဇလီ (ကြည့်မြင်တိုင်)အား ဆုချီးမြှင့်ပေးအပ်စဉ်။ (ကြေးမုံ)

ဗီယက်နမ်၌ ကျင်းပမည့် ၂၀၁၄ အာရှအမျိုးသမီးဖလားပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန်　　မေ　　၁၃

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၄ ခုနှစ် အာရှအမျိုးသမီးဖလား(2014 AFC Women's Asian Cup) ပြိုင်ပွဲအား သွားရောက်ယှဉ်ပြိုင်ရန် မေ ၁၂ ရက် မွန်းလွဲ ၂ နာရီက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ ထွက်ခွာသွားပြီဖြစ်သည်။ အဆိုပါ ပြိုင်ပွဲအား မေ ၁၅ ရက်မှ မေ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် တရုတ်၊ တောင်ကိုရီးယား၊ ထိုင်းအသင်းများနှင့်အတူ ကျရောက်လျက်ရှိသည်။

မြန်မာအသင်းသည် အုပ်စု(ခ)အဖွင့်ပွဲစဉ်အဖြစ် မေ ၁၅ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် အာရှထိပ်သီး တောင်ကိုရီးယားအသင်း၊ မေ ၁၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် အာရှအင်အားကြီး တရုတ်အသင်းနှင့် မေ ၁၉ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ဒေသတွင်းပြိုင်ဘက် ထိုင်းအသင်းတို့နှင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အကယ်၍ မြန်မာအသင်းသည် အုပ်စုတတိယနေရာသာရရှိပါက တစ်ဖက်အုပ်စု(က)မှ တတိယနေရာရအသင်းနှင့် ၂၀၁၅ ဖီဖာအမျိုးသမီး ကမ္ဘာ့ဖလားဝင်ခွင့်တစ်နေရာအတွက် Play-off အဆုံးအဖြတ် ပွဲစဉ် ဆက်လက်ကစားရမည်ဖြစ်သည်။ **(ချစ်ကိုကို)**

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ရာဇာမင်းခရီးသည်တင်ယာဉ်တိမ်းမှောက်မှု သေဆုံးဒဏ်ရာရသူများအား ကူညီထောက်ပံ့

နေပြည်တော် မေ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ပလွေးအမြန်လမ်း ရဲစခန်းအပိုင်း ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၉၇/၆) အနီး ဝက်လက်တံတားအောက်သို့ ရာဇာမင်း မှန်လုံခရီးသည်တင်ယာဉ် အရှိန်လွန် ထိုးကျတိမ်းမှောက်မှု ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့သည်။ ယနေ့တွင် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော ဒဏ်ရာရ လူနာများကို ပြည်ထဲရေးဝန်ကြီးဌာန နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး လူနာများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် ဒဏ်ရာရခရီးသည် လူနာများအား လာရောက်တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး ခရီးသည်များ၏ အာမခံ ခံစားခွင့်များ အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် စီမံညွှန်ကြားခဲ့သည်။ သေဆုံးသူခရီးသည်များအတွက် အလုံးစုံအာမခံကျပ် ၁၀ သိန်း၊ အထူးခရီးသွားအာမခံကျပ်သိန်း ၃၀၊ သူတစ်ပါးထိခိုက်မှု အာမခံကျပ် ငါးသိန်း စုစုပေါင်း ကျပ် ၄၅ သိန်း ရရှိမည်ဖြစ်ပြီး ဒဏ်ရာရသူများ၏ ထိခိုက်မှုအခြေအနေပေါ် မူတည်၍ ငွေကျပ်တစ်သောင်းမှ ၂၄ သိန်းအထိ ခံစားခွင့်ရရှိမည်ဖြစ်သည်။

(ကိုကိုနေ)

တာမွေမြို့နယ်တွင် စိတ်ကျန်းမာရေးမကောင်းသူ အမျိုးသား တိုက်ခန်းပေါ်မှ ခုန်ချသေဆုံး

ရန်ကုန် မေ ၁၃

တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာမွေမြို့နယ် တာမွေကြီး (က+ဂ)ရပ်ကွက် ဗညားဒလလမ်းတွင် နေအိမ်တိုက်ခန်း(၄)လွှာပေါ်မှ အမျိုးသားတစ်ဦးခုန်ချခဲ့၍ သေဆုံးနေကြောင်း သတင်းအရ မေ ၁၃ ရက် နံနက် ၄ နာရီခွဲခန့်က သွားရောက်စစ်ဆေးခဲ့ကြရာ သေဆုံးသူမှာ ကျော်ကျော်မင်း (၂၈)နှစ် ဖြစ်ကြောင်း သိရပြီး ၎င်းတွင် ယာမျက်ခုံး၊ မေးစေ့၊ ယာဒူးတို့၌ စုတ်ပြဲဒဏ်ရာများ၊ ပါးစပ်နှင့် ဝဲ/ယာနားတို့မှ သွေးထွက်ဒဏ်ရာများ၊ ယာမျက်လုံး၊ လည်ပင်းတို့၌ ဖူးရောင်ညိုမည်းဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ စုံစမ်းခဲ့ကြရာ ၎င်းသည် စိတ်ကျန်းမာရေးမကောင်းသူဖြစ်ကြောင်း သိရပြီး မိခင်နှင့်အတူ နေထိုင်သူဖြစ်ကြောင်း၊ အခင်းဖြစ်ချိန်က စိတ်ဖောက်ပြန်ကာ တိုက်ပေါ်မှ ခုန်ချခဲ့သဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းသေဆုံးခြင်းနှင့်ပတ်သက်၍ တာမွေမြို့မရဲစခန်းက သေမှုသေခင်းအမှတ် (၉/၂၀၁၄)ဖြင့် ရေးဖွင့်ကာ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(ဝ၄၀)**

ဒုတိယအကြိမ် တောင်သူလယ်သမား (လယ်ယာကဏ္ဍ)ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ကြေညာချက်

၁။ နိုင်ငံ့နှင့်အဝန်း ၇၀ ရာခိုင်နှုန်းကျော်သော ကျေးလက်နေ တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ကျေးလက်နေမိဘပြည်သူများ အဓိကမှီခိုအားထားရာဖြစ်သည့် လယ်ယာကဏ္ဍကြီး အရှိန်အဟုန်မြင့်မားစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံး၏ အင်အားကိုရယူ၍ လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် အားပေးမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် တေးရေးဂီတအနုပညာရှင်များ သီကုံးရေးစပ်သော **"ဒုတိယအကြိမ် တောင်သူလယ်သမား (လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ"**ကို ကျင်းပပြုလုပ်လျက်ရှိနေပြီ ဖြစ်ပါသည်။

၂။ တေးရေးဂီတပညာရှင်များ၏ တောင်းဆိုချက်အရ ပထမဆု ကျပ်သိန်း ၅၀၊ ဒုတိယဆု ကျပ်သိန်း ၄၀၊ တတိယဆုကျပ်သိန်း ၃၀၊ စတုတ္ထဆုကျပ်သိန်း ၂၀၊ ပဉ္စမဆု ကျပ် ၁၀ သိန်းအပြင် နှစ်သိမ့်ဆု တစ်ဆုလျှင် ကျပ် ငါးသိန်းနှုန်းဖြင့် မူလက နှစ်သိမ့်ဆု ၁၀ ဆု ချီးမြှင့်မည့်အစား နှစ်သိမ့်ဆုပေါင်း ၂၀ ဆုသို့ တိုးမြှင့်သတ်မှတ်ချီးမြှင့်သွားမည်ဖြစ်ပြီး စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းပေါင်း ၂၅၀ အား ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ပါသည်။

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တောင်သူလယ်သမားကြီးများအတွက် ဆုရသီချင်းများအနက် ရေရှည်တည်တံ့ခိုင်မြဲသည့် ဂန္ထဝင်မြောက်တေးသီချင်းအဖြစ် ရေးစပ်သီဆိုနိုင်ကြမည့် တေးသီချင်းများကို သီးခြားထပ်ဆောင်းဂုဏ်ပြုချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင် စည်းမျဉ်း၊ စည်းကမ်းများအား ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)တို့မှ မကြာမီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၇၂ လုံးအမိုးအကာပြိုကျပျက်စီး

နတ်တလင်း မေ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်၏အရှေ့ဘက် ရှစ်မိုင်ခန့်အကွာ၌ မေ ၁၁ ရက် ညနေ ၅ နာရီက ချောင်းကမ်းကြီးကျေးရွာအုပ်စု ချောင်းကမ်းကြီးကျေးရွာနှင့် ပဲမခမ်းကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာတို့တွင် မိုးသက်လေပြင်းတိုက်ခတ်၍ ချောင်းကမ်းကြီးကျေးရွာတွင် ပြိုလဲတစ်အိမ်၊ အမိုးလန် ၃၄ အိမ်နှင့် သာယာကုန်းကျေးရွာတွင် ပြိုလဲ နှစ်အိမ်၊ အမိုးလန် ၃၅ အိမ် စုစုပေါင်းအိမ်ခြေ ၇၂ လုံး နေအိမ်ပြိုလဲ၊ အမိုးလန်မှုဖြစ်ပွားပြီး လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း၊ အဆိုပါ နေအိမ်များမှ မိသားစုများအား နီးစပ်ရာဆွေမျိုးသားချင်းများ နေအိမ်တွင် ခေတ္တတည်းခိုနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုအဖွဲ့၊ ရပ်မိရပ်ဖများက လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(ဝ၇၁)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၂း၃၀	မြန်မာဗီဒီယိုဇာတ်လမ်း "နွေအရိပ်"(ရန်အောင်၊ မြင့်မြတ်၊မေသက်ခိုင်) (ဒါရိုက်တာ-ဝိုင်း)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅	"သက်ဝင်လှုပ်ရှားသတင်းပုံရိပ်များ ရည်ရွယ်ဦးတည်ပြည်သူ့ဆီ"
၈း၅၀	ပြည်သူတို့ရဲ့စကားသံများ
၉း၃၀	သုခုမရင်ခွင်အငြိမ့်သဘင် "ဟားခရေဇီအငြိမ့်" (မင်းသမီး-ဆုမွန်ကျော်၊ လူရွှင်တော်-ဖိုးလမင်း၊ စိန်ပန်းသီး၊ ကျော်ထက်၊ သာစိ၊ ဖြူနု) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

ခေတ်မီ Band Saw
စက်ကြီးများဖြင့် ကျွန်းနှင့် သစ်မာ၊
သစ်လုံးများကို
နဝလီ ခွဲစိတ်ပေးပါသည်။
ဖုန်း-၀၉-၅၁၉၇၂၉၄၊
၀၉-၅၁၅၀၆၄၇



အရည်အချင်းမြင့် ဝန်ထမ်းကောင်းများ အလိုရှိသည်

အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခန့်အပ်ရန် ရိုးသား၍ ကြိုးစားအလုပ်လုပ်ကိုင်လိုသော အရည်အချင်းမြင့် လူငယ်(ကျား/မ)ဝန်ထမ်းကောင်းများ အလိုရှိပါသည်။

ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း(၎င်းစာရွက်စာတမ်း မိတ္တူများ) လျှောက်ထားရသည့် ရည်ရွယ်ချက်နှင့် ရည်မှန်းချက် အပြည့်အစုံစသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

၎င်းလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံလုံးဝမရှိသူများလည်း လျှောက်ထားနိုင်ပါသည်။

(1) Staff (၂၀) ဦး။
ဘွဲ့ကြို/ဘွဲ့ရ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် လေ့လာ စဉ်းစား သင်ယူနိုင်ရမည်။
အင်္ဂလိပ်စာ ကျွမ်းကျင်ရန် လိုအပ်သည်။

(2) Staff Officer (၁၀) ဦး။
ဘွဲ့ရ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် လေ့လာ စဉ်းစား သင်ယူ၍ တာဝန်ယူလုပ်ကိုင်နိုင်ရမည်။
အင်္ဂလိပ်စာ ကျွမ်းကျင်ရန် လိုအပ်သည်။

(3) Executive (၅) ဦး။
ဘွဲ့ရ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် လေ့လာ စဉ်းစား သင်ယူနိုင်၍ ဦးဆောင်ဆုံးဖြတ်ချက်ချ တာဝန်ယူလုပ်ကိုင်နိုင်ရမည်။ အင်္ဂလိပ်စာကျွမ်းကျင်ရန် လိုအပ်သည်။

(4) ယာဉ်မောင်း (၅) ဦး
အိမ်စီးကား ကားလေးယာဉ်မောင်း(၃)ဦး။ ကားကြီးယာဉ်မောင်း(၂)ဦး။
ယာဉ်မောင်းသက်(၃)နှစ်နှင့်အထက် ရှိရမည်။

အမှတ်-၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ ဒဂုံတာဝါ၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၂၇၈၈၊ ၅၄၃ ၁၉၈၊ ၅၄၄ ၁၃၈၊ ၅၄၄ ၃၄၀၊ ၅၄၄ ၃၄၁

ပဲခူးတိုင်းဒေသကြီးအတွင်း တစ်ခုတည်းရှိသော အထင်ကရ မြို့ကျက်သရေဆောင် နာရီစင်ကြီးမှာ လက်တံများ ပြုတ်ကျနေပြီး အချိန်မှာလည်း ဘယ်အချိန်ကြည့်ကြည့် တစ်သမတ်တည်းသာ ဖြစ်နေခြင်းကြောင့် အများအမြင်တွင် မြို့၏ဂုဏ်ကျက်သရေကျဆင်းကာ အကျည်းတန်လှသဖြင့် သက်ဆိုင်ရာမှ အဆိုပါနာရီကြီးအား ပြုပြင်ပေးနိုင်ပါရန် အသိပေးလိုက်ရပါသည်။

သတင်းနှင့် ဓာတ်ပုံ - ၅၈၇

အင်းတော်မြစ်ရေတင်နွေစပါးစိုက်ခင်း ဖျက်ပိုးရောဂါကျ၍ဆွေးနွေးပေး

မုံရွာ၊ မေ ၁၃

မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ အင်းတော်မြစ်ရေတင်ဒေသတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖျက်ပိုးရောဂါကျရောက်မှု အနည်းငယ်ရှိနေသဖြင့် ထန်းတောကျေးရွာ တောင်သူများ၏ နွေစပါးစိုက်ခင်းအနီးတွင်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးစီးဌာနမှ တာဝန်ရှိသူများနှင့် ခရိုင်သီးနှံကာကွယ် ရေးဌာနနှင့် ခရိုင်၊ မြို့နယ်မှဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းပေါ်မြင့်၊ မုံရွာခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မာမာဆွေ၊ ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးနေဝင်းနိုင်တို့သည် ခရိုင်နှင့်မြို့နယ်ဝန်ထမ်းများ၊ ထန်းတောကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ တောင်သူ ၃၀ ဦးတို့နှင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"အခုတွေ့ဆုံဆွေးနွေးပွဲမှာ တောင်သူတွေအနေနဲ့ နွေစပါးသီးနှံမှာ ရွက်လိပ်အိမ်ပိုး၊ ဆစ်ပိုးနဲ့ မြစ်ဖုရောဂါ ကြိုတင်ကာကွယ်ရေးတို့အတွက် စုပေါင်းဆောင်ရွက်ကြမယ်လို့ ဆွေးနွေးခဲ့ကြပါတယ်။ ရွက်လိပ်အိမ်ပိုးလောက်ကောင်ဟာ စပါးရွက်ထိပ်ပိုင်းကို တိတိကိုက်ဖြတ်ပြီး ရွက်အိမ်ပြုလုပ်နေလို့ စပါးရွက်အောက် မျက်နှာပြင်ရဲ့ အစိမ်းရောင်ကို ခြစ်စားတာပါ။ အဲဒီလိုစားရင် စပါးရွက်တွေဟာ အဖြူရောင်အမှေးပါးတွေ အကွက်လိုက်ကျန်ရစ်သလို စပါးပင်ကြီးထွားချိန်မှာ ကျရောက်တဲ့ အဝါရောင်ဆစ်ပိုးဟာ စပါးပင်စည်အတွင်းကနေပြီး ဖျက်ဆီးစားသောက်တဲ့အတွက် စပါးအူပုပ်ဖြစ်တဲ့ လက္ခဏာကို တွေ့ရမှာဖြစ်ပါတယ်"ဟု ခရိုင်သီးနှံကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆွေးနွေးပြောကြားသည်။

အဝါရောင်ဆစ်ပိုးဟာ စပါးပင်စည်အတွင်းကနေပြီး ဖျက်ဆီးစား. . .

ထို့ပြင် "မြန်မာပြည်မှာ အဝါရောင်ဆစ်ပိုး အများဆုံးကျရောက်လေ့ရှိတဲ့အတွက် ပင်စည်တွင်း ပိုးလောက်များရှိရင် ပင်စည်ပြတ်တောက်ရင် ပင်စည်အတွင်းမှာ မစင်တွေရှိနေရင် အရောင်ပျက်ပြီး ထွက်ပေါက်တွေရှိနေရင်ဆိုတဲ့ လက္ခဏာတွေတွေ့ရင် စိုက်ပျိုးရေးဌာနကို အသိပေးပြီး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်" ဟု သီးနှံကာကွယ်ရေးတာဝန်ခံတစ်ဦးက ပြောသည်။

အင်းတော်မြစ်ရေတင်ဒေသတွင် နွေစပါးစိုက်ဧက ၄၃၁ ဧကစိုက်ပျိုးလျက်ရှိသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

jrpfom;rdkJ,fcSif;wm;a&avSmrHBa&vqnftm; wbJ,a'oukDpD;ESbzOG;a&mufvlam

ကျောက်ဆည်၊ မေ ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ရှိ ကင်းတားရေလှောင်တမံနှင့် ကင်းတားရေလွှဲဆည်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိုက်ပျိုးရေပေးဝေမှုအခြေအနေအား မေ ၁၀ ရက် နံနက် ၁၁ နာရီက သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ကင်းတားရေလှောင်တမံသည် ပန်းလောင်မြစ်ပေါ်တွင်တည်ရှိ၍ အဓိကရည်ရွယ်ချက်မှာ စိုက်ပျိုးရေပေးဝေမှုဖြစ်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ရေအလေအလွင့်မရှိစေရန် အောက်ဖက် ကိုးမိုင်အကွာတွင် ရေလွှဲဆည်ဖြင့် ထိန်းထားကြောင်း သိရသည်။

ကင်းတားရေလှောင်တမံသည် စိုက်ပျိုးရေပေးဝေမှု ၁၄၇၂၇၄ ဧက ဖြစ်ပြီး လျှပ်စစ်ဓာတ်အားတစ်နှစ်ပျမ်းမျှ ၁၆၅ သန်း (ကီလိုဝပ်နာရီ) ထုတ်လွှတ်နိုင်မည် ဖြစ်သည်။

ကင်းတားရေလှောင်တမံသည် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၂၃၆ ပေ၊ တမံအလျား ၃၈၂၂ ပေ၊ ရေလှောင်ကန်ပြည့်ပမာဏ ၈၇၃၅၈၀ ဧကပေ၊ ရေဆင်းဧရိယာ ၈၆၅ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၉၂၁၆၄၂ ဧကပေ ဖြစ်သည်။ ကင်းတားရေလှောင်တမံသည် ကွန်ကရစ်ဥမင် ရေထုတ်ပြွန်အမျိုးအစားဖြစ်ပြီး စိုက်ပျိုးရေထုတ်ပေါက်နှင့်ရေထုတ်လွှတ်အား ၂၅၀၀ ကုဗပေဖြစ်သည်။ ပင်မရေပိုလွှဲမှာ ရေတံခါးတပ် ကွန်ကရစ်ရေပိုလွှဲဖြစ်ပြီး ရေတံခါးလေးပေါက် ပါရှိသည်။

ကင်းတားရေပိုလွှဲဆည်အား မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအနီးတွင် တည်ရှိပြီး ရေလွှဲဆည်အလျား ၄၁၃ ပေ၊ အမြင့်၂၇ ပေ၊ ရေသိုလှောင်ဧက ၁၈၂၄ ဧကပေ၊ ရေထုတ်ပေါက် ၃ ပေါက်၊ သဲထုတ်ရေတံခါး ၂ ပေါက်နှင့် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

လေဘေးသင့်အိမ်ထောင်စုများအားပစ္စည်းများပေးအပ်

မြင်းခြံ၊ မေ ၁၃

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံဒေသရှိ သဘာဝဘေးအန္တရာယ်လေဘေးသင့်အိမ်ထောင်စုများအား လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သည့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲကို မေ ၁၁ ရက် နံနက် ၈ နာရီက ဆီမီးခုံကျေးရွာ အထက်တန်းကျောင်း ဦးရွှန်းခန်းမတွင် ကျင်းပခဲ့သည် ။

အဆိုပါပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားပြီး ဆီမီးခုံကျေးရွာအုပ်စု၊ ငါ့နန်းကျေးရွာအုပ်စု၊ ဖက်ပင်အိုင်ကျေးရွာအုပ်စု၊ ကုလကျေးရွာအုပ်စုရှိ လေဘေးသင့်အိမ်ထောင်စု ၂၆၃ စုနှင့် အိမ်ခြေ ၂၅၀ အတွက် ဆောက်လုပ်ရေးပစ္စည်းနှင့် ဆန်များ စုစုပေါင်းတန်ဖိုး ၁၉၇၄၅၅၀ ကျပ်နှင့်ဒန်အိုး၊ ခွက် အသုံးအဆောင်များကို ပေးအပ်ခဲ့သည်။

ပေးအပ်ပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ လွှတ်တော်ကိုယ်စားလှယ်ရုံးတာဝန်ခံ ဦးတင်အောင်ညွန့်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် လေဘေးသင့်ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။ **ဦးဇော်မင်းနိုင်(မြင်းခြံ)**





သံလွင်ရွှေပြည်ကုမ္ပဏီမှ ပြည်တွင်းစိုက်ပျိုးသီးနှံ ၈၃ မျိုးအား တရုတ်နိုင်ငံသို့တင်ပို့

မန္တလေး၊ မေ ၁၃

သံလွင်ရွှေပြည်ကုမ္ပဏီအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၅ သန်း တန်ဖိုးရှိ ဆန်၊ ပဲအမျိုးမျိုး၊ နှမ်းအမျိုးမျိုး၊ ပြောင်းအမျိုးမျိုး၊ တောထွက်ပစ္စည်းများဖြစ်သည့် ချဉ်ပေါင်၊ ဇာလာ၊ ဝဥခြောက်၊ ချင်းခြောက်၊ မှိုခြောက်စသည်တို့နှင့် သရက်သီး၊ သခွားသီး၊ ဖရဲသီးစသည့်ပို့ကုန် ၈၃ မျိုးကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ် ကမ်းနားကျေးရွာ အနီးတစ်ဝိုက်ကျေးရွာများရှိ တောင်သူများအား စိုက်ပျိုးစရိတ် အရင်းအနှီးများ ထုတ်ချေးပေးကာ ထွက်ရှိလာသော ဖရဲနှင့် သခွားသီးများကို ပြင်ပပေါက်ဈေးအတိုင်း ဝယ်ယူ၍ တရုတ်နိုင်ငံသို့ တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။

သံလွင်ရွှေပြည်ကုမ္ပဏီအနေဖြင့် ဝင်ငွေခွန်နှင့် အမြတ်ငွေများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ ကြွေးကျန်မရှိ ပေးသွင်းထားပြီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လည်း ဝင်ငွေခွန်ကျပ် ၂၉၄ ဒသမ ၁ သန်း ပေးသွင်းထားကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းဆန်များကို နိုင်ငံတကာစံညွှန်းမီစေရန်နှင့် ဈေးကွက်ထိုးဖောက်နိုင်ရန်အတွက် တစ်နေ့ တန် ၅၀ ကျ ဆန်အရောင်တင်စက်၊ အသေးစား ဆန်ကြိတ်စက်နှင့် သရက်သီးအိတ်စွပ်စက်များကို ထူထောင်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ယင်းကုမ္ပဏီမှ ဒေသခံတောင်သူများကို စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးခြင်း၊ ရေစုပ်စက်ပံ့ပိုးခြင်းနှင့် မျိုး၊ မြေဩဇာ၊ အပင်အားတိုးဆေးများကို ထောက်ပံ့ပေးလျက်ရှိသည့်အပြင် စိုက်ပျိုးရေးနည်းပညာများကိုလည်း ပညာရှင်များဖိတ်ခေါ်ကာ ဖြန့်ဝေပညာပေးလျက်ရှိကြောင်း သိရသည်။

"မူဆယ်မြို့နယ်ဆေးရုံကြီးမှာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ခွဲစိတ်ခန်းသုံး သွေးတိတ်စက်၊ ဆင်းရဲနွမ်းပါးလူနာတွေအတွက် ဆေးဝါးနှင့် အာဟာရအလှူ၊ သဘာဝဘေးကြုံတွေ့နေသော ပြည်သူတွေကို ငွေကြေး၊ ဆန်၊ အဝတ်အထည်၊ အစားအသောက်အလှူနဲ့ စစ်ဘေးရှောင်တိုင်းရင်းသားတွေအတွက် လွယ်ဂျယ်မှာ ယာယီအိမ်ဆောက်လုပ်ခြင်းအလှူ၊ မူဆယ်မြို့နဲ့ ၁၀၅ မိုင်ဝေးတဲ့ မိုင်းယုစခန်းက စာသင်ကျောင်းတွေမှာ အုတ်ရေကန်တွေ၊ အိမ်သာတွေ၊ စာရေးခုံတွေနဲ့ အုတ်တံတိုင်း အလှူတွေကိုပြုလုပ်ခဲ့လို့ ဒီမူဆယ်မြို့ ၁၀၅ မိုင်မှာရှိတဲ့ သံလွင်ရွှေပြည်ကုမ္ပဏီလီမိတက်ပိုင်ရှင် ဒေါ်နန်းခမ်းယုံကို ၂၀၁၄ ခုနှစ် ပို့ကုန်ထူးချွန်လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတရဲ့ ဂုဏ်ထူးဆောင်လက်မှတ်ကို မေ ၃ ရက်က ချီးမြှင့်ခံခဲ့ရပါတယ်"ဟု ယင်းကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

သံလွင်ရွှေပြည်ကုမ္ပဏီအနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်၍ ပြည်ပတင်ပို့သည်အထိ Supply Chine တစ်ခုလုံးအား ဆောင်ရွက်လျက်ရှိသည့်အပြင် အရောင်တင်ဆန်များကို ပြည်ပသို့တင်ပို့နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားအောင်ဆောင်ရွက်ပေးနိုင်ခြင်း၊ မိမိလုပ်ငန်းနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းအဖွဲ့များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကာ ဒေသတွင်း ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများကို စိတ်အားထက်သန်စွာ ဆောင်ရွက်ခြင်းများကြောင့် ပို့ကုန်ထူးချွန်လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတက ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

သန်လျင်မြို့၊ မြို့လယ်ရှိ ပိတ်ဆို့နေသော ရေမြောင်း စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်

ရန်ကုန်၊ မေ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့ မြို့လယ်ရှိ ဗိုလ်ချုပ်နေဝင်းလမ်း၊ ဖို့မြေလမ်းနှင့် မြို့မတောင်ရပ်ကွက်၊ ထန်းပင်ကုန်းရပ်ကွက်များရှိ ရေမြောင်းများမှာ နှစ်စဉ်မိုးတွင်းကာလသို့ရောက်ချိန်တွင် ပိတ်ဆို့ခြင်း၊ တိမ်ကောခြင်းများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

အဆိုပါ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသောနေရာများအား သန်လျင်မြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ သန်လျင်မြို့၏ အဓိကရေမြောင်းဖြစ်သော သီတာရေမြောင်းကြီးအား ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် အဓိကထားဆောင်ရွက်ခဲ့ပြီး၊ ဖို့မြေလမ်း၊ ဗိုလ်ချုပ်နေဝင်းလမ်းတို့တွင် မေ ၁၂ ရက်က စက်ယန္တရားများဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည်။

စိုးဝင်း-(MLA)

လှိုင်သာယာမြို့နယ်တွင် ဆိုင်ကယ်ကယ်ရီငှားရာမှ စကားများခဲ့ပြီး ကယ်ရီမောင်းသူများက ဝိုင်းဝန်းရိုက်နှက်ခဲ့သောကြောင့် အမျိုးသားတစ်ဦးသေဆုံး

ရန်ကုန်၊ မေ ၁၃

လှိုင်သာယာမြို့နယ်နေ ဦးဇော်မြင့်တင်နှင့် သူငယ်ချင်းသုံးဦးတို့သည် အလုပ်ကိစ္စဖြင့် မေ ၁၀ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က ရွှေလင်ပန်း၊ ၁၀၃ ကားဂိတ်သို့ စက်ဘီးဖြင့်သွားရောက်ခဲ့ပြီး ပြန်လာစဉ် စက်ဘီးမှာ ဘီးပေါက်၍ ကယ်ရီငှားရန်အတွက် ရွှေလင်ပန်းဘုန်းကြီးကျောင်းရှေ့ရှိ ဆိုင်ကယ်ကယ်ရီဂိတ်တွင် ဆိုင်ကယ်ငှားရာမှ ကယ်ရီမောင်းသူများနှင့် စကားများခဲ့ကြောင်း၊ ထိုသို့စကားများခဲ့ပြီး စက်ဘီးအား ဆက်လက်တွန်းလာစဉ် ရွှေလင်ပန်းတံတားအဆင်းအရောက် စကားများခဲ့သော ဆိုင်ကယ်ကယ်ရီသမားခြောက်ဦးခန့် လိုက်လာကာ သစ်သားတုတ်များဖြင့်ဝိုင်းဝန်းရိုက်နှက်ပြီး လက်သီးနှင့်ထိုးကြသဖြင့် ၎င်းတွင် ဦးခေါင်းနှင့် ဝဲဘက်မျက်ခုံးတို့၌ ဖူးရောင်နာကျင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

၎င်းနှင့်အတူပါသူ ကိုသောင်းတင်မှာလည်း ယာဘက်နားအုံပေါက်ပြဲဒဏ်ရာရရှိခဲ့၍ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် မေ ၁၁ ရက် နံနက် ၅ နာရီက သေဆုံးသွားခဲ့သဖြင့် ယင်းသို့ပြစ်မှုကျူးလွန်သူများကို အရေးယူပေးပါရန် တိုင်တန်းခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်တန်းချက်အရ လှိုင်သာယာမြို့မရဲစခန်းက (ပ)၆၅၉/၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၀၂/၃၂၃/၁၁၄ ဖြင့် အမှုဖွင့်ပြီး စုံစမ်းဆောင်ရွက်ခဲ့ရာ လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် လှသိန်း ၅၀ နှစ်၊ ကရင်(ခ)စိုးသိန်း၊ ၂၂ နှစ်နှင့် သန်းလွင် ၃၆ နှစ်တို့သုံးဦးနှင့် အခြားအမည်မသိသုံးဦးတို့က ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ယင်းကဲ့သို့ပြစ်မှုကျူးလွန်သူ လှသိန်း၊ ကရင်(ခ)စိုးသိန်းနှင့် သန်းလွင်တို့သုံးဦးအား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကျန်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

ပေ ၃၉၀ ရှည်သော ကုက္ကိုလ်-လယ်ခြား ရေပေးမြောင်းပြုပြင်ဆောင်ရွက်မှုပြီးစီး

ကလေး၊ မေ ၁၃

ကလေးမြို့နယ် ကုက္ကိုလ်အုပ်စုရှိ လယ်မြေဧက ၈၅၀ အား အကျိုးပြုမည့် ကုက္ကိုလ်-လယ်ခြား ရေပေးမြောင်း အရှည် ၃၉၀ ပေ၊ အကျယ် ၁၂ ပေ၊ အနက် ၁၅ ပေပြုပြင်ဖောက်လုပ် ဆောင်ရွက်မှု ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ရေပေးမြောင်း ပြုပြင် ဖောက်လုပ်ဆောင်ရွက်ရန်အတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက မြေကော်စက်ယန္တရား ပံ့ပိုးပေးပြီး ကျေးရွာနေပြည်သူများမှ ကိုယ့်အားကိုယ်ကိုး၍ ပြုပြင်ဖောက်လုပ်ဆောင်ရွက်ခြင်းဖြစ်ပြီး ကျပ်သိန်းပေါင်း ၇၄ သိန်းကုန်ကျကြောင်း သိရသည်။

ကုက္ကိုလ်-လယ်ခြားမြောင်း ပြုပြင်ဆောင်ရွက်မှုပြီးစီးခြင်းကြောင့် ယင်းအုပ်စုရှိ ကျေးရွာနေပြည်သူများ၏လယ်ယာသီးနှံများ စိုက်ပျိုးမှုတွင်အကျိုးပြုမည်ဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့်ပညာရေးကို အကျိုးပြုမည်ဖြစ်သည်။

ဂျိုးနက်

ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ အလှူခံပုံးများမှ အလှူငွေ ရရှိမှုသည် ဧပြီလအတွင်း အများဆုံးရရှိ

ရန်ကုန်၊ မေ ၁၃

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သော ပုဂံဒေသရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် လစဉ်အလှူခံပုံးများမှရရှိသော အလှူငွေများကို လေ့လာကြည့်ပါက ဧပြီလအတွင်း လက်ခံရရှိသည့် အလှူငွေသည် အခြားလများထက် ပိုမိုများပြားကြောင်း ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ရုံးမှ သိရသည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီး၌ အလှူငွေကောက်ခံရာတွင် အမျိုးအစား ၁၈ မျိုးရှိပြီး ယင်းတို့ကို အလှူခံပုံးအရေအတွက် ၈၀ ဖြင့်ကောက်ခံကာ လစဉ်၂၅ ရက်တိုင်း ရရှိငွေများအား စစ်ဆေးရေတွက်၍ ၂၆ ရက်တိုင်း ဘဏ်တွင် အပ်နှံဆောင်ရွက်ကြောင်း သိရသည်။

"အလှူခံပုံးတွေကိုစစ်ပြီး ရေတွက်တဲ့အခါ ဧပြီမှာရတဲ့ငွေက အခြားလတွေထက် နှစ်စဉ်ကိုပိုများပါတယ်။ တစ်နှစ်ထက်တစ်နှစ် အလှူငွေများပြားလာတာကိုကြည့်ရင် လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးအရေအတွက်များလာတယ်လို့ သုံးသပ်နိုင်ပါတယ်။ ဒီလိုများပြားလာတာကလည်း လမ်းပန်းဆက်သွယ်ရေး ကောင်းလာတာရယ်၊ မြန်မာနိုင်ငံအနှံ့က ကျောင်းသားကျောင်းသူတွေရဲ့ ပိတ်ရက်ဖြစ်တာရယ်နဲ့ ရွှေစက်တော်ဘုရားပွဲပြီးလို့ လာကြတာများလို့ အလှူငွေရရှိတာများရတာပါ" ဟု ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အလှူခံပုံး ၈၀ မှကောက်ခံရရှိသောအလှူငွေများမှာ ၂၀၁၂ ခုနှစ် ဧပြီတွင် ငွေကျပ် ၁၆၈ ဒသမ ၈ သိန်း၊ ၂၀၁၃ ခုနှစ် ဧပြီတွင် ငွေကျပ် ၁၉၆ ဒသမ ၉သိန်းနှင့် ၂၀၁၄ ခုနှစ် ဧပြီတွင် ငွေကျပ် ၂၆၈ ဒသမ ၃ သိန်း ရရှိခဲ့ကြောင်းသိရသည်။

"နှစ်စဉ် ဘုရားကြီးအတွက် အလှူငွေရရှိတာအလှူခံပုံးနဲ့ ပြေစာကနေရရှိတာ နှစ်မျိုးရှိပါတယ်။ ဒီအထဲကရတဲ့ထဲမှာ အလှူခံပုံးကရငွေထက် ကျန်တဲ့ပြေစာကရတဲ့ငွေက ပိုများတာတွေ့ရပါတယ်"ဟု ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် ၂၀၁၃ ခုနှစ် တစ်နှစ်ပတ်လုံးအတွင်း အလှူခံပုံးများမှရရှိငွေမှာ ကျပ် ၁၁၅၅ ဒသမ ၆ သိန်းနှင့် ပြေစာများမှရရှိသောငွေမှာ ကျပ် ၄၇၇၀ ဒသမ ၈ သိန်း စုစုပေါင်း ငွေကျပ် ၅၉၂၆ ဒသမ ၄ သိန်းရှိခဲ့ပြီး ယခုလက်ရှိ ဘဏ်တွင်အပ်နှံထားသောငွေမှာ ကျပ် ၂၃၇၂၆ ဒသမ ၅ သိန်း ဖြစ်ကြောင်း သိရသည်။

စိုးအောင်ဖေ

လိုင်စင်မဲ့ဆိုင်ကယ်နှင့် TRACK ယာဉ်တစ်စီးတို့ လှိုင်သာယာတွင် တိုက်မိမှုဖြစ်ပွား

ရန်ကုန်၊ မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၁) ရပ်ကွက်အတွင်းရှိ အနော်ရထာလမ်းမကြီးပေါ်၌ မေ ၁၁ ရက် မွန်းလွဲ ၁ နာရီ ၄၀ မိနစ်ခန့်က TRACK ယာဉ်တစ်စီးကို လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးက အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်းသူမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ ဦးသန်းစိုး ၄၇ နှစ် သီရိရတနာ(၃)လမ်း၊ အင်းစိန်မြို့နယ်နေသူမောင်းနှင်လာသော SAAT အမျိုးအစား DAMP TRACK ယာဉ်သည် အနော်ရထာလမ်းအတိုင်း မောင်းနှင်နေစဉ် မောင်ရဲလင်း ၂၆ နှစ် ဆင်ဖြူရှင်လမ်းနှင့် ဘုရင့်နောင်လမ်းထောင့်၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူမောင်းနှင်လာသော Reabo အမျိုးအစား ၁၁၀ ရုပ်ပြောင်း အဖြူရောင်ဆိုင်ကယ်(လိုင်စင်မဲ့) မှ ဝင်ရောက်တိုက်မိခဲ့ရာ မော်တော်ဆိုင်ကယ်ရှေ့ပိုင်းကြေမွပျက်စီးသွားခဲ့ကာ ဆိုင်ကယ်မောင်းနှင်သူ မောင်ရဲလင်း၏ ခန္ဓာကိုယ်ယာဘက်ခြမ်း၌ ဒဏ်ရာများ ပြင်းထန်စွာ ရရှိသွားခဲ့သည်။

သတင်းအရ (၁၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းလင်းဇော်အပါအဝင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ဒဏ်ရာရလူနာအား အင်းစိန်မြို့နယ်ပြည်သူ့ဆေးရုံသို့ အမြန်ဆုံးတင်ပို့ကုသနိုင်ရန် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၁၇) မှ ရဲအုပ်အေးရွှေနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးနေသည်ဟု သိရသည်။

မင်းထက်ပိုင်(လှိုင်သာယာ)

လားရှိုးမြို့မှ ဘိုးသက်ရှည် စီးပွားရေးအသင်းအဖွဲ့ ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခံရ

လားရှိုး၊ မေ ၁၃

၁၉၅၂ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် စတင်တည်ထောင်၍ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် သမဝါယမဝန်ကြီးဌာနမှ 'ဘိုးသက်ရှည်' ဂုဏ်ပြုတံဆိပ်ချီးမြှင့်ခံရသော လားရှိုးမြို့၊ (၂)ရပ်ကွက်၊ နှင်းဆီလမ်းနှင့် တကောင်းလမ်းထောင့်တွင်တည်ရှိသော လားရှိုးဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်ကို နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်အဖြစ် ၂၀၁၄ ခုနှစ် အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ ဂုဏ်ထူးဆောင်ဆုကို မေ ၃ ရက်က ချီးမြှင့်ခဲ့သည်။

လားရှိုးဝန်းထမ်ပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်တွင် အသင်းဝင် ၃၄၀၄ ဦးအား ပံ့ပိုးငွေကျပ် ၆၂၃၈ ဒသမ ၇၉ သိန်းထုတ်ချေးပေးနိုင်ခဲ့ပြီး၊ ကမ္ဘောဇလူထုကျန်းမာရေးစောင့်ရှောက်မှု သမဝါယမဆေးကုသခန်း၊ ကျောက်မဲမြို့ 'လုပ်ခိုက်' ရေအားလျှပ်စစ်မှ နောင်ပိုင်ကျေးရွာ အိမ်ခြေ ၅၀၂ အိမ်မီးလင်းရေးအတွက် ပံ့ပိုးငွေထုတ်ချေးပေးခြင်း၊ သီပေါမြို့ 'အလင်းရောင်' ရေအားလျှပ်စစ်မှ အိမ်ခြေ ၁၅၆ အိမ်အား မီးလင်းရေးအတွက် ပံ့ပိုးချေးငွေများ ထုတ်ချေးပေးများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မျိုးဆက်သစ်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၏ စပျစ်စိုက်ပျိုးရေးနှင့် ကြက်မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေပံ့ပိုးပေးခဲ့ပြီး မေတ္တာမွန်စိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်းအတွက် ဝက်မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေပံ့ပိုးပေးခဲ့ကြောင်း သိရှိရသည်။

၎င်းသမဝါယမအသင်းမှ ပုလဲမြို့တော်အထွေထွေစီးပွားရေးနှင့်ခရီးသွားလာရေးသမအသင်းအား လက်မှုအနုပညာပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန် ချေးငွေပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေတွင်း၊ ရေကန် များလွှဲပြောင်းပေးအပ်

ငါန်းဇွန်၊ မေ ၁၃

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာများတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးရွာနေပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ပြီးစီးသော ရေတွင်း၊ ရေကန်များ လွှဲပြောင်းပေးအပ်ပွဲကိုမေ ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါပေးအပ်ပွဲကို ညောင်ပင်ရိုးကျေးရွာရှိ ရေကန်အနီးတွင်ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံမှ ကျေးရွာနေပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရေတွင်း၊ ရေကန်တူးဖော်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည် ။

ညောင်ပင်ရိုးကျေးရွာ သောက်သုံးရေကန်နှင့် ရေတွင်းရှစ်တွင်းကို ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများမှ လွှဲပြောင်းပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ လက်ခံရယူကြသည်။

ထို့နောက် ငါန်းဇွန်မြို့ အမှတ်(၄) ရပ်ကွက်ရှိ စက်ရေတွင်းသို့ ရောက်ရှိပြီး သောက်သုံးရေကန်သုံးကန်နှင့် သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် စက်ရေတွင်း ၁၁ တွင်းတို့အားလည်း ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲသို့ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြင်းခြံခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်၊ ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

ဦးဇော်မင်းနိုင်(မြင်းခြံ)



ကျန်းမာရေးဆောင်းပါး

"လူမသိ သူမသိရောဂါ (သို့မဟုတ်) တိတ်တဆိတ်လူသတ်သမား"

à a'¡ufwrif(ÓxGkxD)

ကျွန်တော်သည် အထွေထွေကုဆရာဝန်ကြီးတစ်ဦးပါ။ ကျွန်တော် ကြေးမုံသတင်းစာတွင် 'ဤခရီးနီးပါသည်' ဆောင်းပါး ရေးဖူးပါသည်။ ယခုလည်း ကြေးမုံသတင်းစာပါ 'အိပ်ပျော်နေစဉ် အသက်ရှူခဏရပ်သွားသောသူများ ကင်ဆာရောဂါဖြင့် သေဆုံးနိုင်ခြေပိုများ' ဆိုသည့်သတင်းကို ဖတ်ရ၍ ယခုစာအား ပြည်သူများ၏ ကျန်းမာရေးအတွက် အသိပေးဆောင်းပါး ရေးလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ မိတ္ထီလာတွင် ယခုနှစ် ဧပြီလအတွင်း အသက် ၅၀ အောက်နှင့်အထက် အတော်များများ သေဆုံးကြပါသည်။ ယင်းသေဆုံးသူများထဲတွင် ကျွန်တော့မျက်မြင် သေဆုံးသွားသူတစ်ဦးနှင့်ပတ်သက်၍ အများသူငါ မသိသော 'တိတ်တဆိတ်လူသတ်သမား' ရောဂါအကြောင်း တင်ပြပါမည်။

ယခုနှစ် ဧပြီလဆန်း ပထမအပတ်တွင် ကျွန်တော် နံနက်ပိုင်း လမ်းလျှောက်ပြီး ကျွန်တော်သောက်နေကျ လက်ဖက်ရည်ဆိုင်သို့သွားရာ ကျွန်တော်လက်ဆေးနေစဉ်အတွင်း လက်ဖက်ရည်ခုံကိုကျော်၍ မြင်တွေ့ရသော မြင်းကွင်းကို ကျွန်တော်မြင်သွား၍ အံ့သြစိုးရိမ်မိပါသည်။ အကြောင်းကတော့ အသက် ၄၀ ကျော် လူလတ်ပိုင်း၊ ပေါင် ၂၀၀ ကျော်လောက်ရှိသည့် လူတစ်ယောက် စားပွဲတွင် လက်ဖက်ရည်၊ မုန့်များ အပြည့်အစုံမှာထားကာ အိပ်ပျော်နေပြီး အသက်ရှူခဏရပ်နေသောပုံစံ ဖြစ်နေတာကို တွေ့ရပါသည်။ ကျွန်တော်လည်းအံ့သြပြီး လက်ဖက်ရည်ဆိုင်ပိုင်ရှင်သမီးအား ယင်းမိတ်ဆွေကဘယ်သူလဲ၊ ဘယ်နားကလဲ၊ ဘာကြောင့်ဒီလိုပုံစံအိပ်ပျော်သွားရတာလဲ စသည်ဖြင့်မေးကြည့်ရာ လက်ဖက်ရည်ဆိုင်နှင့် မနီးမဝေးတွင်နေကြောင်း၊ ဒီလိုပဲ အိပ်တတ်ကြောင်း၊ နောက်ညဘက်တွင် ဗီဒီယိုအခွေများ အကြည့်များ၍ အိပ်ငိုက်နေတာဖြစ်နိုင်ကြောင်း ပြောပြပါသည်။

> ကျွန်တော်တို့နိုင်ငံတွင် အပူလွန်ကဲလာရာ အဝလွန်ပြီး သွေးတိုး၊ သွေးချို၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ . . .

ကျွန်တော် ယင်းမိတ်ဆွေလူငယ်အား လေ့လာရာ ငါးမိနစ်လောက် အိပ်ပြီးမှ နိုးလာကာ လက်ဖက်ရည်၊ မုန့်များကို စားသောက်ပြီး ဆိုင်ရှင်သမီးအား လေးလေးလံလံနှုတ်ဆက်၍ ပြန်ထွက်သွားပါသည်။ ကျွန်တော့စိတ်ထဲ ယင်းလူငယ်အတွက် အတော်စိုးရိမ်ပူပန်ပြီး စိတ်မကောင်းဖြစ်မိပါသည်။

နောက် ငါးရက်လောက်အကြာတွင် လက်ဖက်ရည်ဆိုင်တွင် စားသောက်နေသူများမှ နာရေးအကြောင်းပြောနေရာ သေချာစုံစမ်းမေးမြန်းသောအခါမှ ကျွန်တော်တွေ့ခဲ့သောလူဖြစ်နေကြောင်း သိရ၍ များစွာစိတ်မကောင်း ဖြစ်ခဲ့ရပါသည်။ တကယ်တော့ ယင်းရောဂါသည် အသက်အန္တရာယ်ရှိသော အိပ်စက်ခြင်းဆိုင်ရာနှင့် နှီးနွှယ်သောရောဂါစု Sleep Apnoea Syndrome (SAS) ရောဂါတစ်မျိုးဖြစ်သည်။ ယင်းရောဂါသည် လူသိနည်းသော ရောဂါဖြစ်ပေသည်။ ယင်းရောဂါသည် မကြာသောကာလက သုတေသနပညာရှင်များ၏ ကြိုးပမ်းမှုကြောင့် သိလာသော 'လူမသိ သူမသိ ရောဂါ (သို့မဟုတ်) တိတ်တဆိတ် လူသတ်သမား' ရောဂါ ဖြစ်ပေသည်။

အိပ်ပျော်နေစဉ် အသက်ရှူခဏရပ်သွားခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ အချို့သောတစ်သျှုးများသည် အောက်ဆီဂျင်ပြတ်တောက်သွားပြီး ခန္ဓာကိုယ် ဇီဝကမ္မဖြစ်စဉ်များ အသက်အန္တရာယ်ရှိလောက်အောင် ပြောင်းသွားခြင်းဖြစ်ကာ အသက်ဘေးအန္တရာယ် အချိန်မရွေးဖြစ်နိုင်သည်။ ထိုသို့ဖြစ်ရခြင်းမှာ လည်ချောင်းအတွင်း ကြွက်သားနှင့် နူးညံ့သောတစ်သျှုးများ တွဲကျပြီး အသက်ရှူလမ်းကြောင်း လုံးဝပိတ်ဆို့သွားခြင်း ဖြစ်သည်။ ယင်းဖြစ်စဉ်သည် အနည်းဆုံး ၁၀ စက္ကန့်ခန့် ကြာသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း အဝလွန်ခြင်းနှင့် ဆက်စပ်နေသည်။ အဝလွန်ခြင်းသည် ဟောက်ခြင်းနှင့် နေ့ဘက်အိပ်ငိုက်ခြင်း ဖြစ်စေနိုင်သည်။

ကျွန်တော်တို့နိုင်ငံတွင်လည်း အဝလွန်ရောဂါသည် ကလေးလူကြီးများ အဖြစ်များလျက်ရှိသည်။ အဝလွန်ခြင်းနှင့်အတူ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေသင်ခုန်းဖြစ်ခြင်းနှင့် အမျိုးအစား(၂) ဆီးချိုရောဂါများသည် နောက်ကွယ်တွင် တွဲလျက်ရှိသည်။

ကျွန်တော်တို့နိုင်ငံတွင် အပူလွန်ကဲလာရာ အဝလွန်ပြီး သွေးတိုး၊ သွေးချို၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါများသည် အပူဒဏ်နှင့်အတူ အသက်အန္တရာယ်ရှိလာနိုင်သဖြင့် ဆား၊ အငန်၊ အဆီ၊ အချိုလွန်ကဲ အစာများကို ရှောင်ကြဉ်ရန်လိုအပ်ပြီး ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များကို လိုက်နာကျင့်သုံးနိုင်ပါမှ အသက်ဆုံးရှုံးနိုင်ခြင်းမှ ကာကွယ်နိုင်ကြောင်း ယခုမျက်မြင် အဖြစ်အပျက် စာစုလေးအား တင်ပြရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော် ကျန်းမာရေးကြောင့် ရန်ကုန်တွင် အနားယူစဉ်အတွင်း ပါရမီအထွေထွေကုဆေးရုံသို့ရောက်စဉ် ယင်းရောဂါအတွက် စမ်းသပ်ရှာဖွေသောစက်များ၊ ကုထုံး၊ သမားတော်များအကြောင်း ကျွန်တော်လေ့လာ သိခွင့်ရခဲ့ပေသည်။

တနင်္သာရီတိုင်းဒေသကြီး ကင်းထောက်လူငယ်တစ်ဦးပြန်လည်ရောက်ရှိ

တနင်္သာရီ၊ မေ ၁၃

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် တိုးချဲ့(၂)လမ်းနေ ဦးကျော်လွင်+ဒေါ်စောညွန့်တို့၏သမီး မဖြူသဇင်ဆောင်းသည် ဘက်စုံပညာထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များတွေ့ဆုံပွဲမှ မေ ၉ ရက်က တနင်္သာရီမြို့သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

သမ္မတကြီးဦးသိန်းစိန်ကိုယ်တိုင် ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပေးအပ်သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ တစ်နိုင်ငံလုံးမှတိုင်းရင်းသားပေါင်းစုံနှင့်လည်း ရင်းနှီးစည်းလုံးမှုရှိခဲ့ကြောင်း၊ လူရည်ချွန်ဟောင်းများကလည်း လာရောက်တွေ့ဆုံအားပေးခဲ့ကြောင်း၊ လေ့လာရေးအနေဖြင့် ပုသိမ်မြို့ ရွှေစာပုသိမ်ထီးလုပ်ငန်း၊ ရွှေမြင်းပျံဟာလဝါမုန့်လုပ်ငန်း၊ သဇင်ကျေးရွာမှ ငါးလုပ်ငန်း၊ ပုဇွန်မွေးမြူရေးလုပ်ငန်း၊ ရေသန့်စက်ရုံနှင့်ဟက်ကာအထည်ချုပ်လုပ်ငန်းတို့အား လေ့လာခွင့်ရရှိသဖြင့်အတွေ့အကြုံများစွာရရှိခဲ့ကြောင်း၊ရွှေမုဋ္ဌော ဘုရားကိုလည်းဖူးတွေ့ခွင့်ရခဲ့ကြောင်း မဖြူသဇင်ဆောင်းကပြောသည်။ တွေ့ဆုံပွဲသို့ တစ်နိုင်ငံလုံးမှကျောင်းသား၊ကျောင်းသူ ၁၇၄ ဦး တတ်ရောက်ခဲ့သည်။ **ထိန်ဝင်း(ပြန်/ဆက်)**

မကွေးမြို့နယ် သမဝါယမအသင်းစုမှ အသင်းသား ၁၇၉၆၃ ဦးကို ကျပ် ၃၀၈၁ ဒသမ ၇၂ သိန်းထုတ်ချေး

မကွေး၊ မေ ၁၃

မကွေးမြို့နယ် သမဝါယမအသင်းစုကို ၂၀၀၉ ခုနှစ် ဇွန် ၂၀ ရက်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် အသင်းသား ၁၇၉၆၃ ဦးအား ပွံ့ပိုးချေးငွေ ကျပ် ၃၀၈၁ ဒသမ ၇၂ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အဆိုပါသမဝါယမအသင်းစုမှ ဆီစက်လုပ်ငန်း၊ ရွှေညာမြေတည်းခိုခန်း၊ စံပြအရောင်းဆိုင်နှင့် စိုက်ပျိုးရေးစရိတ်ချေးငွေလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာ အရစ်ကျရောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်၍ ဒေသခံတို့၏ အလုပ်အကိုင်အခွင့်အလမ်းကို ဖော်ဆောင်ပေးလျက်ရှိသည်။

အသင်းသားတစ်ဦးချင်းသို့ Microfinance အသေးစားချေးငွေများအဖြစ် စိုက်ပျိုးရေးစရိတ်ချေးငွေ၊ လက်လုပ်လက်စားချေးငွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းချေးငွေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် အခြားချေးငွေများထုတ်ချေးပေးလျက်ရှိသော မကွေးမြို့နယ်သမဝါယမအသင်းစုသည် ၂၀၁၄ ခုနှစ် အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ကို မေ ၃ ရက်က ရရှိခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ်သမဝါယမအသင်းစုအနေဖြင့် အသင်းဝင်များ၏သားသမီးများ သင်တန်းတက်ရောက်ရန် သင်တန်းသားသုံးဦးအတွက် ပညာသင်စရိတ်ကျပ် ၁၃၀၀၀၀ ထောက်ပံ့ပေးပြီး အသင်းဝင်များ၏ မိဘသေဆုံးပါက နာရေးအကူငွေ ကျပ် ၅၀၀၀၀ ထောက်ပံ့ကာ နှစ်စဉ်ကဏ္ဍပေါင်းစုံတွင် ကျပ် ၁၀ သိန်းခန့်ငွေသားနှင့် ပစ္စည်းတို့ကို လှူဒါန်းလျက်ရှိကြောင်း မကွေးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်တင့်က ပြောသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပြည်မြို့၏ပထမဦးဆုံးအကြိမ်အထူးခြားဆုံးနှင့်အစည်ကားဆုံးစည်ကျင်းပပြသမည့်
စက်မှုလယ်ယာသုံးပစ္စည်း ကုန်စည်ပြပွဲနှင့် ကားပြပွဲကြီး
(29-5-2014)
မှ
(2-6-2014)
ပြည်မြို့ (မြို့တော်ခန်းမ)
WINNER PH:09 517 3076, 09-250660119, 09-36152320, 09 2500 58306

မန္တလေးရှိ SME လုပ်ငန်းများဖွံ့ဖြိုးစေရန် ငွေကျပ် တစ်ဘီလီယံ ထုတ်ချေးသွားမည်

မန္တလေး၊ မေ ၁၃

မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်း (SME) များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ငွေကျပ် တစ်ဘီလီယံကို ထုတ်ချေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းလျှပ်စစ်နှင့် စက်မှုရေးရာဝန်ကြီး ဦးကျော်မြင့်က ပြောသည်။

"အမှန်တကယ်လုပ်ကိုင်နေပြီး အရင်းအနှီးငွေအခက်အခဲရှိတဲ့ အသေးစားစက်မှုလုပ်ငန်းတွေကို စိစစ်ပြီး ခွင့်ပြုပေးသွားဖို့ ဆောင်ရွက်နေတယ်။ လက်ရှိအချိန်မှာ မန္တလေးတိုင်းအတွင်းမှာရှိတဲ့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးလာစေဖို့ ရှေ့ပြေးလုပ်ငန်းစဉ်ရှစ်ရပ်ကိုလည်း အကောင်အထည်ဖော်နေတယ်။ အခုလိုကြိုတင်ဆောင်ရွက်ထားတော့ SME ဥပဒေထွက်လာတဲ့အခါကြရင် အဆင်ပြေသွားတာပေါ့" ဟု ၎င်းက ပြောသည်။

ယခုလို အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန်အတွက် နိုင်ငံတော်အစိုးရမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၂၀ ဘီလီယံကို ထုတ်ချေးသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွက် ခွင့်ပြုငွေကို မေ ၁၂ ရက်က ရရှိခဲ့ခြင်းဖြစ်ကာ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အဆိုပါချေးငွေများအား ပြည်တွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်ငန်းလုပ်ကိုင်လျက်ရှိနေသူများကို တစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် SME များ ဖွံ့ဖြိုးလာစေရန်အတွက် လမ်း ၄၀ အနီး SME အေဂျင်စီရုံးကို ဇန်နဝါရီ ၄ ရက်က စတင်ဖွင့်လှစ်ခဲ့၍ နေ့ချင်းပြီးဖြင့် တစ်နေရာတည်းတွင် အပြီးဆောင်ရွက်ပေးမှုများပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုမှာ ဒေသတွင်းနိုင်ငံများရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ယှဉ်ပြိုင်နိုင်ရန် များစွာလိုအပ်ချက်များရှိနေသေးပြီး နိုင်ငံတော်အစိုးရမှလည်း အဆိုပါလုပ်ငန်းများ အောင်မြင်စေရန်အတွက် နည်းလမ်းပေါင်းစုံနှင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း သိရသည်။

တင်မောင်ဦး

အသစ်စိုက်ထူယာဉ်လမ်းညွှန်များ နှင့်အတူ လိုက်နာမောင်းနှင်ရန်လို

ရန်ကုန်၊ မေ ၁၃

ရန်ကုန်မြို့ အနော်ရထားလမ်းမပေါ် လမ်းသွယ်အချို့ထိပ်တွင် လမ်းအမည်ပါ ထည့်သွင်းရေးသားထားသော ယာဉ်လမ်းညွှန်အမှတ်အသားများကို ဆေးရောင်ခွဲခြား၍ သိသာမြင်သာစွာ စိုက်ထူထားသည်ကို တွေ့မြင်လာရပြီး လမ်းအသုံးပြုသူများအနေဖြင့်လည်း လမ်းညွှန်အမှတ်အသားများအတိုင်း မောင်းနှင်သွားလာမည်ဆိုပါက ယာဉ်တိုက်မှုလျော့နည်းသွားနိုင်ကြောင်း လမ်းအသုံးပြုသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့အနှံ့တွင် မြင်တွေ့နေရသော လမ်းကြောင်းပြောင်းပြန်သွားလာနေမှုများကို ထိရောက်စွာအရေးယူရန် လိုအပ်ကြောင်း၊ စည်းကမ်းမလိုက်နာလိုသော ယာဉ်မောင်းအချို့၏ စိတ်ဓာတ်များကို ပြုပြင်သွားရန်မှာ အရေးယူမှုထိရောက်မှသာ အောင်မြင်နိုင်ကြောင်း၊ မေ ၁၀ ရက် နံနက် ၆ နာရီတွင် အနော်ရထာလမ်းမပေါ် လမ်းကြောင်းပြောင်းပြန် အနောက်မှအရှေ့သို့ မောင်းနှင်ဝင်ရောက်လာသော အိမ်စီးကားအဖြူရောင်တစ်စီးသည် လမ်းသစ်လမ်းအနီးရှိ ၉ လမ်းသွယ်ထဲသို့ မောင်းဝင်သွားသည်ကို လမ်းသွားလမ်းလာများ မြင်တွေ့ခဲ့ရကြောင်း လမ်းသွားလမ်းလာတစ်ဦးက ပြောသည်။

မေ ၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့သည် ၂၀၁၄ ဧပြီအထိ လေးလတာအတွင်း ယာဉ်တိုက်မှုဖြစ်ပွားသည့်အရေအတွက် အစီအစဉ်အလိုက် အများဆုံးဖြစ်နေကြောင်း၊ အဆိုပါနှစ်ဦးလေးလတာတွင် တစ်နိုင်ငံလုံးယာဉ်တိုက်မှု ၅၃၂၃ မှု၊ ထိခိုက်ဒဏ်ရာရသူ ၉၅၈၁ ဦး၊ သေဆုံးသူ ၁၆၅၂ ဦးရှိကြောင်း ဖော်ပြထားရာ အဆိုပါတိုင်းဒေသကြီးသုံးခုပေါင်းတွင် တစ်နိုင်ငံလုံးနှင့် နှိုင်း ယှဉ်ပါက ယာဉ်တိုက်မှု၏ ၄၆ ရာခိုင်နှုန်း၊ ထိခိုက်ဒဏ်ရာရသူ ၄၃ ရာခိုင်နှုန်း၊ သေဆုံးသူ ၄၀ ရာခိုင်နှုန်းဝန်းကျင် အသီးသီးရှိရာ ယင်းတိုင်းဒေသကြီးသုံးခုတွင် ယာဉ်နှင့်လမ်းစည်းကမ်းလိုက်နာမှုရှိရေး အဓိကဆောင်ရွက်ရန် အရေးကြီးကြောင်း ညွှန်ပြနေသည်။

၂၀၁၄ နှစ်ဦးပိုင်းတွင်ဖြစ်ပွားခဲ့သော ယဉ်တိုက်မှုများတွင်ဗိုလ်ချုပ်လမ်းမပေါ် လမ်းကြောင်းပြောင်းပြန်မောင်းနှင်သော အိမ်စီးကားနှင့် လမ်းမတော်လမ်းအတိုင်း ဦးတည်မောင်းနှင်လာသော ဝက်သားတင်ကားတို့ ဗိုလ်ချုပ်လမ်းနှင့် လမ်းမတော်မီးပွိုင့်ဆုံသည့်နေရာတွင် အရှိန်ပြင်းစွာတိုက်မိရာ နှစ်ဦးနှစ်ဖက်သေဆုံးသည့်ဖြစ်စဉ်တစ်ခုဖြစ်ခဲ့၍ လမ်းကြောင်းပြောင်းပြန် မောင်းနှင်မှု၊ အရှိန်မြင့်မောင်းနှင်မှုတို့ကို ထိရောက်စွာအရေးယူခြင်းဖြင့် တားဆီးရန်လိုအပ်နေကြောင်း ယဉ်မောင်းတစ်ဦးကပြောသည်။

မောင်စေအောင်

မြင်းခြံခရိုင်အတွင်းရှိမြို့နယ် လေးမြို့နယ်အား စီမံချက်ကာလတွင် ဆိုင်ကယ်လိုင်စင် ၆၀၀၀ ကျော်ထုတ်ပေး

မြင်းခြံ၊ မေ ၁၃

မြင်းခြံခရိုင်တွင်းရှိ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ငါန်းဇွန် လေးမြို့နယ်မှ ဆိုင်ကယ်လိုင်စင်မရှိသော ဆိုင်ကယ်များကို စီမံချက်ကာလ သုံးလအတွင်း မော်တော်ဆိုင်ကယ် အစီး ၆၀၀၀ ကျော်ကို လိုင်စင်ထုတ်ပေးနိုင်ကြောင်း မြင်းခြံကညန ဦးစီးအရာရှိတစ်ဦးက ပြောသည်။

ယခင်ကာလတွင် လိုင်စင်ပြုလုပ်ရာ၌ စုပြုံ၍လိုင်စင်လုပ်သူ မရှိသော်လည်း မြို့နယ်အလိုက် နေ့စဉ်လာရောက် လိုင်စဉ်ပြုလုပ်နေကြောင်း သိရပြီး စီမံချက်မပြီးခင်လိုင်စင်များ အချိန်မီလာရောက်ပြုလုပ်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မြို့နယ်တိုင်းတွင် လိုင်စင်ရှိဆိုင်ကယ်များ အများအပြားရှိလာ၍လည်း လိုင်စင်မဲ့ဆိုင်ကယ်များ နည်းလာကြောင်း တွေ့ရသည်ဟု ပြောကြားခဲ့သည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် လုယက်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးရာမှ ယခင်ကကျူးလွန်ခဲ့သော လုယက်မှု ထပ်မံပေါ်ပေါက်

ရန်ကုန်၊ မေ ၁၃

လှိုင်သာယာမြို့နယ်နေ ဦးဝင်းဇော်သည် ဧပြီ ၃ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ကော့မှူးမြို့နယ်၊ ဆုန်ရှမ်းကျေးရွာမှ ဆိုင်ကယ်ဖြင့်ပြန်လာရာ ခရီးလုပ်စမ်းတံတားအနီး ဝါးတောစပ်အရောက် ဆိုင်ကယ်ကိုရပ်ထားစဉ် ပုဆိုးကိုခေါင်းခြုံပြီးမျက်နှာအုပ်စည်းထားသော အမျိုးသားတစ်ဦးက ဓားမတစ်ချောင်း ကိုင်ဆောင်ကာ အနီးသို့ရောက်လာပြီး ၎င်း၏လွယ်အိတ်ကို လုယူခဲ့သဖြင့် ဦးဝင်းဇော်မှ ထွက်ပြေးခဲ့ရာ အဆိုပါအမျိုးသားက ဓားဖြင့်လိုက်ခုတ်ခဲ့သောကြောင့် ဝဲဘက်နားရွက်အောက် ပြတ်ရှဒဏ်ရာ၊ ဝဲဘက်လက်မောင်းပြတ်ရှဒဏ်ရာများရရှိကာ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေ၁၃၀၀၀၀ ကျပ်ခန့်တို့ ထည့်ထားသော လွယ်အိတ်တစ်လုံးကို ယူဆောင်သွားသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ကျိုက်ကော်နယ်မြေရဲစခန်းက (ပ)၂၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၉၄ ဖြင့်အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရန်အတွက် တပ်ဖွဲ့ဝင်များ စုံစမ်းဆောင် ရွက်ခဲ့ကြရာပြစ်မှုကျူးလွန်သူယူဆောင်သွားသော ဖုန်းအားအသုံးပြုလျက်ရှိကြောင်း စိစစ်သိရှိခဲ့ရသဖြင့် စုံစမ်းရှာဖွေရာမှ ပြစ်မှုကျူး လွန်သူမှာ ချစ်နိုင်(ခ)ချစ်စမ်းမောင် ၂၇ နှစ် ကျိုက်ကော်ကျေးရွာ၊ ကော့မှူးမြို့နယ်နေသူဖြစ်ကြောင်း၊ ၎င်းကို မေ ၆ ရက် ည ၁၁ နာရီခွဲက လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်အတွင်းမှ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက်၎င်းအား အခြားအမှုများ ကျူးလွန်ထားခြင်း ရှိ-မရှိ ဆက်လက်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၃ ခုနှစ် ဧပြီ ၉ ရက်က ကော့မှူးမြို့နယ်၊ တီလုတ်စမ်းတံတားအနီးတွင် ဆိုင်ကယ်စီးလာသူ အသက် ၃၅ နှစ်ခန့် အမျိုးသမီးတစ်ဦး၏ လည်ပင်းတွင်ဆွဲထားသော လော့ကတ်သီးပါ ရွှေဆွဲကြိုးတစ်ကုံးအား လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ ကျိုက်ကော်နယ်မြေရဲစခန်းက (ပ)၁၉/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၂ အမှုဖွင့်ကို ဖော်ထုတ်နိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ချစ်နိုင်(ခ)ချစ်စမ်းမောင်ထံမှ အမှုများတွင် လုယူသွားခဲ့သောသက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်း နိုင်ခဲ့ကာ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုးဝင်း–MLA

ကလေးမြို့နယ်တွင် ကျေးရွာချင်းဆက် တံတားနှစ်စင်းဆောက်လုပ်

ကလေး၊ မေ ၁၃

ကလေးမြို့နယ်၊ ကျောက်ပြုတ်-ကျောက်ဆည်တံတားနှင့် ကျောက်ပြုတ်-မန္တာ တံတားနှစ်စင်းအား အရှည် ၄၀ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၂ ပေ နှင့် ကျောက်ရိုးစီ၊ သံပေါင်ယက်မ၊ သစ်သားတံတားများအဖြစ် ဆောက်လုပ်လျက်ရှိပြီး ပြည်နယ်/ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဖဖရ) မုံရွာ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်းပေါင်း ၂၁၂ ဒသမ ၃၂၅ သိန်းစီ အကုန်ကျခံလျက် ၂၀၁၄ ခုနှစ် မတ် ၃ ရက်က စတင်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ယင်းတံတားနှစ်စင်း ဆောက်လုပ်မှုအား ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက တာဝန်ရှိသူများလိုက်ပါလျက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် မေ ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကလေးမြို့နယ်၊ ကျောက်ပြုတ်-ကျောက်ဆည် ကျေးရွာချင်းဆက် တံတားနှင့် ကျောက်ပြုတ်-မန္တာ ကျေးရွာချင်းဆက်တံတားနှစ်စင်းအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်လမ်းညွှန်မှုဖြင့် ဆောက်လုပ်လျက်ရှိသည်။

အဆိုပါတံတားနှစ်စင်း ဆောက်လုပ်ပေးခြင်းအားဖြင့် ကျေးရွာနေပြည်သူများအား လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ လူမှုရေးနှင့် ကျန်းမာရေးတို့တွင် အထောက်အကူပြုလာမည်ဖြစ်သည့်အတွက် ကျေးရွာနေပြည်သူများအားလုံး အဆင်ပြေတော့မည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဂျိုးနက်

ရေစကြိုမြို့နယ်၊ ကျောက္ကာ၊ ချင်းယားကုန်းကျေးရွာ ဒေသခံများ သောက်သုံးရေအခက်အခဲဖြစ်နေ

ရေစကြို၊ မေ ၁၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျောက္ကာကျေးရွာနှင့် ချင်းယားကုန်းကျေးရွာများတွင် ဒေသခံများ အားထားအသုံးပြုနေကြသော သောက်ရေကန်များသည် အပူချိန်မြင့်တက်မှုကြောင့် ရေများခမ်းလာပြီး အနည်းငယ်မျှသာ ကျန်သည့်ရေမှာ ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသောကြောင့် သောက်သုံးရေအခက်အခဲနှင့် ကြုံနေရကြောင်း သိရ သည်။

"ကျွန်တော့အုပ်စုအတွင်းက ကျောက္ကာရွာနဲ့ ချင်းယားကုန်းရွာနှစ်ရွာမှာ နိုင်ငံတော်ကတူးပေးထားတဲ့ စက်ရေတွင်းနဲ့ ရှေးကလူကြီးများတူးခဲ့တဲ့တွင်းကျယ်တွေတော့ ရှိပါတယ်။ ဒါပေမယ့် ရေကငန်တော့ သောက်လို့မရ၊ ချက်ပြုတ်လို့မရနဲ့ ချိုးရေအတွက်ပဲ သုံးလို့ရပါတယ်။ နွားတွေတောင် မသောက်ကြဘူး။ ဒီနှစ်က အပူချိန်ပိုမြင့်တော့ ကန်ရေခမ်းတာမြန်တယ်။ အခုရက် မိုးနဲနဲတော့ ရွာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရွာတွေ ကွင်းသွားတယ်။ နှစ်ရွာပေါင်း လူဦးရေ ၇၉၉ ဦးရှိတယ်။ သောက်သုံးရေ အခက်ကြုံနေတဲ့အချိန် မနေ့က ရေစကြိုတပ်နယ်က ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ကားလေးစီး လာလှူဒါန်းသွားလို့ အခုမှပဲ ရွာသူရွာသားတွေအတွက် စိတ်အေးရတော့တယ်။ နောက်ထပ်လိုရင်လည်း လှူအုံးမယ်လို့ ပြောသွားပါတယ်။ ကျွန်တော်တို့ ရွာသူရွာသားတွေကတော့ ရေငတ်တုန်း ရေတွင်းကျဆိုသလိုပါပဲ" ဟု အုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက ပြောသည်။

လူသားများနှင့် သတ္တဝါအားလုံးတို့အတွက် အလိုအပ်ဆုံးနှင့် အရေးအကြီးဆုံးမှာ သန့်ရှင်းသောသောက်သုံးရေ ဖြစ်သည်။ သောက်ရေ၊ ချိုးရေ၊ ချက်ပြုတ်ရေစသည်တို့ကို လူတိုင်းနေ့စဉ်မရှိမဖြစ်သုံးစွဲနေကြရသည်။ အဆိုပါအရေးကြီးသော သောက်ရေ၊ ချိုးရေ၊ ချက်ပြုတ်ရေတို့သည် သန့်ရှင်းသောရေဖြစ်ရန်လိုကြောင်းနှင့် သို့မှသာ သုံးစွဲသူတို့ရောဂါဘယ ကင်းဝေးကြမည်ဖြစ်ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ချင်းပြည်နယ်၏ အမျိုးသားဂုဏ်ဆောင် ဆန်းကြယ်သာမောသည့် ရိဒ်ရေကန်

ချင်းပြည်နယ်၊ မေ ၁၃

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နယ်စပ်ချင်းထိစပ်နေသည့် စည်းရိုးမှာ ၉၀၉ မိုင်ရှိသည်။ ထို ၉၀၉ မိုင်တွင် တမူးနှင့် ရိဒ်နယ်စပ်၌ ကုန်သွယ်ရေးစခန်းနှစ်နေရာ ဖွင့်လှစ်ခဲ့သည်။ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၀၃ ခုနှစ်က ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

ရိဒ်နယ်စပ် ကုန်သွယ်ရေးစခန်းနှင့်အတူ သာမောဖွယ်ရာ အသည်းနှလုံးပုံသဏ္ဌာန်ရှိ ရိဒ်ရေကန်သည်လည်း ထင်ရှားကျော်ကြားလာခဲ့သည်။ ပြည်တွင်းပြည်ပ လေ့လာအပန်းဖြေသူများလည်း တစ်နှစ်ထက်တစ်နှစ် ပိုများလာခဲ့သည်။ ရိဒ်ရေကန်ကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၆၆ ပေမြင့်သည်။ အိန္ဒိယ-မြန်မာနယ်စပ် ရိခေါ်ဒါရ်မြို့နယ်ခွဲ၌ တည်ရှိသည်။

ချင်းတောင်တန်းများအကြား သဘာဝအလျောက် အသည်းနှလုံးပုံသဏ္ဌာန်ရှိနေသည်မှာလည်း မြန်မာနိုင်ငံသာမက ကမ္ဘာပေါ်ရှိသမျှရေကန်များထက် ထူးကဲစွာ ဆန်းကြယ်လှပ လျက်ရှိသည့် ရေကန်ကြီးဖြစ်သည်။

ရေကန်၏အကျယ်အဝန်းမှာ ဧရိယာ ၈၃၂ ဧက ရှိသည်။ ရေကန်ပတ်လည်အနားမှာ ၂ ဒသမ ၅ မိုင်ရှည်လျား၍ ပျမ်းမျှအနက် ပေ ၅၀ မှ ၆၀ ခန့်ရှိသည်။ ချင်းပြည်နယ်၏ ဂုဏ်ဆောင်လည်း ဖြစ်သည်။ ရိဒ်ရေကန်၏ ထူးခြားဆန်းကြယ်မှုများမှာ အေဒီ ၁၅၀၀ ခန့်က စတင်တွေ့ရှိသည်မှစ၍ ယနေ့ခေတ်တိုင်အောင် ရေကန်အကျယ်အဝန်း၊ အနက်ပေ၊ ပြောင်းလဲခြင်း မရှိပေ။

ချောင်းရေ မြောင်းရေ မစီးဝင်ဘဲ ရေကန်ကြီးဖြစ်ပေါ်ပြီး မိုးရာသီ၌ ကန်ရေပြင် ကြည်လင်သည်။ ဆောင်းနှင်းထန်သည့်အချိန် ကန်ရေပြင်ရဲရဲနီလျက် ဒီဇင်ဘာလကုန်ပိုင်း အအေးဆုံးကာလ ၇ ရက်မှ ၁၀ ရက်ခန့်ကာလအထိ ရေများနောက်ကျိသည်။ ရိဒ်ရေကန်မှ ရေကိုခပ်ယူပြီး အဝေးတစ်နေရာသို့ယူဆောင်ပါက ကန်ရေနောက်လျက် ထိုရေသည်လည်း နောက်ကျိလျက်ရှိသည်။

ကန်ရေကြည်ချိန်တွင် ထိုရေသည် ကြည်လင်နေခြင်းတို့ကြောင့် ထူးဆန်းသည့်ရေကန်ကြီးအဖြစ် ထင်ရှားကျော်ကြားလှသည်။ ရိဒ်ရေကန်ကို ပြည်တွင်းဧည့်သည်များထက် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ဘက်မှ ရာသီမရွေး လာရောက်လည်ပတ်မှု များပြားလျက်ရှိသည်။ ရာသီဥတုသာယာကောင်းမွန်ပါက ကားအစီးရေ ၄၀ မှ ၅၀ ခန့်အထိ ရှိသည်။

မဟာသင်္ကြန်ပွဲတော်ရက်များ၊ နှစ်သစ်ကူးရက်များနှင့် ခရစ်စမတ်ကာလရက်များတွင် ဧည့်အလာများပြီး၊ အသေးစားဂေါက်ကွင်းတွင် ဂေါက်ရိုက်၍ ကြည်လင်သော ရိဒ်ရေကန်ရေကိုချိုကာ သဘာဝရေမြေတောတောင်အလှကို ခံစားကြည်နူးအပန်းဖြေတဲ့သူတွေ များသည်ထက် များလာပြီး ပြည်မကဧည့်သည်များလည်း လာရောက်အပန်းဖြေနေကြပါသည်။

နေဦးမောင်(ပခုက္ကူ)

ucGopfkOfeufcGaps;jyefvufvm

နွားထိုးကြီး၊ မေ ၁၃

နွားထိုးကြီးနယ်တွင် ကွမ်းခြံအများအပြားထူထောင်၍ ကွမ်းဈေးကို မျှော်ကာ ကွမ်းများစိုက်ပျိုးခဲ့ရာတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသောကြောင့် ယခု ကွမ်းခွေချိန် (အရွက်ဟောင်းချွေ အရွက်သစ်ပေါက်ချိန်) တွင် ကွမ်းထွက်နည်း၍ ကွမ်းဈေး ကျပ် ၄၀၀၀ မှ ကျပ် ၆၈၀၀ ဈေးနှုန်းအထိ ပြန်တက်နေကြောင်း ကွမ်းပွဲစားတစ်ဦးက ပြောသည်။

အဆိုပါ နွားထိုးကြီးနယ်တွင် ကွမ်းစိုက်သူ ကွမ်းခြံပေါင်း ၂၀၀ ကျော်ရှိရာ၊ ယခင်က ကွမ်းတစ်ပိဿာ ကျပ် ၁၀၀ ဈေးကြောင့် အရှုံးပေါ်ခဲ့ရပြီး ကွမ်းခြံများ ဖျက်ခဲ့ရကြောင်းနှင့် ကွမ်းဈေးကွက်စွာ၍ ရန်ကုန်၊ ပဲခူး၊ မကွေး၊ တောင်ကြီး၊ မန္တလေးသို့ အညာကွမ်းများ ပို့ခဲ့ရကြောင်း သိရသည်။

ယခု ကွမ်းထွက်နည်း၍ ယခင်က တစ်ပိဿာ ၂၀၀၀ ကျော်ရှိရာမှ ယခု ကျပ် ၄၀၀၀ မှ ကျပ် ၆၈၀၀ အထိ ဈေးကောင်းပြီး ကွမ်းဝယ်ယူ၍မရကာ အထွက်နည်းနေကြောင်းလည်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

သပိုင်းမှန်ကူကွက်များ
(အမျိုးသားညီညွတ်ရေးပြိုင်ပွဲရှုနှင့် ဖြည့်တွင်းစစ်တာစ)
Vocational Engineering Training Center

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄-ခုနှစ်၊ မေလ (၃) ရက်နေ့တွင် နေပြည်တော်၌ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်ပေးအပ်သည့် " စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားအဖြစ် နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင်လက်မှတ် "ရရှိသော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ **တော်လတဲ့ကျေးရွာ မှ ဦးစင်းမြင့်** အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ဒေသအကျိုး၊ နိုင်ငံအကျိုး၊ ဘာသာသာသနာအကျိုးပြုသော လုပ်ငန်းများကို ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ကန်တော့ခံဆရာကြီး/ဆရာမကြီးများ
ငယ်သူငယ်ချင်းများနှင့်ကျောင်းသား/ကျောင်းသူဟောင်းများ
အ.ထ.က (လှည်းဆိပ်) ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သူငယ်ချင်းများ

ဦးမြင့်ဦး	ဦးမြို့စုအောင်	ဦးဝင်းကျော်	ဦးဝင်းနိုင်
ရွှေပြည်တန်	မြို့အောင်	စေယျာဆေးဆိုင်	နိုင်ဇော်
လွှက်စိုး လွှက်ပြောက်နှင့် မြန်မာစားသောက်ကုန်လုပ်ငန်း	ဆောက်လုပ်ရေးပစ္စည်းနှင့် စက်ကိရိယာရောင်းဝယ်ရေး	ဆေးနှင့်ကျန်းမာရေးပစ္စည်းတင်သွင်း ဖြန့်ချိရေးလုပ်ငန်း	သဇော်ဆေးရောင်းဝယ်ရေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P(Paung Laung)၊ မြန်မာကျပ်ငွေ/နိုင်ငံခြားငွေ (USD)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	01/DHPI/Tyre/2014-2015	Tyre	1Lot	မြန်မာကျပ်ငွေ
(ခ)	02/DHPI/Battery/2014-2015	Battery	1Lot	မြန်မာကျပ်ငွေ
(ဂ)	03/DHPI/Lubricant/2014-2015	Lubricant	1Lot	မြန်မာကျပ်ငွေ
(ဃ)	04/DHPI/Spare/2014-2015	Spare Parts For Heavy Machinery	1Lot	မြန်မာကျပ်ငွေ
(င)	05/DHPI/Machine/2014-2015	Shotcrete Machine Aliva III	2Nos	USD

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့်ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့ အား သီးခြားစီ ချိပ်ပိတ်၍ ၂၇-၅-၂၀၁၄ ရက် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် (၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံ အကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက် ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း ၀၆၇-၄၁၀၀၄၉၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ် ၀၆၇-၄၁၀၂၆၅

ပြည်တွင်းပြည်ပဆောက်လုပ်ရေးကုမ္ပဏီများ၊ Decoration

Drafter , Interior Designer

Auto CAD, 3Dsmax, Interior Design, Revit
Sketchup, Graphic Desgin , Video Editing

PROMOTION Computer Training Centre

STI MYANMAR UNIVERSITY

Bachelor of Business Administration (BBA)
Management
Bachelor of Engineering (BE)
Civil & Architectural Engineering
Electronic Engineering
Bachelor of Beauty Art (BA)
Beauty Design
Beauty Therapy

Apply Now!

The Open University of Hong Kong

Building - 2, Phase (3), MICT Park, Hlaing Campus, Hlaing Township, Yangon
No (177), Upper Shwe Bon Thar Street, Pabedan Township, Yangon
TEL : 01 507151/52, 377988, 09250064451, 0931702293, 09430254872

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၄၀၅၊ သီလဝါလမ်း၊ အကျယ်အဝန်းပေ(၄၀ × ၆၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြေကွက်အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်သည်ဟု ပြောပြဝန်ခံသူ ဒေါ်ခင်မာမာဝေ[၉/မရမ(နိုင်)၀၉၁၉၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းချသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသည့် အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မျိုးညွန့် (LL.B) အထက်တန်းရှေ့နေ(စဉ်-၂၂၀၀၆)
၃၅/၃၅-လမ်း၊ ရန်ကုန်မြို့။ Ph:09250513773

အမြန်ဆက်သွယ်ရန်

ဒေါ်ခင်မေဦး[၁၂/ခရန(နိုင်)၀၁၄၀၁၄] အထပြ(အထက-၁၊ ဒေါပုံ)သည် ကျောင်း/ရုံးနှင့် အဆက်အသွယ်ပြတ်တောက်နေ၍ အမြန်ဆက်သွယ်ရန်။
ကျောင်းဖုန်း-၅၅၆၈၀၇၊ ၅၅၇၁၈၅
ကျောင်းအုပ်ကြီး-၀၉-၅၅၀၄၂၃၀
TEOရုံးဖုန်း-၅၅၅၈၄၂

အမည်ပြောင်း

အဖ ဦးသန်းထွန်းအောင်(ခ)ကျင်ဆန်း၏ သမီး မတင်မိုးသူအား မသက်ထားစုစံဟု ပြောင်းလဲခေါ်ပါရန်။

မသက်ထားစုစံ

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

မ/ဒဂုံ၊ ၄၃ ရပ်ကွက်၊ ပေ(၄၀ × ၆၀)၊ ၁ ထပ်တိုက်၊ ခြံစည်းရိုးအုတ်ခတ်ပြီး အိမ်ကောင်း၊ ဗထူးလမ်းမကြီးနှင့်အလွန်နီး၊ ပတ်ဝန်းကျင်ကောင်း၊ သန့်ရေ၊ မီးစုံ၊ ဂရန်၊ အရှုပ်အရှင်းကင်း၊ ဈေးတန်တန်ဖြင့်ရောင်းမည်။ ဦးရာလူရမည်။ **ဈေးနှုန်း-သိန်း(၁၆၀၀)**
ဆက်သွယ်ရန်ဖုန်း-၀၉-၃၀၁၇၈၄၁၃၊ ၀၉-၇၃၂၃၅၁၈၈

အမည်ပြောင်း	(အဖ)ဦးကျော်ကျော်မင်း၏သား အမက(၁) စမ်းချောင်း မောင်အောင်ချစ်အား မောင်အာကာမြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အာကာမြင့်မြတ်**

ပြင်ဆင်ရန်အတွက်လျှောက်ထားကြောင်း ပြင်ဆင်မှုတရားခံသို့ ထုတ်ပေးသည့် အကြောင်းကြားစာ။
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
၂၀၁၄ ခုနှစ် ပြစ်မှုပြင်ဆင်မှုအမှတ်-၁၅

၁။ မဝင်းဝင်းမော်	နှင့်	၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
၂။ မလင်းပစိုး		၂။ ဦးဇော်ဝင်းမြတ်
၃။ မမြတ်ကေသွယ်		
(လျှောက်ထားသူ)		**(လျှောက်ထားခံရသူ)**

တိုက်(စီ)၊ အခန်း(၇၀၂)၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိသူ)ပြင်ဆင်မှုတရားခံ ဦးဇော်ဝင်းမြတ် သိစေရမည်။

၂၀၁၂ ခုနှစ် ပြစ်မှုကြီးမှုအမှတ် ၁၅၁ ၌ စမ်းချောင်းမြို့နယ် ရာဇဝတ်တရားသူကြီး ချမှတ်သောအမိန့်ကို ပြင်ဆင်ရန်အတွက် လျှောက်လွှာတစ်စောင်ကို အထက်အမည်ပါ ပြင်ဆင်မှုလျှောက်ထားသူက ဤရုံးတော်သို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်တွင် တင်သွင်းသည်ဖြစ်၍ အဆိုပါ ပြင်ဆင်ရန်အတွက် လျှောက်လွှာကို ၂၀၁၄ ခုနှစ် မေလ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကြားနာရန် သတ်မှတ်ထားကြောင်း သင့်အား အကြောင်းကြားစာပေးလိုက်သည်။

၂၀၁၄ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ငွေးမြင့်အေး)
တွဲဖက်ခရိုင်တရားသူကြီး(၁)၊
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

သားနှင့်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးနေ (ဦးကျော်ရွှင်)၊ ဒေါ်ညွန့်ခင်တို့၏သား ကိုသီဟကျော်[၉/ပဉလ(နိုင်)၀၀၁၂၈၁]နှင့် သမီးမအေးမွန်မွန်[၉/မမန(နိုင်)၀၀၃၀၀၈]တို့သည် မိခင်ဖြစ်သူ၏ ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် မိခင်နှင့်မောင်နှမများအပေါ် ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲစေသောကြောင့် သားနှင့်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။

ဒေါ်ညွန့်ခင်[၉/မမန(နိုင်)၀၇၃၁၈၉]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၃)လမ်း၊ အမှတ်(၆၃၃)နေ (ဖခင်)ဦးမျိုးလွင် (မိခင်)ဒေါ်မာမာဝင်းတို့၏သား မောင်ထွန်းနိုင်ဝင်း[၁၂/ကမတ(နိုင်)၀၆၅၅၄၅] သည် မိဘတို့၏ဆုံးမမှုကို လိုက်နာခြင်းမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးမျိုးလွင်-ဒေါ်မာမာဝင်း

ကျေးဇူးအထူးတင်ရှိခြင်း

၇-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့)ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားခဲ့သော မွေးသဖခင်ကျေးဇူးရှင် ဖခင်ကြီးဦးသန့်ဇင် အသက်(၈၁)နှစ်အား မကျန်းမာစဉ်အချိန်၌ စေတနာမေတ္တာရှေ့ထား၍ ကုသပေးခဲ့သော တွဲဖက်ပါမောက္ခဒေါက်တာဒေါ်ခင်လေးချို၊ ခွဲစိတ်ဆောင်(ရန်ကုန်အနောက်ပိုင်းဆေးရုံ)နှင့် လက်ထောက်ဆရာဝန်များ၊ ကွယ်လွန်ပြီးနောက် နာရေးကိစ္စဆောင်ရွက်နေစဉ် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲစွာပြီးပြည့်စုံအောင်အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ သက်နီး၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် လွမ်းသူ့ပန်းခွေ၊ လွမ်းသူ့ပန်းခြင်းများပေးပို့ခဲ့ကြသူများ၊ ဂူသွင်းသင်္ဂြိုဟ်သည့်နောက်ဆုံးနာရေးခရီးသို့လိုက်ပါပို့ဆောင်ပေးခဲ့ကြသည့် ရပ်ဝေးရပ်နီးမှလာရောက်ကြသောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မြန်မာ့ဂုဏ်ရည် အိမ်ရာမှ မိသားစုများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိသော်လည်း စာနာမေတ္တာစိတ်ဖြင့် E-mail, Facebook, Telephone တို့ဖြင့် နှစ်သိမ့်အားပေးခဲ့ကြသူများ၊ ကူညီလုပ်ကိုင်ပေးကြသော မိတ်ဆွေသင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

Pi Angela Ciin Man Cing

ဒေါ်အဲန်ဂျလားကျင်းမန်းကျင်

အသက်(၈၄)နှစ်

(Y.C.C.F)

၃-၅-၂၀၁၄ရက်(စနေနေ့)နံနက်၇း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော ချစ်လှစွာသောမိခင်ကြီးအား(၂၀၀၀)ပြည့်နှစ်မှစ၍ဆေးဝါးကုသပေးခဲ့သော (SSC) ဆေးရုံမှ နှလုံးနှင့်အထွေထွေရောဂါကုသမားတော်ကြီးဒေါက်တာဦးဆန်းလွင်၊ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများ၊ "အောင်"ဆေးခန်းမိသားစုများ၊ နာမကျန်းဖြစ်စမှစ၍ ကွယ်လွန်ချိန်ထိ ငွေအားဖြင့် သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ အားပေးနှစ်သိမ့်ကူညီကြသောရပ်နီးရပ်ဝေးမှ ဆွေမျိုးများနှင့် မိတ်သင်္ဂဟများအားလည်းကောင်း၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်သူရပ်ကွက်သားများအားလည်းကောင်း၊ ၅-၅-၂၀၁၄(တနင်္လာနေ့) ညနေ(၄)နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ကျင်းပသည့်ဈာပနအခမ်းအနားတွင် ဈာပနမဂ္ဂလာပူဇော်ပေးသော Rev.Fr.Hyginus Myint Soe ဦးဆောင်သည့် ဘုန်းတော်ကြီးများ၊ ဓမ္မသီချင်းများဖြင့်ပူဇော်ဆက်ကပ်ပေးသည့် မယ်သီလရှင်များနှင့်လူငယ်အဖွဲ့များ၊ Y.C.C.F အသင်းတော်၊ သတင်းကောင်းစုံအသင်းတော်၊ နေအိမ်၌ လာရောက်ဆုတောင်းပေးကြသည့်အဖွဲ့အစည်းများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသူများ၊ ပြည်တွင်းပြည်ပမှ အားပေးနှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ (လ/၁၂)အင်းစိန်မှ ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ မိခင်ကြီး၏နောက်ဆုံးခရီးတွင် လာရောက်မေတ္တာပြကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၇၊ မြေကွက်အမှတ်(၆၄၇)ပေ၄၀×ပေ၆၀(၀. ၀၅၅)ဧကအကျယ်အဝန်းရှိ ဦးမျိုးမြင့်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးနေလင်းအောင်[၉/အမဇ(နိုင်)၀၀၃၉၁၀]ထံမှအပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှစရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်တင်စုဝေ(စဉ်-၃၂၆၉၃)	**ဦးဝင်းထိုက်(စဉ်-၃၆၇၃၇)**
(LL.B,D.B.L,D.M.L)	**(LL.B,D.B.L)**

Myanmar United Land အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့်ဥပဒေအကြံပေးကုမ္ပဏီ

အထက်တန်းရှေ့နေများ

အမှတ်-၆၆၊ ၆၈(မြေညီထပ်)စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၃၁၂၉၈၇၂၄၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၄၂၅၂၈၈၉၂၁

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘုတာရုံလမ်း/အောင်ဘောဂလမ်း၊ တိုက်အမှတ်(၁၉/ခ)၊ အခန်းအမှတ်(B)၊ မြေညီထပ်ဟု ခေါ်တွင်သော နေအိမ်တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

၁၈။	ကျိုင်းတုံတက္ကသိုလ်	(၃)ထပ်စာသင်ဆောင်(၁)လုံးRC၊ (၄)ခန်းတွဲ(၁)ထပ်ဝန်ထမ်းအိမ်ရာ(၄)လုံး RC၊(၂)ခန်းတွဲ(၁)ထပ် အရာရှိနေအိမ်(၄)လုံးRC၊ (သွပ်ဆူးကြိုးဝင်းခြံကာရံခြင်းအပါအဝင်)၊ (၃)ထပ်စာသင်ဆောင်မှ ဝန်ထမ်းအိမ်ရာထိပ်အထိ ကွန်ကရစ်လမ်းခင်းခြင်း၊ ဝန်ထမ်းအိမ်ရာဝင်းပတ်လမ်းများ ကွန်ကရစ်ခင်းခြင်း
၁၉။	ဗန်းမော်တက္ကသိုလ်	(၃)ထပ်စာသင်ဆောင်(၂)လုံးRC၊ (၂၀)ဦးဆံ့ဆရာမဆောင်(၂)ထပ်(၁)လုံးRC၊ (၁၆၀)ဦးဆံ့ ကျောင်းသား/သူ အိပ်ဆောင် (၂)ထပ်(၁)လုံးRC၊ (မီးဖိုဆောင်/ထမင်းစားဆောင်အပါ)၊ (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)ထပ်(၂)လုံးRC၊ အရာရှိနေအိမ်(၁)ထပ်(၃)လုံးRC၊
၂၀။	ရွှေဘိုတက္ကသိုလ်	(၃)ထပ်စာသင်ဆောင်(၂)လုံးRC၊ အဝေးသင်ဂိုဒေါင်(၁)လုံးRC၊ ဘွဲ့နှင်းသဘင်အဆောက်အအုံ(၁)လုံး RC၊ (၄၈)ဦးဆံ့ ဆရာမဆောင်(၂)ထပ်(၁)လုံးRC၊ (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ(၂)လုံးRC၊ ပါမောက္ခချုပ်နေအိမ်(၂)ထပ်(၁)လုံး RC၊ (၄)ခန်းတွဲ(၁)ထပ်ဝန်ထမ်းအိမ်ရာ (၃)လုံးBN၊ ကျောင်းဝင်းအတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း
၂၁။	စစ်ကိုင်းတက္ကသိုလ်	(၂)ထပ်စာသင်ဆောင်(၃)လုံးRC၊(၄)ခန်းတွဲ(၁)ထပ်အရာရှိနေအိမ်(၆)လုံးRC၊ (၆)ခန်းတွဲ(၁)ထပ် ဝန်ထမ်းအိမ်(၂)လုံး RC၊ ကျောင်းဝင်းအတွင်းလမ်းများကွန်ကရစ်ခင်းခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း [၈" အဝီစိတွင်း(၁)တွင်း၊ 15HP Submersible Pump, 20HP Pump Motor၊ ဂါလန်(၃၀၀၀၀)ဆံ့ Ground Tank, ဂါလန်(၁၆၀၀)ဆံ့၊ (၃၀')အမြင့်သံရေစင်]
၂၂။	ရေနံချောင်း ဒီဂရီကောလိပ်	(၃)ထပ်စာသင်ဆောင်(၂)လုံးRC၊(၂)ထပ်စာကြည့်တိုက်(၁)လုံးRC၊ ကျောင်းဝင်းအတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း၊ ကျောင်းအုပ်ကြီးနေအိမ်(၂)ထပ်(၁)လုံးRC၊ (၄၀)ဦးဆံ့ဆရာမများဆောင်(၂)ထပ်(၁)လုံးRC
၂၃။	မြင်းခြံဒီဂရီကောလိပ်	(၃)ထပ်စာသင်ဆောင်(၂)လုံးRC၊ (၂၀)ဦးဆံ့ဆရာ/ဆရာမများဆောင်(၂)ထပ်(၁)လုံးRC၊ (၄)ခန်းတွဲ(၂)ထပ် အရာရှိနေအိမ်(၁)လုံးRC
၂၄။	မိုးညှင်းဒီဂရီကောလိပ်	(၃)ထပ်စာသင်ဆောင်(၁)လုံးRC၊ (၄)ခန်းတွဲ(၂)ထပ်ဝန်ထမ်းအိမ်ရာ(၂)လုံးRC၊ (၆)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်ရာ(၂)လုံးRC၊ (၁၆၀)ဦးဆံ့ကျောင်းသား/သူအိပ်ဆောင် (၂)ထပ်(၂)လုံးRC၊ (မီးဖိုးဆောင်/ထမင်းစားဆောင် အပါအဝင်) ကျောင်းဝင်းအတွင်းပင်မလမ်းချဲ့ခြင်း(ပလက်ဖောင်းအပါအဝင်)၊ (၆)ခန်းတွဲစားသောက်ဆိုင်(၁)လုံးBN၊ နန့်ယင်းချောင်းဘက်ရှိ ကျောင်းနယ်မြေ Chain Link ကာရံခြင်း
၂၅။	မန္တလာကောလိပ်	(၃)ထပ်စာသင်ဆောင်(၁)လုံးRC၊ (၄၈)ဦးဆံ့ဆရာမဆောင်(၂)ထပ်(၁)လုံးRC၊ (၄)ခန်းတွဲ(၄)ထပ် အရာရှိနေအိမ်(၁)လုံးRC၊ (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးRC

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၅-၂၀၁၄ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ဤဦးစီးဌာန၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ရုံးချုပ်၊ လမ်း ၈၀၊ (၃၄×၃၅)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၂-၆၀၃၇၁၊ ၀၂-၆၀၃၇၇၊ ၀၂-၆၀၃၇၈(လိုင်းခွဲ ၁၁၇၊ ၁၁၉၊ ၁၂၀၊ ၁၂၁)နှင့် ၀၂-၃၉၅၁၁ (လိုင်းခွဲ ၁၁၇၊ ၁၁၉၊ ၁၂၀၊ ၁၂၁)များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၆။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များ၊ ရောင်းချမည့် အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်းနှင့် အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www.myanmar-education.edu.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) ဆေးဝါးစက်ရုံ (ရန်ကုန်) အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေပါ အောက်ဖော်ပြပါပစ္စည်းများအား(CIF,YGN) နိုင်ငံခြားငွေ (US$) (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာန	
(က)	Process Equipment for Anti-Snake Venom Production Line (1)Lot	10 Items
(ခ)	Utilities Equipment for Anti-Snake Venom Production Line (1)Lot	6 Items
(ဂ)	Quality Control Instrument for Anti-Snake Venom Production (1)Lot	11 Items
(ဃ)	Biological Assay Laboratory Instrument for Anti-Snake Venom Production (1)Lot	10 Items

၂။ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	မြင်းမွေးမြူရေးစခန်း(မှော်ဘီ)	
(က)	Demin Water Plant (500L/hr)	1No
(ခ)	Distilled Plant with storage tank	1Set
	ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးဌာန	
(ဂ)	Ampoule Filling and Sealing Machine with Accessories	1No
(ဃ)	ကြွက်လှောင်အိမ် (၁၂. ၅"× ၇. ၈"× ၅. ၃")	1000Nos
(င)	Lab Equipment for Quality Assurance (1)Lot	9 Items
(စ)	Digital Balances (7)Nos	4 Items
(ဆ)	Transfer Pump (2000L/hr)	1No
(ဇ)	Cooling Tower complete with pump & Accessories (80T)	1Set

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၁၂-၅-၂၀၁၄
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၆-၂၀၁၄(ညနေ ၁၆း၀၀နာရီ)

၄။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification) များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)၊
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊
ဖုန်းနံပါတ်-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ Fax No.၀၆၇-၄၀၈၁၉၅
အမှတ်(၁)၊ ဆေးဝါးစက်ရုံ(ရန်ကုန်)၊
ဖုန်းနံပါတ်-၀၁-၆၄၆၂၇၄

မွန်ပြည်နယ်လွှတ်တော်ရုံး
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်လွှတ်တော်ရုံး အဆောက်အအုံကို အဆောက်အအုံ ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်၍ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာ၊ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်အသေးစိတ်ကို ၁၅-၅-၂၀၁၄ ရက်မှ ၁၄-၆-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်မှာ ၁၇-၆-၂၀၁၄ရက်၊ (အင်္ဂါနေ့) ၁၂နာရီ ဖြစ်ပါသည်။

၄။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်ပြီး နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
မွန်ပြည်နယ်လွှတ်တော်ရုံး
ဖုန်း-၀၅၇-၂၇၄၉၃၊ ၀၅၇-၂၅၉၀၃

ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအတွက်
Office Equipments &Furniture များဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် ရုံးသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Office Equipments

Computer Set	(၂၅)စုံ
Copiers	(၅)လုံး
Fax Machine Phone	(၇)လုံး
Laser Printer	(၁၅)လုံး

(ခ) Furniture

အရာထမ်း(စားပွဲ၊ ကုလားထိုင်)	(၁၁)လုံး
အမှုထမ်း(စားပွဲ၊ကုလားထိုင်)	(၃၀)လုံး
သံဗီရို	(၂၀)လုံး
ကွန်ပျူတာစင်	(၁၃)လုံး
ဖိုင်တင်စင်	(၅)လုံး

၂။ တင်ဒါပုံစံများကို ၁၄-၅-၂၀၁၄ရက်မှ ၂၆-၅-၂၀၁၄ရက်အထိ ၉း၃၀နာရီမှ ၁၆း၃၀ နာရီ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၅-၂၀၁၄ရက် ၁၄း၀၀နာရီ နောက်ဆုံးထား၍ သတ်မှတ်လိပ်စာတွင် လာရောက်ပေးသွင်းရမည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းအမှတ် ၀၁-၉၀၁၀၀၄၀၊ ၀၁-၃၉၇၆၄၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီမံရေးဌာနခွဲ
အမှတ်-၃၆၃/၄၂၁၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၉၀၁၀၀၄၀၊ ၀၁-၃၉၇၆၄၃

ကွန်ပျူတာပျက်လျှင်
ဖုန်းဆက်လိုက်ပါ။
ဖုန်း-၀၉-၅၁၅၂၈၆၅၊
၀၉-၄၄၈၀၃၄၆၄၁

ရောင်းမည် (ပွဲစားမလို)
ပေ(၁၅×၆၀)၊ ရေမီးစုံ၊ တတိယထပ်၊ အိပ်ခန်း(၂)၊ ကြွေပြားကပ်၊ ပါကေးခင်း၊ သံပန်းပြည့်၊ ရှေ့နောက်ဝရန်တာ၊ လေဝင်/ထွက်ကောင်း၊တိုက်သန့်၊ စမ်းချောင်းမြို့နယ်၊ သိန်း(၈၁၀) **ဖုန်း-၀၉-၃၀၂၂၅၉၅၈**



အမြန်ပြန်လာပါ
သမီးလေး ပုံပုံ အားလုံးစိတ်ပူနေကြတယ်။ ရောက်ရာအရပ်က အမြန်ပြန်လာပါ။
အာဘူး၊ အကောကြီး၊
ကြီးတော်၊ ပါကြီး

မိုနဲဒါဖက်ရှင်
- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ(ချည်ထိုးနှင့်ဆေးရိုက်ဝန်ဆောင်မှုပေးပါသည်)
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  - Shirt အကျီ - 2900 ကျပ်
  - Sport Shirt - 2950 ကျပ်
  - Style Pants - 2950 ကျပ်
  - ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-250388594, 09-428016552,**
- **E-mail:kyonedoe@gmail.com**

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၃၀-၄-၂၀၁၄ရက်တွင် ကျပ်သိန်းပေါင်း တစ်ထောင့်ခြောက်ရာငါးဆယ် ကုန်ကျခဲ့သော အလျား ပေ၁၁၇×အနံ ပေ၇၀ရှိသော ဖားကန့်မြို့ **"မြို့လယ်ဓမ္မာရုံကြီး"**နှင့် ၁-၅-၂၀၁၄ရက်တွင် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဖားကန့်မြို့၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သော မြို့မရပ်ကွက်၊ ငှက်ပျောတောရပ်ကွက်တို့နှင့် မရှီကထောင်ရပ်ကွက်သို့ ဆက်သွယ်သော ဥရုချောင်းဖြတ်သည့် အောက်ထည် (သံကူကွန်ကရစ်၊ ကမ်းကပ်ခုံနှင့်ရေလည်တိုင်)၊ အပေါ်ထည် (သံမဏိသံဘောင်)၊ တံတားအရှည်ပေ(၄၀၀)၊ ခန်းဖွင့်အကျယ်ပေ(၂၀၀)၊ ခန်းဖွင့်(၂)ခန်း၊ ယာဉ်သွားလမ်းအကျယ် ပေ(၂၄)၊ (နှစ်လမ်းသွား)၊ လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေစီနှင့် ခွင့်ပြုအလေးချိန်(၆၀)တန် (ယာဉ်တစ်စီးချင်း) ခံနိုင်ဝန်အားရှိ **"ဥရုရတနာကျောက်စိမ်းတောင်တံတား"**ကြီးကို ပြည်တွင်းကျပ်ငွေ ၄၂၇၄. ၇၉ သန်းနှင့် နိုင်ငံခြားယူရိုငွေ (၇၇၂၇၀၇) အကုန်အကျခံကာ လှူဒါန်းခဲ့သော

ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီ MD ဦးစိန်ဝင်း-ဒေါ်ခင်သန်းကြည် မိသားစုနှင့်

(ညီ)ဦးကျော်ဝင်း-ဒေါ်စိန်စိန်မိသားစုတို့၏

တုနှိုင်းဖွယ်မရှိသော အမြတ်ဆုံးအလှူဖြစ်သည့်အတွက် ကြည်နူးသဒ္ဓါ၊ မုဒိတာ၊ ဝမ်းမြောက်စွာဖြင့် သာဓု၊ အနုမောဒနာ ခေါ်ဆိုအပ်ပါသည်။

ဘဝသံသရာ ခရီးအဆက်ဆက်တွင်လည်း အများပြည်သူ အကျိုးပြုအလှူမင်္ဂလာနှင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာကောင်းကျိုး၊ ဆတက်ထမ်းပိုး ထင်တိုင်းပေါက်မြောက် အောင်မြင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီမှဝန်ထမ်းများ

လေးစားစွာမေတ္တာရပ်ခံတောင်းပန်ခြင်း

၂၀၁၄ခုနှစ်၊ မေလ ၄ရက်ထုတ် စံတော်ချိန်သတင်းစာ စာမျက်နှာ (၄)နှင့် ၂၀၁၄ခုနှစ်၊ မေလ ၇ ရက်ထုတ် မြန်မာပို့စ်ဂျာနယ် စာမျက်နှာ (၃၁)တွင် ပါရှိသည့် မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး သကြံန်စာရင်း ရှင်းမသွားဆိုသည့်စာရင်းအား မှားယွင်းဖော်ပြမိသည့်အတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် သင်္ကြန်ကော်မတီအား အနူးအညွတ် တောင်းပန်အပ်ပါသည်။ **ဦးတင်လှိုင်၊ သတင်းထောက်၊ မိတ္ထီလာ**

ဦးတင်မောင်(အိုင်အက်စ်အင်န်-၆၃၅၅၄၃)နှင့်အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၁)လမ်း၊ တိုက်(၂၄)၊ ၃-လွှာနေ ဒေါ်တင်မြ (အိတ်ချ်အယ်လ်ဂျီ-၀၃၃၈၁၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းနှင့် ကျွန်ုပ်၏အမှုသည်တို့သည် ၁၉၇၉ခုနှစ်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီး(၈)ယောက် ထွန်းကားရရှိခဲ့ပါသည်။ လူကြီးမင်းသည် အိမ်ထောင်သက်တမ်းတစ်လျှောက် လင့်ဝတ္တရား ပျက်ကွက်ခြင်းအပြင်၊ ကျွန်ုပ်အမှုသည် စိတ်ဆင်းရဲမှုဖြစ်အောင် ပြောဆိုမှုများရှိသောကြောင့် ကျွန်ုပ်၏အမှုသည်မှ သည်းခံနိုင်စွမ်းမရှိတော့သည့်အဆုံး ၂၀၀၂ခုနှစ်တွင် ဘာသာရေးဆရာများနှင့် အသိသက်သေများ ရှေ့မှောက်တွင် လူကြီးမင်းအား တလတ်(၃)ကြိမ်ပေး၍ တရားဝင်ကွာရှင်းခဲ့ပြီး ဖြစ်ပါသည်။ ထိုစဉ်က လူကြီးမင်း ရသင့်ရထိုက်သော ပစ္စည်းများအားလည်း ကျွန်ုပ်၏အမှုသည်မှ လူကြီးမင်းသို့ အပြီးအပြတ်ပေးအပ်ပြီးလည်း ဖြစ်ပါသည်။ သို့သော်လူကြီးမင်းသည် ကျွန်ုပ်၏အမှုသည်နေထိုင်ရာနေရာသို့ သားသမီးများအားအကြောင်းပြ၍ မကြာခဏလာရောက်ပြီး အနှောင့်အယှက်အဟန့်အတားများပြုလုပ်ခဲ့ပါသည်။ အစ္စလာမ်ဓမ္မသတ်ဥပဒေအရ တရားဝင်ကွာရှင်းပြီးဖြစ်သော မိန်းမရှိရာနေရာသို့ လာရောက်ခွင့်မရှိသော်လည်း လူကြီးမင်းသည် အစ္စလာမ်ဓမ္မသတ်ဥပဒေကို မျက်ကွယ်ပြုပြီး လူကြီးမင်းအနေဖြင့် ကျွန်ုပ်၏အမှုသည်အား တရားဝင်မကွာရှင်းရသေးသည့်အလား ပြုမူပြောဆိုမှုများရှိနေသည့်အပြင် ကျွန်ုပ်၏အမှုသည်ဂုဏ်သိက္ခာကျဆင်းစေမည့် အသုံးအနှုန်းများဖြင့်လည်း သုံးနှုန်းပြောဆိုမှုများ ရှိနေပါသည်။

လူကြီးမင်း၏အထက်ပါပြောဆိုပြုမူမှုများသည် ကျွန်ုပ်၏အမှုသည်အား စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းရှိယုံသာမက ဂုဏ်သိက္ခာလည်း ညှိုးနွမ်းထိခိုက်ရပါသည်။ နောင်တွင် လူကြီးမင်းအနေဖြင့် ကျွန်ုပ်၏အမှုသည် ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူပြောဆိုခြင်း၊ ကျွန်ုပ်အမှုသည်ကိုယ်ရေးကိုယ်တာကိစ္စများကို ဝင်ရောက်စွက်ဖက်ဟန့်တားခြင်းများ ပြုလုပ်ပါက လူကြီးမင်းအပေါ် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိမ်း(ဘီအေအောန်အယ်လ်)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၄၈)
အမှတ်-၇၄/၈၂၊ ကမ်းနားလမ်း၊ ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၁၃၃၆၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်-၈၁၄၊ မြေကွက်တည်နေရာအမှတ်(၈၁၄)၊ ၃၁-ရပ်ကွက်၊ ဒဂုံမြောက် (ဦးစံရင်) (ISN-၄၆၄၆၅၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစံရင် ကွယ်လွန်သဖြင့် ဒေါ်ခင်မေ[၁၂/သဃက(နိုင်)၁၀၅၈၆၃] က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးယူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကွာရှင်းပြတ်စဲပြီးစီးခြင်း

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ မကျီးကုန်းနယ်မြေနေ ကျွန်မ မသူဇင်ငြိမ်း(ခ)မသူ[၉/မထလ(နိုင်)၂၂၉၃၈၁]နှင့် နန်းတော်ကုန်းရပ်နေ ကိုသီဟ(ခ)တရုတ်ကြီးတို့သည် ၂၀၀၅ ခုနှစ်က လက်ထပ်ခဲ့ပါသည်။ သို့သော် သဘောထားမတိုက်ဆိုင်ပါသဖြင့် ၁၉-၂-၂၀၁၃ရက်က နှစ်ဦးသဘောတူ မြို့နယ်တရားရုံးတွင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ကိုသီဟ(ခ)တရုတ်ကြီးက နေအိမ်သို့လာရောက်နှောင့်ယှက်နေပါသဖြင့် လုံးဝသည်းခံမည်မဟုတ်ဘဲ ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မသူဇင်ငြိမ်း(ခ)မသူ**
ရွာသစ်ကုန်းနယ်မြေ၊ မိတ္ထီလာမြို့

အများသိစေရန်ကြေညာချက်

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၃-၅-၂၀၁၄ရက်၊ နေပြည်တော်သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်သော နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရှင်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေးအပ်သော ၂၀၁၄ခုနှစ်အတွက် **"ထုတ်လုပ်ရောင်းချမှု ထူးချွန်အလတ်စား စီးပွားရေး လုပ်ငန်းရှင်ဆု"** အား FAME ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင် ဒေါက်တာ **ခင်မောင်လွင်**က လက်ခံရရှိကြောင်း သိရှိရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နောင်တွင်လည်း ဒေါက်တာ ခင်မောင်လွင်နှင့် ဇနီး ဒေါက်တာ ခင်ခင်ဌေးတို့ ဦးဆောင်သော FAME ဆေးဝါးထုတ်လုပ်ရေး မိသားစုတို့သည် ယခုထက်ပိုမို၍ သဘာဝအော်ဂဲနစ်ဆေးဝါးများ (Natural & Organic Medicines)ကို ထုတ်လုပ်ရောင်းချနိုင်ပြီး လူမှုပရဟိတလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးကျော်မင်း-ဒေါ်သီသီလွင်

ရွှေပြည်နန်းကုမ္ပဏီလီမိတက်

ရွှေပန်းတိုင် ထရေးဒင်းကုမ္ပဏီလီမိတက်နှင့်

Healthy Shop/HealthPlus Member ဝင်များ

ဒီလိုခေါ်ပါ

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ကုန်းဘောင်လမ်းနေ ဗိုလ်မှူး ခင်မြေးမောင် (ငြိမ်း)[၁၂/မဂဒ(နိုင်)၀၀၉၀၄၁]၏သား ဇာနည်မြေးမောင်[၇/တငန(နိုင်)၁၄၆၁၆၅] အား ယနေ့မှစ၍ ထက်အောင်လှိုင်ဟု ခေါ်ပါရန်။ **မောင်ထက်အောင်လှိုင် [၇/တငန(နိုင်)၁၄၆၁၆၅]**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၄-A၊ မြေကွက်အမှတ်-၅၃၊ မြေကွက်တည်နေရာအမှတ်-၂၁၂၊ ဓမ္မပါလလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း(ဦးကျော်၊ မလှကြီး)အမည်ပေါက်'က' မြေအား အမည်ပေါက်(ဦးကျော်၊ မလှကြီး)ထံမှ အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၆/၂၀၁၄၊ တရားမဇာရီမှုအမှတ်-၃/၂၀၁၄တို့တင်ပြ၍ ဒေါ်အုန်းသွင်(ဘီလစ်)[၁၂/အစန(နိုင်)၀၀၄၀၈၀]က ၃(က)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၀)မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားအတွက် ကတ္တရာလမ်း(၁၃/၅)မိုင်၊ ကျောက်လမ်း (၂၃/၁)မိုင်၊ မြေသားလမ်း(၅၁/၀) မိုင်၊ သစ်သားတံတား(၁၂၅၅)ပေ၊ ရေပြွန်(၅၀၀)ပေ၊ ကျေးလက်ရေရရှိရေးအတွက် တွင်းတိမ်(၁၁)တွင်း၊ တွင်းနက်(၃၅)တွင်း၊ လက်တူးတွင်း (၂၀)တွင်း၊ မြေသားရေကန်(၂၀)ကန်၊ ကျေးလက်တန်ဖိုးနည်းအိမ်ရာ (၁၇)လုံး၊ ယင်လုံအိမ်သာ (၅)လုံး၊ ကျေးလက်မီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်၊ ဆိုလာ (၃၆၉၁)ခုအား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကိုအောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်/အချိန်	- ၁၄-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ၉း၃၀နာရီမှ ရုံးချိန်အတွင်း
တင်ဒါပိတ်မည့်ရက်/အချိန်	- ၁၃-၆-၂၀၁၄ရက်(သောကြာနေ့) ၁၆း၃၀နာရီ
တင်ဒါတင်သွင်းမည့်နေရာ	- မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း၊ ကျိုက္ခမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့။ ဖုန်း-၀၅၇-၂၄၀၈၅

အမည်ပြောင်း

အဖ ဦးကျော်မင်းသိန်း၏သား အထက(၁)မရမ်းကုန်း အဌမတန်းမှ မောင်စိုင်းဝေလျှံကျော်အား ရာဇာလင်းဟုခေါ်ပါရန်။ **ရာဇာလင်း**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၁၀၄၀)၊ ဒဂုံသီရိလမ်းပေါ်ရှိပေ(၄၀×၆၀)ပါမစ်မြေအမျိုးအစားကို အမည်ပေါက် ဦးဌေးအောင် ISN 257742ထံမှ အစဉ်အဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးမောင်တူး[၅/ကလဝ(နိုင်)၀၂၆၃၁၆]ထံမှ ဦးခင်ထွန်း[၇/ညလပ(နိုင်)၀၉၄၉၀၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်ထွန်း
[၇/ညလပ(နိုင်)၀၉၄၉၀၄]
အမှတ်(၃၄)၊ (၄)လွှာ(ညာ)၊ သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၂၅၉၃၊ ၀၉-၄၂၁၁၀၃၃၇၆

ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တလုတ်ကလေးစာဖြူစုကျေးရွာနေ မချောချောစု[၁၄/မမက(နိုင်)၁၆၅၂၇၇]နှင့် နန့်အယ်လ်ခွန်းရီ [၁၄/မမက(နိုင်)၁၇၂၈၅၃]တို့၏ ဖခင်အမည်မှာ ဦးအော်လီဂန်း(ခ)မန်းမောဇက်(ခ)ဦးမောဇက် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကျောင်းအလှူ့ဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ကျောင်းအလှူ့ဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ သံသုမာ(၃)လမ်း၊ အမှတ်၁၅၄/က၊ ပေ(၂၀×၆၀)အမည်ပေါက်ဦးရွှေကျား(CG-၀၈၃၆၈၇)နှင့် မြေကွက်အမှတ်-၁၅၄/ခ၊ ခေါင်းရင်းပေ(၁၀×၆၀)အမည်ပေါက်ဦးအေးသိန်း (ဘ)ဦးစိုးသိန်းဟုခေါ်တွင်သော ပါမစ်မြေကွက်တို့ကို ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူထားသူ ဒေါ်နန်းခင်စိုး(E/HTYA-၀၃၂၈၃၁)ထံမှ ဒေါ်တိုးတိုးလွင်[၁၄/ဘကလ(နိုင်)၂၂၀၃၇၃]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မြင့်သိန်း(မော်ကျွန်း) အထက်တန်းရှေ့နေ(စဉ်-၆၄၃၇)
၉၅၈၊ ဗိုလ်အောင်ကျော်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ဖုန်း-၀၉-၄၂၀၀၉၅၈၄၄၊ ၀၉-၈၆၁၆၇၅၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၈၇)၊ (၀. ၀၅၈)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၈၇)ဟုခေါ်တွင်သည့် (၂)ထပ် R.C အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင် ဦးခင်ဇော်[၁၃/ကမန(နိုင်)၀၀၀၈၉၆]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ(စရန်)ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေ၊ အိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ (၇)ရက်အတွင်း အရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းချခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာလွင်	ဒေါ်အေးနန္ဒာဝင်း	ဒေါ်မိတင်ဇာလင်း
စဉ်-၂၅၇၁၀	စဉ်-၂၈၀၂၆	စဉ်-၃၀၄၉၁
LL.B, D.B.L, D.M.L,D.I.L	LL.B, D.B.L, D.M.L	LL.B,D.B.L,D.M.L,D.I.L

ဖုန်း-၀၉-၅၀၈၂၇၁၄
အထက်တန်းရှေ့နေများ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဘီ)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၄၊ မြေကွက်အမှတ် ၁၊ ၂ နှင့် မြေတိုင်းရပ်ကွက်အမှတ် ၇၅၊ မြေကွက်အမှတ်-၂၂၈/၅၊ ၂၂၈/၇၊ ၂၂၈/၈ မြေကွက်များနှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါမြေကွက်များသည် ကောင်းမြန်မာအောင်သဘော်ကုမ္ပဏီလီမိတက်က နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)အရ တရားဝင်လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိနေခြင်းကို ယင်းမြေကွက်အတွင်းနေထိုင်သူများက ငြင်းဆန်လျက်ရှိနေသဖြင့် ကောင်းမြန်မာအောင်သဘော်ကုမ္ပဏီလီမိတက်က ယင်းမြေကွက်များ"လက်ရောက်ရလိုမှု"ကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ်-၃၉၃/၂၀၁၃၊ ၃၉၄/၂၀၁၃၊ ၃၉၅/၂၀၁၃၊ ၃၉၆/၂၀၁၃၊ ၃၉၇/၂၀၁၃ တို့တွင် တရားစွဲဆိုဆောင်ရွက်နေဆဲဖြစ်၍ ယင်းမြေကွက်များအား ယခုလက်ရှိအခြေအနေများမှ ခွဲစိတ်၍ဖြစ်စေ၊ ပိုင်းခြား၍ဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကောင်းမြန်မာအောင်သဘော်ကုမ္ပဏီလီမိတက်၏လွှဲအပ်ချက်အရ
ဦးမောင်မောင်(တရားလွှတ်တော်ရှေ့နေ-စဉ်-၃၄၇၃)
ABEL & Partners LLP
ရုံး-အမှတ်-၅၀၄/၅၀၆၊ (ကွန်ဒို-B)အခန်း၊ A.6၊ ၃၉ လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့။

၁၉၆၅ မှ ၁၉၈၅ ခုနှစ်(စင်ထရယ်)အထက(၁)လသာ ကျောင်းသားဟောင်းများအမှတ်တရမဂ္ဂဇင်းအတွက်စာမူတောင်းခံခြင်း

၁၉၆၅ မှ ၁၉၈၅ ခုနှစ်(စင်ထရယ်) အထက(၁)လသာကျောင်းသားဟောင်းများမှ "အမှတ်တရမဂ္ဂဇင်း"ကို ၂၀၁၄ ခုနှစ် (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးအမီ ထုတ်ဝေမည်ဖြစ်ပါသည်။

(စင်ထရယ်) အထက(၁)လသာ ကျောင်းတော်ကြီးနှင့်ပတ်သက်၍ အမှတ်တရဖြစ်စေမည့် ဓာတ်ပုံ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုစသည်တို့ကိုပေးပို့နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

စစ်ပြီးခေတ်ကျောင်းသားဟောင်းကြီးများနှင့် ၁၉၈၅ ခုနှစ် နောက်ပိုင်းဆရာ၊ ဆရာမများ၊ ကျောင်းသားဟောင်းများမှလည်း ပါဝင်ရေးသားပေးပို့နိုင်ပါသည်။

စာမူများပေးပို့ရမည့်လိပ်စာ
မဂ္ဂဇင်းဖြစ်မြောက်ရေးအဖွဲ့
ဆရာကြီး၊ ဆရာမကြီးများကျန်းမာရေးကူညီစောင့်ရှောက်မှုရုံးခန်း
(ယခင်စက်မှုလက်မှုအလုပ်ရုံ)
အထက(၁)လသာကျောင်းဝင်း
ဖုန်း - ၀၉-၂၅၀၃၇၅၅၄၆၊ ၀၉-၄၉၂၉၅၀၂၀၊ ၀၉-၅၁၈၇၂၁၂၊ ၀၉-၄၅၀၀၅၆၈၇၉၊ ၀၉-၃၀၂၂၉၁၉

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၄ ရပ်ကွက်၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ်-၁၂၀၀၊ ဧရိယာပေ(၄၀×၆၀) ခွင့်ပြုရရှိသူ ဒေါ်အုံးကြည်[၁၂/ကမရ(နိုင်)၀၃၉၁၀၆]၏ မြေကွက်နှင့် မြေကွက်အမှတ်-၁၁၅၃၊ ဧရိယာပေ(၄၀×၆၀) ခွင့်ပြုရရှိသူ ဦးမှေး(အေဘီ-၁၃၀၃၃၀)[၁၂/ကမရ(နိုင်)၀၃၆၁၂၂]၏မြေကွက် စုစုပေါင်းမြေကွက်၂ ကွက်အား လက်ဝယ်ထား၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဒေါ်ခင်ညို[၁၃/လရန(နိုင်)၀၄၀၈၈၈]ထံမှ ကျွန်တော်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်များနှင့်စပ်လျဉ်း၍ ဥပဒေအရအကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားတင်ပြ၍ အရောင်းအဝယ်ကိစ္စကို ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ရုံးချိန်များ၌ လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်စိုး(စဉ်-၅၀၉၇)
တရားလွှတ်တော်ရှေ့နေ
အခန်း-၁၆/ဘီ၊ ပထပ်၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကိုကျော်နိုင်ဦး[၉/မမန(နိုင်)၀၇၂၁၄၄]ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် မဥမ္မာသွင်[၉/မမန(နိုင်)၀၈၉၁၆၆]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကိုကျော်နိုင်ဦးနှင့် မဥမ္မာသွင်တို့သည် (၁၉၉၃)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပြီး သမီး မကလျာကျော် (၂၀)နှစ် ထွန်းကားခဲ့ပါသည်။ ကိုကျော်နိုင်ဦးအနေဖြင့် (၂၀၁၀)ခုနှစ်ခန့်မှစ၍ ဇနီးမဥမ္မာသွင်နှင့်သမီးဖြစ်သူတို့အား လင်ဝတ္တရား၊ ဖခင်ဝတ္တရားနှင့်အညီ ရှာဖွေကျွေးမွေးခြင်း၊ ပေးကမ်းထောက်ပံ့ခြင်းမရှိဘဲ စွန့်ပစ်သွားသည်မှာ (၂၀၁၄)ခုနှစ်ဆိုလျှင် (၄)နှစ်ရှိပြီဖြစ်သဖြင့် လင်ခန်းမယားခန်းပြတ်စဲ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါ။ ကိုကျော်နိုင်ဦးအနေဖြင့် မဥမ္မာသွင်၏လူမှုရေး၊ စီးပွားရေး ကိစ္စအဝဝတို့တွင် လိုက်လံနှောင့်ယှက်ခြင်း မပြုပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မဥမ္မာသွင်၏ညွှန်ကြားချက်အရ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုကျော်နိုင်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မဥမ္မာသွင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ထွန်းမြင့် (H.G.P, LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၇၅)
ရှေ့နေများနားနေခန်း၊ မင်္ဂလာဒုံတရားရုံးဝင်း၊ မင်္ဂလာဒုံမြို့နယ်။
ဖုန်း-၀၉-၇၃၀၈၇၁၉၈

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ ရှုပါရုံလမ်း၊ မြေကွက်အမှတ်(၄၀၃)၊ အကျယ်အဝန်းပေ(၄၀×၆၀) ရှိ မြေနှင့်အိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဒေါ်ငွေးငွေးမာထံမှ စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးသန်းထိုက်စိုး[၁၂/ဥကမ(နိုင်)၁၈၂၂၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

သရဖူ-အိမ်ခြံမြေနှင့် ဥပဒေအကြံပေး အထွေထွေဝန်ဆောင်မှုလုပ်ငန်း
ဒေါ်ခိုင်မြတ်ဝေ(စဉ်-၃၂၁၁၆) အထက်တန်းရှေ့နေ
အမှတ်(၈၃၄)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ဖုန်း-၀၁-၅၈၀၅၁၆၊ ၀၉-၄၃၀၅၇၇၀၈၊ ၀၉-၈၅၃၂၂၉၂

သံဃာတော်များအတွက် English 4 Skills သင်တန်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကောင်းဆုဝေဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ဓမ္မာစရိယတန်းနှင့် ဓမ္မာစရိယဘွဲ့ရပြီး ရဟန်းသာမဏေများကို ကျောင်းနေသံဃာအဖြစ်လက်ခံပြီး ရေး၊ ဖတ်၊ ပြောနားလည်အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု(၄)မျိုးလုံး သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ ယူဆောင်လာရမည့်အချက်အလက်၊ ဝင်ခွင့် ဖြေမည့်ရက်၊ သင်တန်းစမည့်ရက်တို့ကို ဖုန်း-၀၉-၂၅၅၉၀၅၁၀၉၊ ၀၉-၂၅၅၇၈၉၃၀၈ သို့ မေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-(၁/ခ[၃၉])ဟုခေါ်တွင်သည့် မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ်(၅)၊ အမှတ်-၁၁၁/၇-ဘီ အကျယ်အဝန်းပေ(၄၈×၅၄) နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်သန်းလှ[၁၂/မရက(နိုင်)၀၆၂၀၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး(LL.B,D.B.L,D.M.L,D.I.L)	ဦးမြတ်ထွန်း B.Sc,R.L
အထက်တန်းရှေ့နေ(စဉ်-၂၇၁၂၈)	တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၉၀)

အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၆၅၀၉၀၃

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုမြို့၊ ဒီပဲယင်းဝန်ထောက် ဦးမြဲလမ်း၊ တိုး‌ချဲ့ ၂၁ နေ ဒေါ်ဟန်စုယဉ်[၈/မထန(နိုင်)၀၀၀၆၀၈]သည် အောက်တွင်ဖော်ပြသော ကုန်အမှတ်တံဆိပ်ကို ကိုယ်တိုင်တီထွင်ဖန်တီး၍ တစ်ဦးတည်းမူပိုင်ခွင့်ရှိကြောင်း ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မြွက်ဟကြေညာချက် စာချုပ်ပြုလုပ် မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

Z·ONE

၄/၅၂၃၁/၂၀၁၂

ဒေါ်ဟန်စုယဉ်က အထက်ပါကုန်အမှတ်တံဆိပ်ကို မိမိကိုယ်တိုင်ထုတ်လုပ်သော SWITCH, SOCKET, PLUG, TRANSFORMER, REGULATOR, TV ANTENNA, UPS, INVERTER, SAFEGUARD ELECTRONIC & ELECTRICAL LAMP များ အပါအဝင် နိုင်ငံတကာသတ်မှတ်ချက်အမှတ်-၉ အမျိုးအစားတွင် အကျုံးဝင်သောပစ္စည်းများ၏ ကိုယ်ထည်ပေါ်တွင် အသားတံဆိပ်အဖြစ် ရိုက်၊ ကပ်၊ ဖိနှိပ်၍လည်းကောင်း၊ ယင်းပစ္စည်းများ ထည့်သွင်းထုပ်ပိုးသော ပစ္စည်းများတွင် ရိုက်နှိပ်ကပ်နှိပ်၍လည်းကောင်း၊ ကြော်ငြာအမျိုးမျိုး ရိုက်နှိပ်၍လည်းကောင်း အသုံးပြုပြီး ဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ မူရင်းပိုင်ခွင့်ရှိသူ ဒေါ်ဟန်စုယဉ်၏ တရားဝင်ခွင့်ပြုချက်၊ သဘောတူညီချက်မရှိဘဲ ထိုကုန်အမှတ်တံဆိပ်ဟု ထင်ယောင်ထင်မှားဖြစ်စေရန် တုပပြုလုပ်၊ လက်ဝယ်ထား၊ သုံးစွဲ၊ ဖြန့်ချိ၊ ရောင်းချသူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများအရ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ဟန်စုယဉ်၏ညွှန်ကြားချက်အရ-
ဦးခင်စိုး(စဉ်-၅၀၉၇)
တရားလွှတ်တော်ရှေ့နေ
အခန်း(၁၆/ဘီ)၊ (ပ)ထပ်၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၁၇၈)၊ မြေကွက်တည်နေရာအမှတ်(၁၁၇၈)၊ သုဓမ္မာလမ်း၊ (၂)ရပ်ကွက် (ဒေါ်ကြည်ကြည်ဝင်း+၃) (N/OKA-၁၂၆၄၁၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်ဝင်း+၃(တရားရှုံးများကိုယ်စား) တရားရုံးဘီလစ် ဦးခင်မောင်ချစ်[၁၂/သကတ(နိုင်)၁၀၈၇၃၉]မှ မြောက်ဥက္ကလာပမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ်(၁၀၈/၂၀၁၃)၏အနိုင်ဒီကရီနှင့် တရားမဇာရီမှုအမှတ်-၅/၂၀၁၄၏ နေ့စဉ်မှတ်တမ်းအမိန့်၊ တာဝန်ပေးအပ်ကြောင်း အကြောင်းကြားစာတို့ကိုတင်ပြပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာ ခိုင်လုံသော အထောက်အထားများနှင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ်-၂/၂၁၈၊ မြေကွက်တည်နေရာအမှတ်(၃၄၈)၊ (၁၂)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးချစ်ထွန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချစ်ထွန်း(ဖခင်)(မိခင်)နှင့် အစ်မအရင်း(အပျိုကြီး)ဘဝဖြင့် ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်ယဉ်စိန်[၁၂/ဒပန(နိုင်)၀၀၄၁၂၂]ထံမှ GP (၉၈၅၃/၄-၄-၂၀၁၄)ဖြင့် ရရှိသူ ဦးစိန်ထွန်း(ခ)ဂျိုးဇက်[၁၂/ဒပန(နိုင်)၀၄၂၀၄၆]မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၆၉၈)၊ မြေကွက်တည်နေရာအမှတ်(၆၉၈)၊ (၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးမောင်မောင်ကျော်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်ယဉ်ယဉ်ကွယ်လွန်သဖြင့် ဒေါ်မိုးဇင်ခိုင်[၁၂/ဥကတ(နိုင်)၁၂၉၉၁၉]က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ခွင့် ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသည့် အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ရန်ကင်းမြို့နယ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ Grade-5(D) မှ မသင်းဆုဝတီအား မသင်းမြတ်မြတ်ဆုဟု ပြောင်းလဲခေါ်ပါရန်။

မသင်းမြတ်မြတ်ဆု

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀
ကြည့်မြင်တိုင်မြို့နယ်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

၁။ ဦးမြင့်သောင်း နှင့် ၁။ ဦးသန်းရွှေ
၂။ ဦးအောင်ဌေးလွင် ၂။ ဦးဟန်စိန်
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်း) ၃။ ဦးဖိုးရွှေ

တရားလိုများ **တရားပြိုင်များ**

ဦးသန်းရွှေ အမှတ်(၄၂)၊ (၃)လွှာ၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးဟန်စိန် အမှတ်(၂၀၇)၊ ယုဇန(၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဦးဖိုးရွှေ အမှတ်(၂၃)၊ တိုက်(၁၀)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။ သင်တို့အပေါ် တရားလိုများက"မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" အဆိုပြုစွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ကိုယ်စားလှယ်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ တစ်ဦးဦးအား အမှုနှင့် စပ်လျဉ်းသည့်အချက်များ ချေပပြောဆိုနိုင်ရန် ၂၀၁၄ခုနှစ်၊ မေလ(၂၀)ရက် (၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်) နံနက် ၁၀နာရီတွင် အထက်ပါတရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေများလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်ကတည်းက တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
ဒုတိယမြို့နယ်တရားသူကြီး
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅အေ)၊ မြေကွက်အမှတ်(၈ဘီ°/၅စီ)၊ (8B'/5C)၊ မြေကွက်တည်နေရာအမှတ်(၆၈၀-အထက်) ပုဇွန်တောင်လမ်း၊ ကူးတို့ဆိပ်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ (၁)ဒေါ်ခင်သန်းမြင့်(CB-010005)၊ (၂) ဒေါ်ခင်လှဝင်း(CB-023113)၊ (၃) ဦးသိန်းဇော်(CB-010006)၊ (၄)ဒေါ်အုန်းကြည်(AB-062291) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းဇော်ကွယ်လွန်သဖြင့် (၁)ဒေါ်သိန်းကြည်[၁၂/ကမရ(နိုင်)၀၂၈၂၈၅]နှင့် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အုန်းကြည်(ကွယ်လွန်)နှင့် ခင်ပွန်းဦးချိန်ဟို ကွယ်လွန်သဖြင့် (၂) ဒုဗိုလ်မှူးကြီးထွန်းဦး(ငြိမ်း)[၁၂/ဒဂန(နိုင်)၀၁၂၃၃၀]၊ (၃)ဒေါ်ဌေးဌေး[၁၂/ကမရ(နိုင်)၀၂၈၄၉၆]၊ (၄)ဒေါ်အေးအေး[၁၂/ကမရ(နိုင်)၀၅၄၁၈၉]၊ (၅)ဦးမောင်မောင်[၁၂/ကမရ(နိုင်)၀၃၃၁၁၄]၊ (၆)ဒေါ်မြသီတာ[၁၂/ကမရ(နိုင်)၁၁၁၄၇၇]၊ (၇)ဦးအေးကြိုင်[၁၂/ကမရ(နိုင်)၀၂၈၇၂၆]၊ (၈)ဦးဘိုကြီး[၁၂/ကမရ(နိုင်)၀၂၈၇၁၈]တို့က ဇနီးနှင့်သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာကို ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင်လှဝင်းတို့နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၁၈)၊ မြေကွက်အမှတ်(၁၃၀)၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေချပါမစ်သည် သက်ဆိုင်ရာမှ ကျွန်တော့်အား ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေချပါမစ်(မူရင်း)သည် သိမ်းဆည်းထားရာမှ အမှန်တကယ်ပျောက်ဆုံးသွားခဲ့ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာတွင် ဂရန်အသစ် လျှောက်ထားရန် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြေချပါမစ်(မူရင်း)လက်ဝယ်ရှိသူသည် ကျွန်တော့်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးစိန်အေး[၁၂/လသန(နိုင်)၀၁၂၃၈၆]
ဖုန်း-၀၉-၄၂၁၀၀၆၈၂၅

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၈နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇

ဦးစောလွင် နှင့် ၁။ ဦးတင်ရွှေ
၂။ ဒေါ်ဌေးဌေး

တရားနိုင် **တရားရှုံးများ**

ဦးတင်ရွှေ၊ ဒေါ်ဌေးဌေး၊ အမှတ်(၈၀၄)၊ ချင်းတွင်းလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၈တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးစောလွင်လျှောက်ထားသည်ဖြစ်၍ မည်သည့်အတွက်ကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ် မေလ ၂၈ရက် (၁၃၇၆ခုနှစ် ကဆုန်လကွယ်) မွန်းမတည့်မီ ၁၀နာရီတွင် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ဒီကရီအတည်ပြုမိန့် ထုတ်ပေးလိမ့်မည်။

၂၀၁၄ ခုနှစ် ဧပြီလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်စုငယ်
ခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

၁၄-၂-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာပါ ဦးအေးသိမ်းကျော်(တရားလွှတ်တော်ရှေ့နေ)နှင့် ဦးသက်ကိုကို(အထက်တန်းရှေ့နေ)တို့မှ တုံ့ပြန်ကြေညာချက်အပေါ် အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်မြို့နေ ဦးမြသိန်း(ခ) CHIN CHET LIN (ခ) JOHN CHINနှင့် ဦးမြဟန်(ခ) CHIN CHET LIN (ခ) PETER CHINတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃ပီ၊ မြေကွက်အမှတ်-၄၇၊ မြေဧရိယာ (၁. ၇၁၁)ဧက မြေပေါ်ရှိအမှတ်-၅၈၊ ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်ဟု ခေါ်တွင်သောမြေကွက်ကို ဒေါ်သန်းညွန့် မကွယ်လွန်မီက အလုံမြို့နယ်နေ ဒေါ်မြယူ(ALE-၀၀၈၆၈၆)သို့ အပြီးအပိုင် စာချုပ်ချုပ်ဆို လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်သည်ဆိုသည်မှာ မှန်ကန်မှုမရှိပါကြောင်းနှင့် တရားမဝင်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဒေါ်သန်းညွန့်သည် ယင်းမြေကွက်၏ မူလပိုင်ရှင်ဦးလှရှိန်၏ ဒုတိယဇနီးဖြစ်ပါသည်။ ဦးမြသိန်း၊ ဦးမြဟန်အပါအဝင် မောင်နှမ(၆)ဦးတို့မှာ မြေကွက်မူလပိုင်ရှင် ဦးလှရှိန်၏ မြေးအရင်းများဖြစ်ကြပြီး ဦးလှရှိန်မကွယ်လွန်မီကပင် သားဖြစ်သူ ဦးမောင်ကိန်း[ဦးမြသိန်း၊ ဦးမြဟန်အပါအဝင် မောင်နှမ(၆)ဦး၏ဖခင်]ကို စာချုပ်စာတမ်းနှင့်တကွ တရားဝင်လွှဲပြောင်းပေးအပ်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဦးမောင်ကိန်း၏ သားသမီး(၆)ဦးသာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော မြေကွက်သာဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဌေး(စဥ်-၃၅၅၅/၈၆)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၃၅၊ ၃လွှာ၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၂၅၄၈၂

ရန်ကုန်မြို့ အလုံမြို့နယ်၊ အလုံလမ်းမကြီးပေါ်ရှိ တော်ဝင်မိသားစုကုမ္ပဏီဆောက်လုပ်လျက်ရှိသော ပန်းသစ်ခွရိပ်သာ၊ အော်ကစ်ကွန်ဒိုအိမ်ရာရှိ အလွှာ(၇)၊ အခန်း(၂)နှင့်စပ်လျဉ်း၍ ရောင်းချသူဦးကိုကိုလေး[၁၂/စခန(နိုင်)၀၁၁၉၉၆]နှင့်သက်ဆိုင်သူများသိစေရန်အသိပေးကြေညာချက်

ကျွန်ုပ်မိတ်ဆွေဖြစ်သူ-ဦးစိန်မြင့်[၁၂/စခန(နိုင်)၀၄၄၂၉၉] အမှတ်-၂၀(က)၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ-

တော်ဝင်မိသားစုကုမ္ပဏီ၏မိသားစုအဖွဲ့ဝင်ဖြစ်သော ဦးကိုကိုလေးသည် အထက်ဖော်ပြပါ အော်ကစ်ကွန်ဒိုအိမ်ရာရှိ အလွှာ(၇)၊ အခန်း(၂)ကို ၎င်းမှ ပိုင်ဆိုင်ခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ တာဝန်ယူဝန်ခံကတိပြု၍ Fully Furnished အပြည့်အစုံဖြင့် ကြိုပွဲလွဲ့စနစ်အရ ကာလတန်ဖိုးသတ်မှတ်ကာစရန်ငွေများရယူ၍ ၂၈-၉-၂၀၁၃ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ-ဦးစိန်မြင့်နှင့်"ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်စရန်ပေးကတိစာချုပ်"ကိုချုပ်ဆိုခြင်း ၁၈-၁၀-၂၀၁၄ရက်တွင် ဒုတိယအရစ်စရန်ငွေများ ထပ်မံရယူခြင်းများ ပြုခဲ့ပါသည်။ ယခုအခါ ယင်းကွန်ဒိုအိမ်ရာမှဆောက်လုပ်ပြီးစီးခါနီးဖြစ်၍ ရောင်းချသူ-ဦးကိုကိုလေးအနေနှင့် ကွန်ဒိုတိုက်ခန်းများ တန်ဖိုးမြင့်တက်လာမှုကြောင့် စိတ်ပြောင်းပြီး ၎င်းနှင့်ချုပ်ဆိုထားသည့် စရန်ပေးစာချုပ်ပါ ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကို ပြီးစီးအောင်ဆောင်ရွက်ခြင်းမပြုတော့ဘဲ ကျန်ရှိသော စရန်ငွေများလက်ခံရယူရန်ငြင်းပယ်ကာ ရောင်းချရန် ကတိပြုထားသည့် ကွန်ဒိုတိုက်ခန်း တိုက်ခန်းငွေကို ၎င်း၏ တစ်ဖက်သတ်သဘောဖြင့် ပိုမိုသတ်မှတ်တောင်းခံနေခြင်းကြောင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်းတို့ကြားတွင် စာအားဖြင့် အပြန်အလှန် အသိပေးတောင်းဆိုခြင်းများဖြင့် မလိုလားအပ်သော အငြင်းပွားမှုများ ပေါ်ပေါက်လျက်ရှိနေပါသည်။ သို့ဖြစ်ရာ နောက်ဆုံးအခြေအနေအရ ကျွန်ုပ်မိတ်ဆွေမှ ၎င်းအပေါ်တွင် အရောင်းပဋိညာဉ်အတိုင်း တိုက်ခန်းဖိုးကျန်ငွေများရယူပြီးစာချုပ်ပါ ရောင်းချသောတိုက်ခန်းကို လက်ရောက်လွှဲပြောင်းပေးအပ်ခြင်း၊ အရောင်းစာချုပ်ချုပ်ဆိုခြင်း၊ ပြုပေးစေလိုမှုဖြင့် တရားစွဲဆိုရတော့မည်ဖြစ်သည့်အတွက် အထက်ဖော်ပြပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေ၏ ဝယ်ယူပိုင်ဆိုင်ခွင့်ရှိသည့် အခွင့်အရေးကို ထိခိုက်စေနိုင်သော မည်သည့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန်နှင့် ပြုလုပ်ပါက မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူတရားစွဲဆိုမည်ဖြစ်ကြောင်းကို စရန်ယူရောင်းချသူ-ဦးကိုကိုလေးနှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးဝင်းမြင့်(လက်ပံတန်း)
တရားလွှတ်တော်ရှေ့နေ(စဥ်-၄၇၈၇)
အမှတ်-၅၀၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၉၅၈၆၂၇၅၊ ၀၁-၃၈၂၂၉၃

ဒေါ်တင်ရီ[၁၂/အစန(နိုင်)၁၂၅၉၉၂]ကိုင်ဆောင်သူနှင့် အများသိစေရန် ပြန်လည်ကန့်ကွက်ရှင်းလင်းခြင်းကြော်ငြာစာ

၂၀-၄-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာ၏(တရားလွှတ်တော်ရှေ့နေ)ဒေါ်ဝင်းဝင်းခိုင်နှင့် ဒေါ်ဖြူဇာမြင့်(အထက်တန်းရှေ့နေ)တို့၏ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၄၂/က)၊ ဒေါ်ငွေကြည် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် နေအိမ်ဥပစာ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပြန်လည်ကန့်ကွက်ရှင်းလင်းသည်မှာ-

၁။ ကျွန်ုပ်အမှုသည်များဖြစ်သည့် သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ အနောက်(၁၀)လမ်း၊ အမှတ်(၉၀၉)နေထိုင်သူများဖြစ်သည့် ဦးသန်းထွန်း ပါ(၄)ဦးတို့သည် ကွယ်လွန်သူ သားထောက်သမီးခံမရှိသည့် ဒေါ်ငွေကြည်၏တူများ ဖြစ်ကြပါသည်။

၂။ ကြော်ငြာပါ ဒေါ်ငွေကြည်၏ ကျန်ရစ်သော နေအိမ်ဥပစာအကျိုးခံစားခွင့်အရပ်ရပ်ပေါ်တွင် ကျွန်ုပ်အမှုသည်များက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံအကျိုးခံစားခွင့်ရှိသူများဖြစ်ပါသည်။ ထို့အပြင် ဒေါ်ငွေကြည်၏အစ်ကို ဦးမောင်ဟန်မှ သား(၂)ဦးမွေးပြီး ၎င်းတို့သည်လည်း အမွေဆက်ခံရရှိမည့်သူများလည်း ဖြစ်ပါသည်။

၃။ ယင်းသို့ ဒေါ်ငွေကြည်၏ ကျန်ရစ်သော နေအိမ်၊ ဥပစာအကျိုးခံစားခွင့်အရပ်ရပ်အပေါ် ရရှိထိုက်သော ကျွန်ုပ်အမှုသည်များအနေဖြင့် သဘောတူမသိရှိဘဲ ရောင်းချပိုင်ခွင့်မရှိသူ ဒေါ်တင်ရီထံမှ အရောင်းအဝယ်ပြုလုပ်ထားခြင်းသည် ဥပဒေနှင့်မညီညွတ်ပါ။

၄။ ဒေါ်တင်ရီအနေဖြင့် ဒေါ်ငွေကြည် အမည်ပေါက် အိမ်မြေကို ဆက်လက်ရောင်းချမှု အပြီးတိုင် ဆောင်ရွက်ခဲ့ပါလျှင် ရောင်းချသူနှင့် ဝယ်ယူသူ၏ တာဝန်သာဖြစ်လိမ့်မည်ဖြစ်ကြောင်း ပြန်လည်ကန့်ကွက်ရှင်းလင်းအပ်ပါသည်။

၅။ (တရားလွှတ်တော်ရှေ့နေ)ဒေါ်ဝင်းဝင်းခိုင်နှင့်(အထက်တန်းရှေ့နေ)ဒေါ်ဖြူဇာမြင့်တို့ထံသို့လည်း ၂၂-၄-၂၀၁၄ရက်စွဲတွင် တရားဝင်အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်ပေးသူ
ဦးသန်းထွန်း[၁၂/သကတ(နိုင်)၀၄၃၄၄၀]
အမှတ်(၉၀၉)၊ ထူပါရုံအနောက်(၁၀)လမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဦးကျော်မျိုးညွန့်(အထက်တန်းရှေ့နေ)
အမှတ်(၄၈၄)၊ အောင်မေတ္တာလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၄၉၄၇၂၄

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (4C/8144, ၄ဂ/၈၁၄၄)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

ဟိုတယ်တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်

၁။	Manager (အင်္ဂလိပ်စာကျွမ်းကျင်)	ကျား/မ	(၁)ဦး
၂။	Operation Manager (အင်္ဂလိပ်စာကျွမ်းကျင်)	ကျား/မ	(၁)ဦး
၃။	Front Office Manager (အင်္ဂလိပ်စာကျွမ်းကျင်)	ကျား/မ	(၁)ဦး
၄။	Food & Beverage Manager (အင်္ဂလိပ်စာကျွမ်းကျင်)	ကျား/မ	(၁)ဦး
၅။	Housekeeping Manager	ကျား/မ	(၁)ဦး
၆။	HR Manager	ကျား/မ	(၁)ဦး
၇။	Chief Chef	ကျား/မ	(၁)ဦး

"နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။"

အမှတ်စဉ်(၁)မှ (၆)အထိ ဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။
အမှတ်စဉ်(၇)အတွက် အနောက်တိုင်းအစားအစာ ကျွမ်းကျင်စွာ ချက်နိုင်ရမည်။ စားဖိုဆောင်ကျွမ်းကျင်ပိုင်နိုင်စွာ အုပ်ချုပ်နိုင်သူဖြစ်ရမည်။

ကိုယ်ရေးရာဇဝင် CVကို
-thazingardenbagan@gmail.com(OR)
.inlegardenhotel@gmail.com သို့ ပေးပို့ပါရန်။
ဖုန်း၀၁-၅၃၇၈၉၈၊ ၀၉-၅၁၇၁၀၆၅၊ ၀၉-၇၃၀၈၅၂၂၀

မြေကွက်ဝယ်လိုသည်
[illegible]
09 31589922
09 31268183

KING STAR
20000Ks
Graphic Design
Video Editing
AutoCAD 2D,3D

ဖခင်အမည်မှန်

ဟိုပင်မြို့၊ အထက(၁)၊ ဒသမတန်းမှ မစုဝိုင်းဝိုင်းပြည့်၊ သတ္တမတန်းမှ မောင်နေရဲရှိုင်နှင့် အမက ဂါတ်ကုန်းကျောင်းမှ မောင်နေရဲထက်တို့၏ဖခင်အမည်မှန်မှာ ဦးစိုးစိုး[၁/မညန(နိုင်)၁၀၀၈၂၅]ဖြစ်ပါသည်။

Hip Hop Party
Music
[illegible]

ရခိုင်ပြည်နယ်ဘုရားဖူး
[illegible]
(500000)/- ဖုန်း-09 448003431

BIS
Nursery & Pre-KG
Regular Classes
Weekend English Classes
Ferry Available

SAYA-TONY
Since 1989
IELTS FOUNDATION Exam Training
IELTS - Exam Camp
• Elementary Spoken English (ESE)
• Intermediate General English (IGE)
• Advanced General English (AGE)
• Basic Grammar & Essay (BGE)
• Basic Translation Course (BTC)

ငွေချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မရမ်းကုန်းမြို့နယ်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

၁။ ဒေါ်လှကြည်	နှင့်	ဒေါ်ကြီးမြင့်
၂။ ဒေါ်မြခင်		အမှတ်(၁၅၃)၊ ကျွန်းတောလမ်း၊
(၎င်းတို့၏ကိုယ်စားလှယ်စာရသူ		စမ်းချောင်းမြို့နယ်၊
ဦးလှမိုးအောင်)		ရန်ကုန်တိုင်းဒေသကြီး။
အမှတ်(၄၆/က)၊ ပါရမီလမ်း၊		
(၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။		
တရားလိုများ		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၅၃)နေသူ ဒေါ်ကြီးမြင့်(ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှကြည်နှင့်ဒေါ်မြခင်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးလှမိုးအောင်)က ပဋိညာဉ်ပါမြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ မေလ ၁၉ ရက်(၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်) နံနက် ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းမျိုးညွန့်ဦး)
ဒုတိယမြို့နယ်တရားသူကြီး(၁)၊ မရမ်းကုန်းမြို့နယ်တရားရုံး

အမြန်ရောင်းမည်
Land Cruiser - ပုံမပြောင်း/အနက်ရောင်(2008)Model
Kilo 2 ဘေး - 1150 သိန်း
09 2540 36 876

ပြည်သူ့ခိုက်
[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ (၅)ရပ်ကွက်၊ ခေမာ(၄)လမ်း၊ အမှတ်(၁၁၂)၊ အလျားပေ ၂၀ × အနံပေ ၆၀ အား အမည်ပေါက် ပိုင်ဆိုင်သူဖြစ်သော ဦးဘိုကြီး(KLT- ၀၆၁၄၈၈)ထံမှ ဦးကျော်မြင့်ဦး [၁၂/သကတ(နိုင်)၁၀၆၈၄၃]သည် ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွေးသီရိအောင်[၇/ဖမန(နိုင်)၀၉၁၈၈၄]သည် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိအိမျိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၀၅၈၉)
အမှတ်(၄၂၆)၊ သန္တာ(၅)လမ်း၊ (စ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၉၁၂၄၂၊ ၀၉-၄၂၅၃၂၆၃၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

[illegible]

[illegible]

Era
[illegible]

[illegible]

"ဒေါ်ခင်လေးမြင့်(CH-001414)နှင့် အများသိစေရန် ကြေညာခြင်း"

ဒေါ်ခင်သန်းဝင်း၏ကိုယ်စားလှယ်စာရသူဖြစ်သော ဒေါ်ထူးထူးဆွေ[၁၄/ရကန(နိုင်)၀၂၃၃၈၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ဖိုးရာဇာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၄၂၉)ဟုခေါ်တွင်သော အလျား ၂၅ ပေ × အနံပေ၅၀ အကျယ်ရှိ ဒေါ်ခင်လေးမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်များအားလုံးကို ဒေါ်ခင်သန်းဝင်း [၁၂/စခန(နိုင်)၀၀၀၅၀၈]က အပြီးအပိုင် ဝယ်ယူလက်ရောက်ရယူခဲ့ပြီး ယခုအချိန်တွင် ရောင်းချသူမှဝယ်ယူသူအား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် မဖြစ်မနေ လိုအပ်သည့်အခြေအနေ ပေါ်ပေါက်နေပါသောကြောင့် ၁၄-၃-၂၀၁၄ ရက်စွဲပါ အကြောင်းကြားစာနှင့် ၃၁-၃-၂၀၁၄ ရက်စွဲပါ အကြောင်းကြားစာတို့ဖြင့် အကြိမ်ကြိမ်အကြောင်းကြားခဲ့ရာတွင် အကြောင်းကြားစာများကို လက်ခံခဲ့သော်လည်း တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်း မရှိပါသောကြောင့် အရောင်းအဝယ်ပြုလုပ်စဉ်က စာချုပ်အပိုဒ် ၄ တွင် ပါရှိသောကတိအတိုင်း ယခုဤသတင်းစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရန် လိုအပ်သော ဆောင်ရွက်မှုများကို စတင်ဆောင်ရွက်ပေးရန် အသိပေးကြေညာအပ်ပါသည်။ ဆောင်ရွက်ပေးခြင်းမရှိပါက တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ခင်လေးမြင့် သိစေအပ်ပါသည်။

ဒေါ်ခင်သန်းဝင်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်ထူးထူးဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)
ရုံး-တိုက်(၉/၁၁)၊ အခန်းအမှတ်(၀၀၅-ဘီ)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ H.P:၀၉-၅၀၃၉၃၀၆